မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**သီလ၊ သမာဓိဖြင့် တစ်ရက်မျှ**
**အသက်ရှည်ရခြင်းသည် မြတ်၏**

သီလမရှိ၊ သမာဓိမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် သီလရှိ၍ သမထဝိပဿနာကို ရှုမှတ်နေသောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည်မြတ်၏။

**သဟဿဝဂ်(ဓမ္မပဒ - ၁၁၀)**

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ စနေနေ့၊ အတွဲ (၅၅)၊ အမှတ် (၃၃၄)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံအား ဂုဏ်ပြုပါ၏။

**ကမ္ဘာ့စီးပွားရေးလုပ်ငန်းရှင်များအားကျရမည့် ငြိမ်းချမ်းရေးလက်တွဲဖော် စီးပွားရေးဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ**

စာ - ၁၂

## မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Pier Ferdinando Casini နှင့် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းမဏ္ဍပ်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။
**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာအမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Pier Ferdinando Casini အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်** (သတင်းစဉ်)



## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယနေ့ ဆက်လက်ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေး သဘာပတိများအဖြစ် နိုင်ငံရေးပါတီကိုယ်စားလှယ် ဦးသုဝေ၊ အစိုးရကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တပ်မတော်ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ် ဦးဘောင်ခေးနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုန်း ခါးနော်ဆမ်တို့က ဆောင်ရွက်ကြသည်။

သဘာပတိအဖွဲ့ဝင် နိုင်ငံရေးပါတီကိုယ်စားလှယ် ဦးသုဝေက မိမိတို့ကြမ္မာ မိမိတို့ကိုယ်တိုင်ဖန်တီးဆုံးဖြတ်ခွင့် အာဏာခွဲဝေပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ကြရန် မိမိတို့အားလုံးက မျှော်မှန်းသဘောတူညီကြပါကြောင်း၊ အဆိုပါ မျှော်မှန်းချက်ကို လျှောက်လှမ်းသည့်လမ်းကြောင်းတွင် ကွဲပြားမှုများရှိပါကြောင်း၊ ထိုသို့ဖြစ်ရသည်မှာလည်း မိမိတို့၏ ရပ်တည်ချက်နှင့် တွေးခေါ်မှု ခြားနားသည့်အတွက်ကြောင့် ဖြစ်ပါကြောင်း၊ မျှော်မှန်းချက်ပန်းတိုင်တူညီသည့်အတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ✻



မြန်မာ့အလင်း

# သားရွှေအိုးထမ်းလာသည်ကို မြင်လိုသော်

(၂၁) ရာစုပင်လုံညီလာခံကြီးကို ကျင်းပနေခြင်းမှာ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပုံဖော်ထူထောင်ရန်ဆိုသည်ကို တိုက်ရိုက်အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းဖြစ်ပါသည်။ သွယ်ဝိုက်အဓိပ္ပာယ်ဖြစ်သော်လည်း ပိုမိုကျယ်ပြန့်သည့်အဓိပ္ပာယ်မှာ ပြည်ထောင်စုနိုင်ငံတော်ကြီးကို အိမ်နီးချင်းနိုင်ငံတို့နှင့်တန်းတူရည်တူ ပခုံးချင်းယှဉ်နိုင်သည့် နိုင်ငံတော်အဆင့်သို့တက်လှမ်းနိုင်ရေး ဖြစ်ပါသည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်ကိုထူထောင်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အဆင့်သို့ တက်လှမ်းနိုင်မည်ကို မီးမောင်းထိုးတင်ပြလိုခြင်းဖြစ်ပါသည်။

တည်ငြိမ်မှုရှိမှ ဖွံ့ဖြိုးတိုးတက်မည်ဟူသော သဘောထားအမြင်ကို ဒီမိုကရေစီဆန့်ကျင်ရေးသမားတို့က ဆုပ်ကိုင်လေ့ရှိသော်လည်း ဤဒီမိုကရေစီဆန့်ကျင်ရေးသမားတို့က တည်ငြိမ်မှုကို ကွဲလွဲငြင်းခုံမှုမရှိ၊ တစ်သွေးတစ်သံဖြစ်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ ဤသို့သောတည်ငြိမ်မှုအောက်၌ မကျေလည်မှုများ၊ နစ်နာချက်များ၊ အလွဲလွဲအချော်ချော်ပြဿနာရပ်များ ငုပ်လျှိုးသွားပါသည်။ ငုပ်လျှိုးသွားသည်ဆိုသည်မှာ ကွယ်ပျောက်သွားခြင်းမဟုတ်ပါ။ အတွင်း၌အောင်းနေခြင်းသာဖြစ်ပါသည်။ ကိန်းအောင်းနေသောပဋိပက္ခတို့ ပွင့်အံပေါက်ကွဲသောအခါ ပျက်စီးခြင်းသို့ ဆိုက်ရောက်ကြရပါသည်။ ဤသို့သောပျက်စီးခြင်းကိုရှောင်လွှဲနိုင်ရန်အတွက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသားတိုင်းရင်းသားညီနောင်အားလုံးတို့၏ နှလုံးသား၌ တို့ပြည်ထောင်စုဟူသော အမြင်၊ အတွေး၊ အသိတို့ စွဲမြဲနေမှုက တစ်ဆင့်ပေါက်ပွားလာသော တည်ငြိမ်မှုသည် မည်သို့သော ကွဲလွဲငြင်းခုံမှုများရှိနေသည်ဖြစ်စေ ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်စွမ်းရှိပြီး အဆုံးတွင် မိသားစုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုသားအားလုံးလက်ခံနိုင်မည့် ဘုံရပ်တည်ချက်တစ်ရပ်ကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။ ဘုံရပ်တည်ချက်တစ်ရပ်အပေါ် စိတ်တူကိုယ်တူ ရပ်နေကြသည့်ပြည်ထောင်စုသားတို့အပေါ် မည်သို့သောပြည်ပအင်အားကြီးနိုင်ငံကမှ ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်စွမ်း မရှိသည်မှာ မြေကြီးလက်ခတ်မလွဲ သေချာသော သမိုင်းအမှန်တရားဖြစ်ပါသည်။ ဤသို့သော တည်ငြိမ်လုံခြုံမှုသည်သာ ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအရပ်ရပ်တို့ကို အဟန့်အတား၊ ပဋိပက္ခမရှိ ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။


(၂၁) ရာစုပင်လုံညီလာခံကြီး၌ ပြည်ထောင်စုသား တိုင်းရင်းသားညီနောင်တို့၏ ဆွေးနွေးမှုများသည် မတူကွဲလွဲချက်တို့ကို ပွင့်ပွင့်လင်းလင်း ထောက်ပြပြောဆိုခြင်းများ ဖြစ်သော်ငြားလည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ညှိနှိုင်းဆွေးနွေးသော နိုင်ငံရေးနည်းလမ်းဖြင့် အရတည်ဆောက်မည်ဟူသော နိုင်ငံရေးသန္နိဋ္ဌာန်ကိုမူ ရှင်းလင်းပြတ်သားစွာ မြင်တွေ့နေရပါသည်။ ဤသည်မှာ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအတွက် အားတက်ဖွယ်ရာ အခြင်းအရာဖြစ်ပါသည်။ အဆိုပါ အားတက်ဖွယ်ရာအခြင်းအရာအား ဆက်လက်ကိုင်စွဲ ထိန်းသိမ်းလျက် မိမိအယူအဆမှလွဲ၍ ကျန်အခြားသော အယူအဆတို့ကို မဆွေးနွေး မညှိနှိုင်းနိုင်ဟူသော ဂိုဏ်းဂဏစိတ်ဓာတ်တို့ကို ပါးလျှပ်သည်ထက် ပါးလျှပ်အောင် စွမ်းဆောင်နိုင်စွမ်းရှိပါက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို မလွဲမသွေ ထူထောင်နိုင်မည် ဖြစ်ပါသည်။ ဤသို့ထူထောင်နိုင်သည်နှင့်တစ်ပြိုင်တည်း သားရွှေအိုးထမ်းလာသည်ကို မြင်ရသကဲ့သို့ အိမ်နီးချင်းနိုင်ငံတို့နှင့် ပခုံးချင်းယှဉ်ရပ်တည်နိုင်သော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို ထုဆစ်နိုင်မည်ဖြစ်ပါသည်။ ။

## ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်သင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၂**

နေပြည်တော်ရဲတပ်ဖွဲ့က ရုံး/ ရဲစခန်းများတွင် တာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများအနေဖြင့် အမှုစုံစမ်းဖော်ထုတ်ဖမ်းဆီးရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်စဉ် သုံးစွဲကုန်ကျစရိတ်များ၊ တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးဆေးကုသစရိတ်များကို ဘဏ္ဍာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြတောင်းခံလုပ်ကိုင်ဆောင်ရွက်တတ်စေရန် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်ရက်တို သင်တန်းအမှတ်စဉ် (၁/၂၀၁၆) အား သင်တန်းသား ၅၁ ဦးဖြင့် ဩဂုတ် ၂၉ ရက်က စတင်ဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါ သင်တန်းအား စက်တင်ဘာ ၁ ရက်က နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပရာ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဦးစီးအရာရှိ (ပထမတန်း)၊ (ဦး၊ ရေး၊ ထောက်) အကူတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**




## နမ့်ဆန်မြို့၌ မဟာဗုဒ္ဓဝင်ပြခန်းလာရောက်ပြသ

**နမ့်ဆန် စက်တင်ဘာ ၂**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် မြို့မဂိုဏ်းချုပ်ကျောင်း၌ မဟာဗုဒ္ဓဝင်ပြခန်းကို ဩဂုတ် ၃၁ ရက်က စတင်ပြသလျက်ရှိသည်။

အဆိုပါပြခန်းကို ရန်ကုန်မြို့ သနန္တနဓမ္မပါလအဖွဲ့မှ လာရောက်၍ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၂ ရက်အထိ သုံးရက်တိုင်တိုင် ပြသမည်ဖြစ်ပြီး ဗုဒ္ဓမြတ်စွာဘုရား၏ဖွားမြင်တော်မူရာဒေသ၊ ပွင့်တော်မူရာဒေသနှင့် မြတ်စွာဘုရား တရားအားထုတ်ကျင့်ကြံခဲ့သည့် ဖြစ်စဉ်များကို ရုပ်ပုံများနှင့်တကွ အသေးစိတ်ပြသလျက်ရှိပြီး ဗုဒ္ဓဘာသာ ကိုးကွယ်သည့် မိဘပြည်သူများအနေဖြင့် ဗုဒ္ဓဘာသာအကြောင်းကို ထဲထဲဝင်ဝင်သိရှိကာ မိမိဘာသာကို အမြတ်တနိုး တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ လာရောက်ပြသခြင်းဖြစ်ကြောင်း၊ မဟာဗုဒ္ဓဝင်ပြခန်းကို တစ်နိုင်ငံလုံးရှိ မြို့များသို့ လှည့်လည်ကာ ပြသသွားမည်ဖြစ်ကြောင်း ပြခန်းတာဝန်ခံ ဦးခင်မောင်ထံမှ သိရသည်။ **(ခရိုင် ပြန်/ဆက် )**

## (၂၁) ရာစုပင်လုံထောက်ခံ ပန်းရဲ့လမ်းဂီတအဖွဲ့ဖျော်ဖြေ

**မလှိုင် စက်တင်ဘာ ၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံကို ထောက်ခံသောအားဖြင့် စက်တင်ဘာ ၁ ရက်က ပန်းရဲ့လမ်းဂီတအဖွဲ့မှ ဖျော်ဖြေရေးယာဉ်ဖြင့် မလှိုင်မြို့တွင်းသို့ လှည့်လည်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့ကို ပန်းရဲ့လမ်းတေးဂီတ အဖွဲ့တာဝန်ခံ ကိုသားထွေးကဦးဆောင်၍ မလှိုင်မြို့ ရွှေကျင်ဘုန်းတော်ကြီးသင်ကျောင်းမှ တိုင်းရင်းသားကလေးငယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့ မြို့မစည်ပင်သာယာဈေးအနောက်ဘက် ပွဲစားတန်းလမ်း မြို့သစ်လမ်းနှင့် ပွဲစားတန်းလမ်းဆုံ၊ ထန်းတောအုပ်စု၊ အုတ်ကျင်းကျေးရွာကားလမ်းဘေး၊ ပန်းအိုင်ကျေးရွာ၊ မြို့ပေါ် အမှတ် (၂) ရပ်ကွက်၊ အမှတ်(၃) ရပ်ကွက်နှင့် ပန်းလှိုင်ရွှေဝါခန်းမရှေ့တို့၌ သီဆိုလှည့်လည်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

ထင်သာမြင်သာပြုပြင်စရာ

# ဆီမီးခုံရှေးဟောင်းကျွန်းသစ်သားတံတားကြီးပြုပြင်ပေးစေလို

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာသည် ဧရာဝတီမြစ်၏အရှေ့ဘက်ကမ်းတွင်တည်ရှိ၍ မြစ်ရေဝင်ရောက်ချိန်တွင် ဒေသခံပြည်သူများသွားလာနိုင်ရန် အရှေ့ရွာနှင့်အနောက်ရွာ ဆက်သွယ်ပေးထားသော အရှည်ပေ ၇၀၀ ကျော် ကျွန်းသစ်သားတံတားဖြစ်သည်။

အဆိုပါ သစ်သားတံတား၏သက်တမ်းမှာ နှစ်ရာချီရှိပြီး ကျွန်းတိုင်လုံးများ၊ ကျွန်းသစ်သားများဖြင့် ဆောက်လုပ်ခဲ့ကြောင်း၊ ကျွန်းတိုင်များ ဆွေးမြည့်မှုမရှိစေရန် ကျွန်းတိုင်လုံးပေါ်တွင် ကျောက်ဦးထုပ်များ ဖုံးအုပ်ထားကြောင်း၊ တံတား၏ ကျွန်းတိုင်၊ ကြမ်းခင်း၊ ဘေးအကာ၊ နားခိုဆောင်ဇရပ်များ ပျက်စီးလျက်ရှိသော်လည်း ပြုပြင်ရန် ငွေအခက်အခဲရှိနေကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ယင်းတံတားကြီးကို ရှေးမူမပျက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်စေရေး၊ ပြည်သူများ ရာသီမရွေးဖြတ်သန်းသွားလာနိုင်စေရေးတို့အတွက် ချွတ်ယွင်းပျက်စီးလျက်ရှိသော ကျွန်းတိုင်များ၊ သစ်သားကြမ်းခင်းများကို သက်ဆိုင်ရာမှ ပြုပြင်ပေးရန် ဒေသခံပြည်သူများက မျှော်လင့်နေကြကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/ ၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၅.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈.၃၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၉၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၀၂ |
| တရုတ် | တစ်ယွမ် | ၁၈၁.၁၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၁.၁၆ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*✻ ရှေ့စာမှ*

ယခုလမ်းကြောင်းကို စိတ်ရှည်သည်းခံ၍ နားလည်မှုရှိရှိ ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းလုပ်ဆောင်ကြမည်**

ပြည်သူများနှင့် ညီလာခံသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့နိုင်ငံကို သုခဘုံတည်ဆောက်နိုင်ရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည် ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်အောင် အားလုံးက ဝိုင်းဝန်းလုပ်ဆောင်ကြမည်ကို ယုံမှားသံသယမရှိပါကြောင်း ပြောကြားသည်။



ဗိုလ်မှူးကြီး မင်းဦး
တပ်မတော်ကိုယ်စားလှယ်



ဦးထွန်းနိုင် ( ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ)



ခူဦးရယ် (ကရင်နီအမျိုးသား တိုးတက်ရေးပါတီ(KNPP))



ဗိုလ်မှူးကြီး ဇော်ဝင်းမြင့်
တပ်မတော်ကိုယ်စားလှယ်



ဦးလနန်ဘောက် (တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ)



စဝ်ခွန်ဆိုင်း
(ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP))

တတိယနေ့နံနက်ပိုင်း အစည်းအဝေးတွင် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက သဘောထားအမြင်များကို တင်ပြကြသည်။

တပ်မတော်မှ ဗိုလ်မှူးကြီး မင်းဦးက မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံအနေဖြင့် သွေးစည်းညီညွတ်မှုကို ဦးစားပေးတည်ဆောက်နိုင်ပါမှ ကမ္ဘာ့အလယ်တွင် ဂုဏ်ရှိစွာဖြင့် အဓွန့်ရှည်ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်သူအစိုးရအတွက် လုပ်ပိုင်ခွင့် အာဏာရှိမှသာ လူအများကို ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ အခြားအဖွဲ့အစည်းများ၏ ဩဇာအာဏာ သက်ရောက်မှုမှ လွတ်ကင်း၍ အချုပ်အခြာအာဏာ တည်တံ့နိုင်မည်ဖြစ်ပါကြောင်း။

**ပြည်ထောင်စုတပ်မတော်**

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း တပ်မတော်တစ်ရပ်သာရှိပါကြောင်း၊ မိမိတို့တပ်မတော်သည် ပြည်သူထဲမှ ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံပါဝင်သော တစ်ခုတည်းသော ပြည်ထောင်စုတပ်မတော်ဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားခြင်းဖြစ်၍ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်မည့် မည်သည့်တိုင်းရင်းသားမဆို စစ်မှုထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ တစ်ဦးချင်း ဆန္ဒအရ ပါဝင်ဆောင်ရွက်ခြင်းကို အမြဲကြိုဆိုလျက်ရှိပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်သစ်ပါတီ(NMSP)မှ နိုင်ဟံသာက ဖက်ဒရယ်ပြည်ထောင်စု၏ အမည်ကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်ဆိုရာတွင် မြန်မာနိုင်ငံ၊ ဗမာနိုင်ငံ၊ အင်္ဂလိပ်ဘာသာစကားဖြင့် ဘားမား (သို့မဟုတ်) မြန်မာဟူ၍ ခေါ်ဆိုခြင်းသည် ပြည်ထောင်စုနိုင်ငံအတွင်းနေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားလူမျိုးများအနက် လူမျိုးတစ်မျိုးဖြစ်သည့် ဗမာအမျိုးသားများကိုသာ ရည်ညွှန်းနေပါကြောင်း၊ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ တန်းတူညီမျှမှုကို ဖော်ဆောင်နိုင်ရန် တိုင်းရင်းသားလူမျိုးများအား ကိုယ်စားပြုနိုင်မည့် အမည်နာမ အသစ်တစ်ခုကို ဆွေးနွေးသတ်မှတ်သင့်ပါကြောင်း။

**ဥပဒေပြုအာဏာ ညီတူညီမျှ**

ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုလွှတ်တော်ကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဟူသည့် လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့သည် ဥပဒေပြုအာဏာ ညီတူညီမျှရှိရမည်ဖြစ်ပါကြောင်း၊ အဆိုပြုလာသော ဥပဒေတစ်ရပ်ရပ်ကို လွှတ်တော်တစ်ရပ်စီမှ လွတ်လပ်စွာ သီးခြားမဲပေးဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ ကျင်းပရမည်ဖြစ်ပါကြောင်း၊ မဲပေးဆုံးဖြတ်ရန်လိုအပ်ပါက အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ထက်ဝက်ကျော်ဆန္ဒမဲရှိရမည်ဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့သည် ဥပဒေပြုရေးတွင် အထောက်အကူပြုမည့် လိုအပ်သောကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များအတွင်းမှ ဖွဲ့စည်းပြီး လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်တစ်ရပ်ရပ်က အတည်ပြုပြီးသော ဥပဒေကြမ်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို အခြားလွှတ်တော်မှ အတည်ပြုနိုင်ခြင်းမရှိပါက လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များဖြင့် ပူးတွဲညှိနှိုင်းရေးဆွဲရေးကော်မတီကို ဖွဲ့စည်းညှိနှိုင်းအဖြေရှာရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**အားလုံးပါဝင်နိုင်ရေးမူ**

ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးထွန်းနိုင်က ကိုးကန့်ဒေသ စစ်ဘေးစစ်ဒဏ်များ၏ အကျိုးဆက်ကို ယနေ့ထိ ခံစားနေရပါကြောင်း၊ ရေငတ်နေသူကဲ့သို့ ကိုးကန့်တိုင်းရင်းသားများသည် ငြိမ်းချမ်းရေးကို အထူးလိုလားလျက်ရှိနေကြပါကြောင်း၊ တောင်ပေါ်ဒေသနေ တိုင်းရင်းသားများ၏ အကျိုးစီးပွားအပြင် မြေပြန့်ဒေသနေ ဗမာတိုင်းရင်းသား ညီအစ်ကိုများ၏ အကျိုးများကို အလေးထား ဆောင်ရွက်ပေးရန် အကြံပြုလိုပါကြောင်း၊ ဥပမာအားဖြင့် အခြေခံလူတန်းစားများ၏ အကျိုးကို လျစ်လျူရှုမိသဖြင့် ၈၈ အရေးအခင်းမျိုး ထပ်မံဖြစ်ပွားပါက လက်ရှိဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်လာနိုင်ပါကြောင်း၊ ထို့ပြင် လက်ရှိဖော်ဆောင်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ ရည်ရွယ်ချက်တွင် အားလုံးပါဝင်နိုင်ရေးမူအရ နောင်ကျင်းပမည့် အစည်းအဝေးတွင် ကျန်အဖွဲ့သုံးဖွဲ့ဖြစ်သည့် ရခိုင်၊ တအာင်း၊ ကိုးကန့်တို့ ပါဝင်လာစေရေးအတွက် ဆန္ဒပြုလိုပါကြောင်း ဆွေးနွေးသည်။

တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီးဇော်ဦးက ငြိမ်းချမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးအာမခံချက်များနှင့် ကြိုတင်သတ်မှတ်ချက်များကို အလွန်အကျွံတောင်းဆိုနေခြင်း၊ တရားမဝင်ရယူထားသည့် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ စီးပွားရေးအခွင့်အလမ်းများကို တရားဝင်အသိအမှတ်ပြုရန် တောင်းဆိုနေခြင်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အဓိကနှောင့်နှေးကြန့်ကြာမှုတစ်ခု ဖြစ်ပါကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများအနေဖြင့် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ လမ်းဖွင့်ပေးထားသည့် နိုင်ငံရေးလမ်းကြောင်းနှင့် ပြည်သူလူထုက ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း မှန်ကန်စွာလျှောက်လှမ်းသွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**တန်းတူရည်တူအခွင့်အရေး**

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)မှ ခူဦးရယ်က မတူကွဲပြားသော တိုင်းရင်းသားမျိုးစုံနေထိုင်ကြသည့် မြို့နယ်များတွင် ဝိုင်းကြီးချုပ်စနစ်ကို ကျင့်သုံးသင့်ပါကြောင်း၊ ပြည်နယ်များသည် တစ်ခုနှင့်တစ်ခု တန်းတူရည်တူ အခွင့်အရေးရရှိမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ကြံ့ခိုင်စွာ လည်ပတ်နိုင်ရေးအတွက် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း အာဏာရှင်စနစ် မပေါ်ထွန်းလာစေရန် အခွင့်အာဏာကို အလွဲသုံးစားမှုမပြုလုပ်စေရန်အတွက် စောင့်ကြည့်ထောက်ပြဝေဖန်သော လူထု၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်း၊ အရေးကြီးသည် ဟု ပြည်နယ်လွှတ်တော်က ဆုံးဖြတ်သည့် ကိစ္စရပ်များတွင် ပြည်သူ့ဆန္ဒခံယူပွဲများဖြင့် တိုက်ရိုက် ဒီမိုကရေစီကို ကျင့်သုံးခြင်း၊ ပြည်ထောင်စုအာဏာကို နိုင်ငံခြားရေး၊ ငွေစက္ကူထုတ်လုပ်ရေး၊ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး၊ နိုင်ငံတော်ကာကွယ်ရေး၊ ပြည်ထောင်စုတရားရေးကဏ္ဍ၊ လူမှုဖူလုံရေး၊ စက်မှုလက်မှုလုပ်ငန်းစသည်တို့တွင် ထားရှိရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တိုင်းလိုင်(ရှမ်းနီ) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ စိုင်းဌေးအောင်က သမိုင်းအစဉ်အဆက်က ခေါမဦးချ နေထိုင်လာခဲ့ကြသည့် ရှမ်းနီလူမျိုးများသည် မိမိကြမ္မာ မိမိဖန်တီးရန်အတွက် ၁၉၇၂ ခုနှစ်တွင် မြေလတ် ရှမ်းပြည်နယ် (ခေါ်) ရှမ်းနီပြည်နယ်ရရှိရန်တောင်းဆိုခဲ့ပါကြောင်း၊ ယခုလည်း ရှမ်းနီလူမျိုးများ နေထိုင်ရာဒေသများဖြစ်သည့် မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ ခန္တီး၊ တမူး၊ ကလေး၊ မော်လိုက်၊ ကသာစသည့် ခရိုင်များကို စုပေါင်းပြီး ရှမ်းနီပြည်နယ် သတ်မှတ်ပေးရန် တင်ပြလိုပါကြောင်း၊ မိမိတို့ ရှမ်းနီပါတီအနေဖြင့် ငြိမ်းချမ်းရေး၊ တန်းတူရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်နိုင်ငံလုံးအနေဖြင့် တန်းတူညီတူရရှိခံစားစေလိုပါကြောင်း၊ ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြသည့် နိုင်ငံများကို လေ့လာသည့်အခါတွင် နိုင်ငံသားများ၊ လူမျိုးစုများကို ဥပဒေဖြင့် အကာအကွယ်ပေးထားသည့်အပြင် ပြည်နယ် ရသင့်ရထိုက်သော လူမျိုးစုများအတွက် ပြည်နယ်သစ်များမူဘောင် ထည့်သွင်း ပြဋ္ဌာန်းထားကြသည်ကို တွေ့ရှိရပါကြောင်း။

**တရားဝင်သတ်မှတ်ပေးရန်**

ထို့ကြောင့် တိုင်းလိုင်ပါတီအနေဖြင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ပြန်လည်ရေးဆွဲခြင်း၊ ပြည်နယ်သစ်များမူဘောင်ကို ထည့်သွင်း ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် လူမျိုး ၁၃၅ မျိုးကို ပြန်လည်သုံးသပ်ပြီး မိမိတို့ရှမ်းနီလူမျိုးအမည်ကို နိုင်ငံတော်က တရားဝင်သတ်မှတ်ပေးရန် တောင်းဆိုတိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

တပ်မတော်မှ ဗိုလ်မှူးကြီး ဇော်ဝင်းမြင့် က DDR/SSR လုပ်ငန်းစဉ်ကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေးညီလာခံများကို သုံးနှစ်မှ ငါးနှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် NCA စာချုပ်ပါ အချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀ အရ နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသည် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှမည်သည့်အခါမှ ခွဲမထွက်ရဆိုသည့်အချက်ကို တိကျစွာလိုက်နာရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆောင်ရွက်ရာတွင် တပ်မတော်ကို မဏ္ဍိုင်ပြုပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ထပ်တူ ဥပဒေပြုပိုင်ခွင့်**

ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့(KIO)မှ ဦးဆင်ဝါးက ပြည်ထောင်စုနှင့် ပြည်နယ်များတွင် အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီးတို့သည် မိမိတို့လွှတ်တော်တစ်ခုချင်းစီအလိုက် ဥပဒေပြုပိုင်ခွင့်အာဏာရှိစေရမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွင်း ရောင်းဝယ်ခွန်၊ စီးပွားရေးလုပ်ငန်းခွန်၊ အမြတ်ခွန်၊ ယစ်မျိုးခွန်အပါအဝင် အကောက်အခွန်ဆိုင်ရာကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ၊ ဖွားသေစာရင်း မှတ်ပုံတင်ခြင်း၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်ခုအတွင်း၌ ကျရောက်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု၏ စွမ်းအင်စီမံကိန်းလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်ခုအတွင်း မြေပေါ်မြေအောက်သယံဇာတ တူးဖော်ထုတ်လုပ်ရောင်းချခြင်း၊ နိုင်ငံခြားအစိုးရများနှင့် ကုမ္ပဏီများမှ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ဒေသဆိုင်ရာ ရေဒီယိုနှင့် ရုပ်မြင်သံကြားလုပ်ငန်းများ၊ ဘဏ်နှင့် အာမခံလုပ်ငန်းများ၊ နေအိမ်၊ ဥပစာ၊ မြေယာ၊ ဖွားသေစာရင်းမှတ်ပုံတင်ခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်နယ်မှ တစ်နယ်သို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော မြစ်များနှင့် ကမ်းရိုးတန်းဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များ၊ မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံ၊ ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်၊ ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံးဥပဒေများ၊ ပြည်ထောင်စုပြည်သူ့ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းများ၊ အလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ကုန်သွယ်ရေး၊ လူဝင်မှုကြီးကြပ်ရေး၊ ထပ်တူဥပဒေပြုအာဏာများတွင် ပြည်နယ်မှ လုပ်ဆောင်နိုင်သည့်အချိန်တွင် ပြည်နယ်များမှ ပြန်လည်ရယူပိုင်ခွင့် ရှိရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးလနန်ဘောက်က တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီအနေဖြင့် တိုင်းရင်းသားလူမျိုးများနှင့်စပ်လျဉ်းပြီး ခံယူချက် သဘောထား(၄)ရပ် ချမှတ်ကာ လက်တွေ့ကျင့်သုံးလျက်ရှိပါကြောင်း၊ ၎င်းတို့မှာ တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး၊ ဒီမိုကရေစီရေး၊ လူမှုစီးပွားဖွံ့ဖြိုးရေးနှင့်အတူ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာများ ထိန်းသိမ်းထွန်းကားရေးတို့အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး၊ လူဦးရေအနည်းအများ၊ နယ်မြေအကျယ်အဝန်း မည်သည့်အကြောင်းနှင့်မျှ ကွဲပြားခြားနားမှု မရှိဘဲ လူမျိုးစုများအား လူမျိုး တစ်မျိုးအနေဖြင့် ရှင်သန်ရပ်တည်ပိုင်ခွင့်ရှိရေးနှင့် တိုင်းရင်းသားလူမျိုးများအတွင်း ညီညာသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးတို့ဖြစ်ပါကြောင်း၊ မူသဘောထားလေးရပ်သည် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်ပြီး အဆိုပါအချက်များပါဝင်အောင် ညှိနှိုင်းရေးဆွဲကြမည်ဟု ယုံကြည်ပါကြောင်း၊ ယခု အခြေခံမူသဘောထားများသည် တိုင်းရင်းသားများမျှော်မှန်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အခြေခံသော ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက်တင်ပြခဲ့သည့် သဘောထားများနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ပါဝင်သင့်ပါဝင်ထိုက်သူများမှ ဦးမင်းဇင်က နိုင်ငံရေးအရ ပြောရလျှင် ပြည်ထောင်စုကိုမည်သည့်မျှော်မှန်းချက်အမြင် (Vision) မျိုးနှင့် တည်ဆောက်မည်ဆိုသည်ကို ဆွေးနွေးမှုစတင်ကြရမည်ဖြစ်ပါကြောင်း၊ ဘုံသဘောတူညီနိုင်သည့် ကိစ္စအနေဖြင့် ယခုညီလာခံသည် ပဋိပက္ခဖြေရှင်းရင်းနှင့် ပြည်ထောင်စုသစ်ကို ပဋိညာဉ်တစ်ရပ် ရေးဆွဲပြီး တည်ဆောက်ရန်အတွက် ဆွေးနွေးညှိနှိုင်းရေးလမ်းကြောင်းပေါ်မှ ညီလာခံဖြစ်ပါကြောင်း၊ ပဋိညာဉ်ကို လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးတို့အပေါ် အခြေခံရေးဆွဲရန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဆိုင်ရာ မျှော်မှန်းချက်အမြင်သည် ရည်မှန်းချက်နှစ်ရပ်ကို ဖြည့်ဆည်းရမည် ဖြစ်ပါကြောင်း၊ တစ်ခုမှာ နိုင်ငံတော်တည်ဆောက်ရေးဖြစ်ပြီး နောက်တစ်ခုမှာ ပြည်ထောင်စု လက္ခဏာ တည်ဆောက်ခြင်း ဖြစ်ပါကြောင်း။

**အလေးအမြတ်ပြုရမည်**

ပါဝင်သင့် ပါဝင်ထိုက်သူများအနေဖြင့် လက်ရှိအခြေအနေတွင် အယူအဆတစ်ခုခု ထောက်ခံတင်ပြခြင်းထက် အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားခေါင်းဆောင်အသီးသီးနှင့် ၎င်းတို့၏ သက်ဆိုင်ရာပြည်သူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ဆွေးနွေးညှိနှိုင်း အလျှော့အတင်းလုပ်သည်ကို အလေးအမြတ်ပြုရမည်ဖြစ်ပါကြောင်း၊ ထိုဆွေးနွေးချက်များ၏ ဖြစ်နိုင်ခြေရှိသည့် အကျိုးအပြစ်များကို လူမှုရေးသိပ္ပံ၏ ရှာဖွေတွေ့ရှိချက်များ၊ နိုင်ငံတကာအတွေ့အကြုံသင်ခန်းစာများ၊ ပြည်တွင်းသမိုင်းနောက်ခံ၊ နိုင်ငံရေးဓလေ့၊ နိုင်ငံရေးအာဏာချိန်ခွင်လျှာမညီသည့် ပကတိ

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၃ မှ*

အရှိတရား၊ ပထဝီနိုင်ငံရေး စသည်တို့အပေါ်မူတည်ပြီး တင်ပြသွားရန်နှင့် အကြံပြုပေးခြင်းကို လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ရုပ်လုံးဖော်ပေးကြမည်**

ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)မှ စဝ်ခွန်ဆိုင်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် ၁၉၄၇ခုနှစ် ပင်လုံကဲ့သို့ တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်မှုကို ထပ်တူပြန်လည်ဖော်ဆောင်နိုင်မည်ဟု အလေးအနက် မျှော်လင့်ပါကြောင်း၊ ပြည်ထောင်စုဆိုပါက ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပြောကြားခဲ့သည့် လွတ်လပ်သည့် ပြည်ထောင်များ စုပေါင်းထားခြင်းကိုဆိုလိုပါကြောင်း၊ ပြည်နယ်အချင်းချင်း တန်းတူအခွင့်အရေးရရှိရမည်ဖြစ်ပါကြောင်း၊ တန်းတူရေးအတွက် အလိုအပ်ဆုံး ပြင်ဆင်ရမည့် ဗမာပြည်နယ်တစ်ခုအဖြစ် ပြန်လည်ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ တန်းတူသည့်ပြည်နယ်များ စုပေါင်းမှသာ ပြည်ထောင်စုစစ်မှန်မည်ဖြစ်ပါကြောင်း၊ ဗမာများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ဥပဒေပညာရှင်များ၊ မျိုးဆက်သစ်လူငယ်များ၊ အမျိုးသမီးများနှင့် အခန်းကဏ္ဍအသီးသီးမှ ပြည်သူများက ရုပ်လုံးဖော်ပေးကြမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

**မှောင်ခိုလုပ်ငန်း ထွန်းကား**

ဒီမိုကရက်တစ်ပါတီမှ ဒေါ်ချိုချိုကျော်ငြိမ်းက ငြိမ်းချမ်းရေးပျောက်ကွယ်ပါက နိုင်ငံ၏ စီးပွားရေးသည်လည်း ချွတ်ခြုံကျသွားမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုများ သယ်ယူပို့ဆောင်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းဝယ်မှုတို့ကို ပုံမှန်အတိုင်း မလုပ်နိုင်ပါကြောင်း၊ တိုင်းပြည်၏ သယံဇာတပစ္စည်းများ တိုင်းပြည်အတွက် အသုံးမပြုနိုင်ဘဲ မှောင်ခိုလုပ်ငန်း ထွန်းကားလာပါကြောင်း၊ ပြည်သူများ အဆင်မပြေဒုက္ခရောက်ကြရပါကြောင်း၊ မည်သူမျှ တိုင်းပြည်ကို အားမကိုးပါကြောင်း၊ တိုင်းပြည်တွင် မှုခင်းများ ပေါ်များလာပါကြောင်း၊ လူများ၏ စာရိတ္တချို့ယွင်းလာပါကြောင်း၊ မည်မျှအထိ ချို့ယွင်းပြီး အခြေအနေဆိုးသွားသလဲဆိုလျှင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင့် ဖွံ့ဖြိုးမှုအနည်းဆုံးစာရင်းဝင်နိုင်ငံ ဖြစ်သွားပါကြောင်း၊ ယခု ငြိမ်းချမ်းရေးကို အဖြေရှာသည့်နေရာတွင် အကြောင်းအချက်များကို ဖြေရှင်းရမည်ဖြစ်ပြီး စီးပွားရေးတိုးတက်အောင် လုပ်ခြင်းသည်လည်း အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်ဟု မိမိ ထင်မြင်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကို အဖြေရှာရန်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအာရုံစိုက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ဘိုးဘွားပိုင်မြေယာ**

တိုင်းရင်းသားကိုယ်စားလှယ် မာတီးယာက ငြိမ်းချမ်းရေးလုပ်ငန်းဖော်ဆောင်နေစဉ်ကာလ တိုင်းရင်းသားလူမျိုးစုငယ်များ နေထိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်တွင် ဆောင်ရွက်လိုသည့် အကြံပြုချက်များကို တင်ပြလိုပါကြောင်း၊ ယင်းတို့မှာ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ပေးခြင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု လွတ်လပ်ခွင့်ကို မြှင့်တင်ခွင့်နှင့် အထောက်အပံ့ရယူခွင့် ဖန်တီးပေးခြင်း၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု (အရည်အသွေးပြည့်မီသော အဆောက်အအုံ၊ ဆေးဝါးများနှင့် ဆေးကိရိယာများ၊ ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာရရှိရေး ဆောင်



**မာတီးယာ**
**(တိုင်းရင်းသားကိုယ်စားလှယ်)**



**နန့်ခင်အေးဦး**
**(ကရင်ပြည်သူ့ပါတီ)**

ရွက်ပေးခြင်း)၊ တိုင်းရင်းသားလူမျိုးစုငယ်များ ယဉ်ကျေးမှုအနုပညာနှင့် လက်မှုပညာများဖော်ထုတ်မြှင့်တင်ပေးရန်၊ ရိုးရာဓလေ့အရ ဘိုးဘွားပိုင်မြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုပေးခြင်း၊ မူးယစ်ဆေးဝါးစွဲလမ်းသူများ ပြန်လည်ထူထောင်ရေး (ဆေးစွဲသူများပြုပြင်ပြောင်းလဲပေးသည့်ကျောင်း သို့မဟုတ် ဌာနထားရှိပေးရန်)၊ အမျိုးသမီး၊ ကလေးငယ်များအပေါ်ဖိနှိပ်မှု၊ အကြမ်းဖက်မှုနှင့် အခွင့်အရေးချိုးဖောက်မှုများအား ထိရောက်စွာ အပြစ်ပေးအရေးယူရန်၊ ဌာနေတိုင်းရင်းသားကို ဦးစားပေးသည့် အလုပ်အကိုင်အခွင့်အလမ်းစနစ်တစ်ခု ဖန်တီးပေးရန်၊ စနစ်ကျသော အရေးပေါ်ကယ်ဆယ်ရေးအစုအဖွဲ့ စုဖွဲ့ထားရှိရန်တို့ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**လိုလားသောဆန္ဒ**

ရခိုင်အမျိုးသားကောင်စီ(ANC)မှ ဦးထွန်းဇော်က လွတ်လပ်ရေးနှင့် တိုင်းရင်းသားတို့ တန်းတူအခွင့်အရေး၊ လွတ်လပ်ခွင့်တို့သည် ပြင်းထန်လာပြီး ပြည်တွင်းစစ်မီး တောက်လောင်ခဲ့ရပါကြောင်း၊ ပြည်တွင်းစစ်နှင့်အတူ တပ်သည်သြဇာကြီးမားလာပြီး စစ်တပ်က စစ်အာဏာရှင်စနစ် တည်ဆောက်ရန် ကြိုးပမ်းလာခဲ့ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများသည် မိမိတို့လိုလားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်ဖန်တီးခွင့် တန်းတူရေး၊ ဒီမိုကရေစီအရေးတို့ကို အခြေခံသော ဖက်ဒရယ်စနစ်ရရှိရန် လက်နက်စွဲကိုင်တော်လှန်ခဲ့ကြပါကြောင်း၊ အာဏာရှင်ခေတ် အဆက်ဆက်အစိုးရတို့သည် တိုင်းရင်းသားတို့လိုလားသော ဆန္ဒကို ဖြိုဖျက်ရန် ကြိုးစားပြီး နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် မလုပ်ဆောင်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများသည် မိမိတို့မွေးရာပါအခွင့်အရေး ရရှိရန်အတွက် လက်နက်ကိုင်တိုက်ပွဲဝင်နေရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

**အထောက်အကူပြု**

ကရင်ပြည်သူ့ပါတီမှ နန့်ခင်အေးဦးက လက်ရှိမြန်မာနိုင်ငံတွင် တိုင်းရင်းသားများ၏ ပြဿနာများကို နိုင်ငံရေးအရ မဖြေရှင်းနိုင်ခဲ့ပါကြောင်း၊ တိုင်းရင်းသားများ၏ အကြောင်းအချက်များသည်လည်း မပါမဖြစ်လိုအပ်သည်ဟု မိမိထင်ပါကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းရင်းသားများ၏ အခြေအနေ ဆိုးရွားခဲ့ပါကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အတွင်းရှိ လူမျိုးစုများက ရွေးချယ်သည့် ပြည်နယ်အစိုးရအဖွဲ့ကို ဥပဒေပြုရေးအာဏာ၊ တရားဥပဒေစိုးမိုးရေးအာဏာ၊ ပြည်နယ်ဥပဒေထုတ်ပြန်ရေးအာဏာများကို ခွဲဝေပေးသင့်ပါကြောင်း၊ ထို့ပြင် ပြည်နယ်အတွင်း သယံဇာတတူးဖော်မှုရရှိသည့် အကျိုးအမြတ်များကို ခွဲဝေပေးသင့်ပါကြောင်း၊ လယ်ယာကိုင်းကျွန်းလုပ်ငန်းကို အဓိကထား လုပ်ဆောင်သည့် ပြည်နယ်တစ်ခုအဖြစ် မိမိတို့ အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးမှ တိုင်းပြည်ဖွံ့ဖြိုးလာမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှုကြောင့် ငြိမ်းချမ်းရေးကိုလည်း အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် နံနက်ပိုင်း အစည်းအဝေး အစီအစဉ်များကို ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးညီလာခံတွင် မီဒီယာများသတင်းရယူမှုအဆင်ပြေသော်လည်း နေရာကန့်သတ်မှုရှိ

နေပြည်တော် စက်တင်ဘာ ၂

**နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပလျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာသမားများ သတင်းရယူရာတွင် မီဒီယာစင်တာ၌ အဆင်ပြေမှုများရှိသော်လည်း တချို့နေရာများတွင် အခက်အခဲများ ကြုံတွေ့နေရသည်။**



အဆိုပါ ငြိမ်းချမ်းရေးညီလာခံအတွင်း ထားရှိသည့် သတင်းမီဒီယာစင်တာတွင် သတင်းရယူနေသည့် ဘီဘီစီ သတင်းဌာနမှသတင်းထောက် ကိုနေလင်းက "ငြိမ်းချမ်းရေးညီလာခံမှာ မီဒီယာကဏ္ဍအတွက် လုပ်ပေးထားတဲ့ မီဒီယာစင်တာကတော့ အဆင်ပြေပါတယ်။ စားပွဲတိုင်းမှာလည်း ကွန်ပျူတာတစ်လုံးစီထားပေးထားတယ်။ MPT ကနေ WiFi လွှင့်ပေးထားတဲ့အတွက် အင်တာနက်ကော်နက်ရှင်ကောင်းတော့ သတင်းတွေကို တိုက်ရိုက်လွှင့်တဲ့နေရာမှာရော လူမှုကွန်ရက် ဖေ့စ်ဘုတ်သုံးတဲ့နေရာမှာပါ အားလုံးအဆင်ပြေပါတယ်" ဟု ပြောသည်။

ငြိမ်းချမ်းရေးညီလာခံ၌ မီဒီယာများ သတင်းယူရသည့်အခါ သတင်းတက်ရောက်ယူသည့် လူဦးရေက တစ်တိုက်လျှင် ၁၀ ဦးကျော်အထိ လာရောက်သည့်အတွက် အဆင်မပြေမှုအနည်းငယ်ကြုံတွေ့ရကြောင်း၊ သတင်းယူရသည့်နေရာများတွင် လူဦးရေများနေပြီး သတင်းယူရမည့်နေရာ ကျဉ်းနေသည့်အတွက် အခက်အခဲများ ကြုံတွေ့ရကြောင်း၊ အဆိုပါ အခက်အခဲများကို သက်ဆိုင်ရာတာဝန်ရှိသူများက ထိန်းသိမ်းပေးသင့်ကြောင်း၊ နောက်ပြုလုပ်မည့် အခမ်းအနားများတွင် သတင်းမီဒီယာများကို လူဦးရေကန့်သတ်ပြီး လိုအပ်သလောက်ပဲထားသင့်ကြောင်း ကိုနေလင်းက ပြောသည်။

သတင်းမီဒီယာများ အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ပထမနေ့တွင် သတင်းရယူမှုများ အဆင်ပြေမှုရှိသော်လည်း အင်တာနက်လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြလာသည့် သတင်းဓာတ်ပုံတချို့ကြောင့် ညီလာခံနောက်ပိုင်းရက်များတွင် သတင်းရယူမှုနေရာကို သက်ဆိုင်ရာက ကန့်သတ်လိုက်သည့်အတွက် သတင်းယူမှုခက်ခဲလာကြောင်း သိရသည်။

နေရာကန့်သတ်မှုများနှင့် ပတ်သက်ပြီး ဖီးနစ်တီဗွီမှ ရုပ်/သံ သတင်းထောက် ကိုအောင်လင်းက "သတင်းရယူတဲ့နေရာမှာ တော်တော်လေး အဆင်ပြေပေမယ့် လိုအပ်ချက်တွေရှိနေတာလည်း တွေ့ရပါတယ်။ Register လုပ်တဲ့အပိုင်းမှာ အခက်အခဲလေးတွေ တွေ့ရတယ်။ ညီလာခံဖွင့်ပွဲရက်မှာ ကျွန်တော်တို့ ကောင်းကောင်းမွန်မွန်ပဲ လိုချင်တဲ့နေရာကနေ ရိုက်လို့ရတယ်။ အားလုံးအဆင်ပြေခဲ့တယ်။ မနေ့ကစပြီး အင်တာနက်စာမျက်နှာဖေ့စ်ဘုတ်တွေမှာ ဓာတ်ပုံလေးတွေ တက်လာတယ်။ တက်ရောက်တဲ့ ကိုယ်စားလှယ်တွေနားနေတဲ့ အချိန်မျိုးမှာ ရိုက်ထားတဲ့ပုံတွေ တက်လာတဲ့အတွက်ကြောင့် အခုချိန်ကစပြီး မီဒီယာရိုက်ကူးခွင့် နေရာတွေကို သက်ဆိုင်ရာက ကန့်သတ်လိုက်တယ်။ ကိုယ်စားလှယ်တွေရဲ့ သဘောထားအမြင်တွေ တင်ပြတဲ့အပိုင်းတွေမှာ အခန်းထဲအထိ ဝင်ရောက်ရိုက်ကူးခွင့်မရှိတော့ဘူး။ ဒီလို ရိုက်ခွင့်မပြုတော့တာ ကျွန်တော်တို့အတွက် နစ်နာမှုတစ်ခုပါ။ ကျန်တာကတော့ အားလုံးအဆင်ပြေပါတယ်။ ကျွန်တော်တို့က ရုပ်/သံမီဒီယာဖြစ်တဲ့အတွက် အခမ်းအနားမှာ တိုက်ရိုက်ထုတ်လွှင့် ရိုက်ကူးဖို့အခွင့်အလမ်းနည်းသွားတယ်"ဟု ပြောသည်။

နိုင်ငံတကာနှင့် မြန်မာနိုင်ငံတို့တွင် လက်ရှိသတင်းရယူနေကြသည့်

**သတင်း - တင်မောင်လွင်၊ သိမ့်သိမ့်မိုး (မြန်မာ့အလင်း)၊ ဓာတ်ပုံ - မောင်မွှေး**

သတင်းမီဒီယာအခြေအနေများနှင့်ပတ်သက်ပြီး သတင်းစာဆရာ ဦးမျိုးသာထက်က "အင်ဒိုနီးရှားနိုင်ငံ ဘာလီမှာကျင်းပတဲ့ အာဆီယံထိပ်သီးအစည်းအဝေးပွဲမှာ သတင်းယူဖူးပါတယ်။ ကုလသမဂ္ဂ အထွေထွေညီလာခံသတင်းကို အမေရိကန် ပြည်ထောင်စုနယူးယောက်မှာ ယူဖူးပါတယ်။ ဒီမှာလိုမျိုး မီဒီယာစင်တာတွေ ထားပါတယ်။ မီဒီယာစင်တာက ထားဖို့လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဒီဘက်ခေတ်မှာ အိုင်တီနည်းပညာကို သုံးပြီး အချိန်နဲ့အမျှ သတင်းတွေကို ထုတ်လွှင့်တင်ဆက်နေတာဖြစ်တဲ့အတွက် ဖေ့စ်ဘုတ်တို့၊ အွန်လိုင်းတို့၊ မိုဘိုင်းဖုန်းတို့မှာ အချိန်နဲ့တစ်ပြေးညီ တင်ဆက်နေရတဲ့အတွက် မီဒီယာစင်တာလိုပါတယ်။ အင်တာနက် Acess တွေ လိုပါတယ်။ ဒီညီလာခံမှာတော့ အင်တာနက် Acess တွေ ထိုက်သင့်သလောက် ပံ့ပိုးပေးထားတာ တွေ့ရပါတယ်။ နိုင်ငံတကာက ဒီလိုမျိုးသတင်းနဲ့ဆိုင်တဲ့ အခမ်းအနားတွေ၊ ညီလာခံတွေကျင်းပတဲ့အခါမှာ မီဒီယာစင်တာတွေ ထားပေးထားပါတယ်။

"ဒီမှာလည်း (၂၁)ရာစုပင်လုံညီလာခံမှာ မီဒီယာစင်တာတွေ ထားပေးတဲ့အတွက် မီဒီယာသမားတွေအတွက် အဆင်ပြေပါတယ်။ တချို့နားလည်မှုလွဲတာတွေလည်း တွေ့ရပါတယ်။ ဓာတ်ပုံတချို့ကို လူမှုကွန်ရက်တွေမှာ တင်ပြီးတော့ ဝေဖန်ပြောဆိုတာတွေကလည်း သူတို့နားလည်သလောက် ဝေဖန်တာဖြစ်ပါလိမ့်မယ်။ ဒီမှာ ဘာဖြစ်နေတယ်ဆိုတာ အပြည့်အစုံသိသွားရင်တော့ သူတို့ သဘောပေါက်သွားမှာ ဖြစ်ပါတယ်။ အချိန်နဲ့အမျှ ဒါတွေက ကျွန်တော်တို့အတွက် သင်ခန်းစာတွေဖြစ်ပြီး တဖြည်းဖြည်းချင်းတော့ အဆင်ပြေသွားမယ်လို့ထင်ပါတယ်။ အခုမှ မီဒီယာပွင့်လန်းလာစအချိန် ဖြစ်နေတဲ့အတွက် တချို့ဟာတွေကတော့ New Media လို့ခေါ်တဲ့ မီဒီယာအသစ်တွေပေါ့။ ဖေ့စ်ဘုတ်တို့၊ ယူကျုတို့စတဲ့ မီဒီယာအသစ်ကို သုံးစွဲခါစမှာ ဒါတွေကို ဝန်ဆောင်မှုအနေနဲ့ ရယူသုံးစွဲတဲ့အခါမှာ သတင်းတွေကို တင်ဆက်တဲ့သူနဲ့ သုံးစွဲတဲ့သူတွေ ကြားထဲမှာ အချိတ်အဆက်မမိသေးတာတွေ၊ ကိုယ်မြင်တဲ့အပိုင်းလေးနဲ့ သုံးသပ်လိုက်တာတွေရှိပါတယ်။စကားပုံတောင်ရှိပါတယ်။ 'မြင်သမျှကို တစ်ဝက်ပဲယုံပါ။ ကြားသမျှကိုတော့ လုံးလုံးမယုံပါနဲ့' ဆိုတာမျိုးရှိတဲ့အတွက် မြင်သမျှတွေ အားလုံးကို ချင့်ချိန်ယုံကြဖို့ လိုပါတယ်"ဟု ၎င်း၏ အမြင်ကို ပြောပြသည်။

■

## မျိုးသန့် မျိုးပွားစံပြကွက်၌ ဓာတ်မြေသြဇာကြဲပက်

**တောင်ကုတ် စက်တင်ဘာ ၂**

မျိုးသန့် မျိုးပွားစံပြကွက် ဧက ၅၀ အတွင်း စုပေါင်းဓာတ်မြေသြဇာ ကြဲပက်ပွဲကို သြဂုတ်လ နောက်ဆုံးပတ်က တောင်ကုတ်မြို့နယ် ကင်းတောင်းစံပြကျေးရွာ၌ ကျင်းပခဲ့သည်။

ဓာတ်မြေသြဇာစုပေါင်းကြဲပက်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦး၊ မြို့နယ် စိုက်ကြပ်အဖွဲ့၊ ဌာနဆိုင်ရာများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းသိန်းနှင့် ဝန်ထမ်းများ၊ ကင်းတောင်း၊ ပေါက်ပြင်၊ ကျေးပင်၊ ကျောက်မောင်နှမ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများတက်ရောက်ကြသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးက ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများကို အချိန်ကိုက်အချိုးကျ သုံးစွဲတတ်ရန် လက်တွေ့သရုပ်ပြသခြင်း၊ စိုက်ပျိုးနည်းစနစ်စံပြကွက်များကို တောင်သူများအား ခေါ်ယူပြသခြင်းနှင့် တောင်သူများက မျိုးသန့်မျိုးပွားစံပြကွက်အား ဓာတ်မြေသြဇာ စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ပြည်မြို့နယ်၌ ဒုတိယအကြိမ် ယစ်မျိုးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို သြဂုတ် ၃၁ ရက်က မြို့နယ် ထွေ/အုပ် ရုံး၌ကျင်းပရာ မြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူး ဦးစစ်အောင်လတ်၊ မြို့ နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်စိုး၊ မြို့နယ်ဥပဒေအရာရှိ ဦးဆန်းဝင်းတို့ ယစ်မျိုးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း ဟောပြောစဉ်** (ခရိုင် ပြန်/ဆက်)



# ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး တစ်နိုင်ငံလုံးတွင် တူညီသည့်သဘောထားရှိကြမည်ဟု ယုံကြည်

နေပြည်တော် စက်တင်ဘာ ၂

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယနေ့အစည်းအဝေး မွန်းလွဲပိုင်းအစီအစဉ်များကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ဆက်လက်ကျင်းပသည်။**

တပ်မတော်မှ ဗိုလ်မှူးထိပ်တင်ချိုက IDP (ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ)များဆိုင်ရာ ချမှတ်သင့်သည့် မူဝါဒများမှာ အလှူရှင်များအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကို အကြောင်းပြု၍ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေးစွက်ဖက်မှုမရှိစေရန်၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ခဲ့စေရန်၊ ဘက်လိုက်မှု၊ ခွဲခြားမှုမရှိစေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု တာဝန်ခံမှုရှိရန်၊ IDPs အရေအတွက်များ တဖြည်းဖြည်းလျော့နည်းသွားစေရန်နှင့် အချိန်ကာလတစ်ခုတွင် လုံးဝပပျောက်သွားစေရန်၊ NGOs, INGOs အဖွဲ့အစည်းအားလုံး၏ အကူအညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်နှင့်သာ ဆောင်ရွက်ရန်ဆိုသည့် အချက်များချမှတ်သင့်ကြောင်း။


ဦးကိုကိုလှိုင်


နိုင်ဝင်းကြည်


နိုင်ချမ်းတွဲ့


လွေးအေးနန်း

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ပညာရေးမြှင့်တင်မှုလုပ်ငန်း၊ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးခြင်းနှင့် အတတ်ပညာများ လေ့ကျင့်သင်ကြားပေးခြင်း၊ စစ်ပွဲနှင့် မြေမြှုပ်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ရသူများ၊ ကူးစက်ရောဂါသည်နှင့် နာတာရှည်ရောဂါသည်များအား စောင့်ရှောက်ပေးခြင်း၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အဓမ္မလူသစ်စုဆောင်းမှု မခံရစေရန် ကာကွယ်ပေးခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊


ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယနေ့အစည်းအဝေး တက်ရောက်လာသူများအား တွေ့ရစဉ်

စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးခြင်း၊ အချိန်ဇယား ရေးဆွဲသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

### စိတ်ရင်းစေတနာအမှန်ကို ပြသ

ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ ဦးကိုကိုလှိုင်က မိမိအနေဖြင့် ညီလာခံတွင် အဓိကအချက် ငါးချက်ကို တင်ပြသွားမည်ဖြစ်ကြောင်း၊ ပထမအချက်အနေဖြင့် လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည့် ညီနောင်တိုင်းရင်းသားအဖွဲ့အစည်းများ အားလုံးကိုလည်း NCA ၏ အရိပ် အာဝါသအောက်တွင် ပါဝင်၍ မိမိတို့၏ စိတ်ရင်းစေတနာအမှန်ကို ပြသကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း။

ဒုတိယအချက်တင်ပြလိုသည်မှာ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဖြစ်ပါကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် အဓိကဦးတည်ချက်နှင့်ပတ်သက်၍ တစ်နိုင်ငံလုံးတွင်တူညီသည့် သဘောထားရှိကြမည်ဟု ယုံကြည်ပါကြောင်း၊ သို့သော်လည်း မည်သို့မည်ပုံတည်ဆောက်မည်ဆိုသည့် နည်းလမ်းအပေါ် လက်ရှိ ပကတိအခြေအနေအပေါ်တွင် အခြေခံ၍ ရှိရင်းစွဲ အင်စတီကျူးရှင်းများဖြစ်သည့် အခြေခံဥပဒေ၊ တည်ဆဲဥပဒေနှင့် နည်းပညာဥပဒေများကို လိုအပ်သလို အများသဘောတူပြင်ဆင်ပြောင်းလဲခြင်း၊ လိုအပ်လျှင် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း စသည့် နည်းလမ်းများဖြင့် စနစ်တကျ ဆောင်ရွက်သွားသင့်ပါကြောင်း။

တတိယတင်ပြလိုသည့်အချက်မှာ သဘာဝသယံဇာတ အရင်းအမြစ်ခွဲဝေရေး ကိစ္စပင်ဖြစ်ကြောင်း၊ သဘာဝသယံဇာတ အရင်းအမြစ်ခွဲဝေရေးကိစ္စတွင် ပင်ရင်းဒေသတွင်လည်း အထိုက်အလျောက် ကျေနပ်မှုရရှိအောင် ပြည်ထောင်စုဗဟိုအစိုးရအတွက်လည်း ထိုက်သင့်သည့် ဝင်ငွေရရှိစေရန်၊ အရင်းအမြစ်ရှားပါးပြီး ဝင်ငွေနည်းသည့် ဒေသအတွက်လည်း လိုအပ်သလို ထောက်ကူပေးနိုင်ရန် မျှတသည့် ခွဲဝေမှုမျိုးကို မိမိနိုင်ငံ၏ နယ်မြေအခြေအနေ သဘာဝအနေအထားတို့နှင့် လိုက်လျောညီထွေစွာ ရှာဖွေဖော်ထုတ်ကျင့်သုံးသင့်ပါကြောင်း။

စတုတ္ထတင်ပြလိုသည့် အချက်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စပင်ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် တစ်ခုတည်းသော လက်နက်ကိုင်အဖွဲ့အစည်းကိုသာ ထားရှိရေးဖြစ်ကြောင်း၊ လက်ရှိအခြေခံဥပဒေတွင်လည်း နိုင်ငံတော်တွင် တပ်မတော်တစ်ရပ်တည်းရှိရမည်ဟု ချမှတ်ထားပြီးဖြစ်ကြောင်း။

နောက်ဆုံးတင်ပြလိုသည့်အချက်မှာ ငြိမ်းချမ်းရေးကို ဖြစ်နိုင်သမျှ မြန်မြန်ဖော်ဆောင်နိုင်ရန် အရေးကြီးပါကြောင်း၊ ယနေ့ ကမ္ဘာ့အခြေအနေကို ကြည့်လိုက်ပါက အချင်းချင်း လူမျိုးရေး၊ ဘာသာရေး စသည့် အစွဲအမျိုးမျိုးကြောင့် ပြိုကွဲခဲ့ကြပြီး လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်ခဲ့ကာ ဘေးပယောဂအမျိုးမျိုးက စစ်ရေးပါဝင်စွက်ဖက်မှုကြောင့် နိုင်ငံတစ်ဝန်းလုံး ပြာပုံဖြစ်နေကြသည့် ပကတိအခြေအနေများကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကြာလေလေ နစ်မွန်းလေလေဖြစ်ရမည့် ကံကြမ္မာမျိုးများကို ရှောင်လွှဲနိုင်ရေးအတွက် ငြိမ်းချမ်းရေးကို မြန်နိုင်သမျှ အမြန်ဆုံး ဝိုင်းဝန်းဖော်ဆောင်ကြရန် ကျွန်တော်တို့အားလုံးတွင် တာဝန်ရှိကြောင်း ဆွေးနွေးသည်။

### တိုင်းရင်းသားစစ်စစ်လူမျိုးဖြစ်

'ဝ'အမျိုးသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးညီနပ်က 'ဝ'တိုင်းရင်းသားလူမျိုးစုသည် တိုင်းရင်းသားစစ်စစ်လူမျိုးဖြစ်သကဲ့သို့ သမိုင်းအစဉ်အလာရှိသော လူမျိုးစုဖြစ်ပြီး ပြည်ထောင်စုဝင် ပြည်နယ်ဖြစ်ရန် လိုအပ်သောအရည်အချင်း (၇)ချက်နှင့်လည်း ပြည့်မီသည့်အတွက် လက်ရှိ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(၆)မြို့နယ်နှင့် 'ဝ'ဘုရင်ခေါင်းဆောင်များ ခေါင်းချခဲ့သည့် ကျိုင်းတုံနယ်မြေဒေသ (၁၀)မြို့နယ်ကို ပြည်ထောင်စုဝင် 'ဝ'ပြည်နယ်အဖြစ် ပြန်လည်အသိအမှတ်ပြုပေးနိုင်ပါရန်နှင့် ကျိုင်းတုံ မြို့ပြနိုင်ငံရှေးဟောင်းပစ္စည်းများ ဆက်လက်မပျောက်မပျက်ဘဲ ထိန်းသိမ်းထားနိုင်ရန်နှင့် နိုင်ငံတော်၏ အမွေအနှစ်အဖြစ် သတ်မှတ်ပေးပါရန် တောင်းဆိုအပ်ပါကြောင်း၊ ထိုကဲ့သို့ အသိအမှတ်ပြုခြင်းခံရပါက နယ်စပ်ဒေသတစ်လျှောက်လုံး လုံခြုံရေးကာကွယ်ရေးတာဝန်ကို 'ဝ' ပြည်နယ်ဖက်ဒရယ်ပြည်ထောင်စုတပ်မှ ဗဟိုအစိုးရ၏ ဦးဆောင်မှုအောက်တွင် ကျေပွန်စွာတာဝန်ယူထမ်းရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

### လုပ်ပိုင်ခွင့်အာဏာတူညီသော လွှတ်တော်နှစ်ရပ်

တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့မှ နိုင်ဝင်းကြည်က ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတွင် တိကျခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေရှိရမည်ဖြစ်ကြောင်း၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များကို အခြေခံ၍ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတွင် လုပ်ပိုင်ခွင့်အာဏာတူညီသော လွှတ်တော်နှစ်ရပ် ရှိရမည်ဖြစ်ကြောင်း၊ ပြည်နယ်များနှင့်ပြည်ထောင်စုကြားတွင် တိကျသော အာဏာခွဲဝေမှု ရှိရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရှိရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတပ်မတော် တစ်ရပ်တည်းသာရှိရမည်ဖြစ်ကြောင်း၊ ပြည်နယ်များတွင် ပြည်နယ်လုံခြုံရေးတပ်ကို ပြည်နယ်အစိုးရ၏ ကွပ်ကဲမှုအောက်တွင် ဖွဲ့စည်းထားရှိရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

### ပဋိပက္ခအလွန်တိုင်းပြည်

ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ ဒေါ်ခင်မမမျိုးက ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးရာကိစ္စရပ်များအား လုံခြုံရေးတပ်ဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရပ်ဘက် ကွပ်ကဲမှုနှင့် အရပ်ဘက်အုပ်ချုပ်မှုအောက်တွင် ရှိရေး၊ နိုင်ငံနှင့် နိုင်ငံသားများအပေါ် ဒီမိုကရေစီနည်းကျ တာဝန်ခံမှုရှိရေးတို့ကိုလည်း အထူးအလေးပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးမူဝါဒများချမှတ် ကျင့်သုံးရာတွင် အဓိကရည်မှန်းချက်ဖြစ်သည့် လုံခြုံသည့် ပတ်ဝန်းကျင်ကောင်း ဖန်တီးရေးဖြစ်သည့်အတွက် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများနှင့် တာဝန်များ၊ လုံခြုံရေးဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အခြေအနေ၊ အချိန်အခါနှင့်အညီ ပြုပြင်ပြောင်းလဲရေးများ လိုအပ်လာမည်ဖြစ်ကြောင်း။

လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် ပဋိပက္ခအလွန်တိုင်းပြည်တည်ဆောက်ရေးအတွက် အရေးကြီးသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဆွေးနွေးညှိနှိုင်းကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွင် အမျိုးသားလုံခြုံရေးမူဝါဒနှင့် မဟာဗျူဟာ ချမှတ်ဖော်ဆောင်ရေး၊ လုံခြုံရေးဆိုင်ရာ ဥပဒေဘောင်များ ပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီနည်းလမ်းကျ ကွပ်ကဲအုပ်ချုပ်မှုနှင့်တာဝန်ခံမှုရှိရေး၊ ကာကွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ ထောက်လှမ်းရေးနှင့် လုံခြုံရေးဝန်ဆောင်မှုကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ နယ်စပ်ဒေသ စီမံခန့်ခွဲမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး၊ တရားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးများ ပါဝင်ပါကြောင်း ဆွေးနွေးသည်။

### ယမ်းငွေ့ဝေဆဲငြိမ်းချမ်းရေးအနေအထား

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ နိုင်ချမ်းတွဲ့က နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်(NCA) ကို ရှေ့ဆက်တိုးအောင် မလုပ်နိုင်သေးခြင်းနှင့် ယမ်းငွေ့ဝေဆဲ ငြိမ်းချမ်းရေးအနေအထားကာလ၌ ဖက်ဒရယ်ပြည်ထောင်စုကို စံကိုက်မော်ဒယ်လ်ပုံစံ စဉ်းစားရန်မှာ လက်တွေ့မကျဟု ထင်မြင်မိပါကြောင်း၊ ယခင်သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်တွင် ကျင်းပသည့် ငြိမ်းချမ်းရေးညီလာခံတွင် တိုင်းရင်းသားများ၏ အမြင်ကို တင်ပြမှတ်တမ်းတင်ထားပြီးဖြစ်ရာ ၎င်းကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကိုလည်း ပြန်လည်သုံးသပ်ရမည်ဆိုပါက မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီအနေဖြင့် ယခင်ထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေချင်ကြောင်း၊ အမျိုးသားအဆင့် ဆွေးနွေးပွဲများလည်း ရှိလာမည်ဖြစ်ရာ အသိပညာပေး ဆန္ဒခံယူမှု ယခုထက်ပိုမို အရှိန်မြှင့်တင်သင့်ပါကြောင်း၊ အချိန်ယူခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုပါက အနှစ်သာရမပါသော ပြုပြင်ပြောင်းလဲမှုများဖြင့် အချိန်ယူမည် (သို့မဟုတ်) ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး လမ်းပြမြေပုံတစ်ခုအတွင်း အဆင့်လိုက်သွား၍ အချိန်ယူမည်ဆိုသည်ကို စဉ်းစားဆုံးဖြတ်ရန်လိုကြောင်း၊ စံကိုက်ဖက်ဒရယ်ကို မိမိတို့ရရှိမည်မဟုတ်ဘဲ အများညီ လက်တွေ့ကျသည့် ဖက်ဒရယ်စနစ်ကိုသာရရှိမည်ဖြစ်ရာ ၎င်းကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခု ရေးဆွဲရန် အခြေခံပြီး စဉ်းစားမည် (သို့မဟုတ်) လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံကိုပင် ဖက်ဒရယ် အသွင်ပြောင်းလဲမည် စသည်တို့ကို အခြေခံကျကျ ပြတ်သားထားရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

### အောင်မြင်မှုရလဒ်

တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့မှ ဦးလှသာထွန်းက ယနေ့ကျင်းပသည့် ညီလာခံကြီးသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် အလွန်အရေးကြီးပါကြောင်း၊ ညီလာခံကြီးမှ ရရှိလာမည့်အဖြေများသည် ပြည်သူများ၏ ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ကောင်းမွေများ အကျိုးကျေးဇူးကောင်းများပေးလာနိုင်သည်ဖြစ်သည့်အတွက် ကောင်းသောအဖြေများ ရလဒ်ကောင်းများရရှိရန် ကြိုးပမ်းပေးရန်လိုအပ်ကြောင်း၊ အဖြေကောင်းများ၊ ရလဒ်ကောင်းများရရှိရန်အတွက် နိုင်ငံတော်၏ State Power Holders ခေါင်းဆောင်များ၊ နယ်ပယ်အသီးသီး၊ အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူ ခေါင်းဆောင်များ၏ စိတ်ရှည်သည်းခံပြီး နားလည်ခွင့်လွှတ်တတ်မှု စေတနာနှင့် ပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်မှုရလဒ်ကောင်းများကို အလွယ်တကူရရှိလာနိုင်မည်ဖြစ်ကြောင်း၊ အဘက်ဘက်တွင် တာဝန်ရှိနေကြသည့် ခေါင်းဆောင်ကြီးများ အားလုံးအနေဖြင့် စိတ်ရှည်ဖွဲ့သန်ပြီး သည်းခံခွင့်လွှတ်မှုများနှင့် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းလျှောက်လှမ်းကြရန် မေတ္တာရပ်ခံတင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

### စီးပွားရေး လွတ်လပ်ခွင့်

ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ လွေးအေးနန်းက မြန်မာနိုင်ငံတွင် နိုင်ငံသားတိုင်းအတွက် စီးပွားရေးလွတ်လပ်ခွင့်များ ရရှိရန်လိုအပ်ပါကြောင်း၊ စီးပွားရေးလွတ်လပ်ခွင့်၏ အခြေခံအကျဆုံးအချက်မှာမြေယာပိုင်ဆိုင်ခွင့်နှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်တို့ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုဘဝတိုးတက်မြင့်မားရေးတို့အတွက် လက်တွေ့ကျသည့် မြေယာမူဝါဒများချမှတ်ပြီး တိုင်းရင်းသားဒေသများ၏ ရိုးရာဓလေ့ထုံးတမ်းများနှင့် သဟဇာတ လိုက်လျောညီထွေမှုဖြစ်သည့် လယ်ယာမြေဥပဒေသစ်တစ်ရပ် ပြင်ဆင်ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

### စားပွဲဝိုင်းနိုင်ငံရေးယဉ်ကျေးမှု

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ စိုင်းဘိုးအောင်က NCA စာချုပ်တွင် ပါရှိသည့် အခြေခံမူများကို လေးစားလိုက်နာပြီး ၎င်း၏ ဦးတည်ချက် ရည်ရွယ်ချက်များကို တပ်မတော်အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများက ပူးပေါင်းအကောင်အထည်ဖော်ခြင်း၊ လိုအပ်ချက်များ

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

*ကျောဖုံးမှ*

ဆက်လက်၍ ဘရူနိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ ဖလှယ်ရေး၊ အာဆီယံအဖွဲ့အစည်း စိတ်ဓာတ်ဖြင့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရန် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။ **(ယာပုံ)**

ယင်းနောက် ဘရူနိုင်းတပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချို့ထွန်းအောင်နှင့်ဇနီး၊ သံရုံးမိသားစုများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**



*ကျောဖုံးမှ*

ယခင်က ဖားကန့်မြို့သည် မိုးများ၍ ရေကြီးသော်လည်း ရပ်ကွက်များအတွင်းသို့ ရေမဝင်ခဲ့။ ယခုအခါ ကျောက်တူးကြသည့် ကုမ္ပဏီတွေအနက် အချို့ကုမ္ပဏီတွေက (ယခင်နှစ်များက)စည်းကမ်းမဲ့ မြေစာစွန့်ပစ်မှုကြောင့် မြေစာများ မိုးရေနှင့်မျောပါလာကာ ဥရုချောင်းထဲကျပြီး ချောင်းမျက်နှာပြင် မြင့်တက်လာပြီး လူနေအိမ်၊ ရပ်ကွက်များအတွင်း ရေဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံများက ပြောသည်။

မရှိကထောင်ရပ်ကွက် တိုရှိဘာရောင်းဝယ်ရေးဆိုင်ရှေ့မှ ဥရုရတနာ ကျောက်စိမ်းတောင် တံတားထိပ်အနီးရောက်သည်အထိ နယ်မြေခံတပ်မှ တပ်မမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များစုပေါင်းကာ စက်လှေကြီးဖြင့် လူနှင့်ဆိုင်ကယ်များကို အခမဲ့ အသွား / အပြန် ပို့ဆောင်ပေးခဲ့ပြီး ရေဘေးသင့်ပြည်သူများကိုလည်း ထမင်း၊ ဟင်းနှင့် ရေသန့်ဘူးများဝေငှ၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် / မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **(မိုး / ဇလ)**

*စာမျက်နှာ ၅ မှ*

ထပ်မံဖြည့်စွက်မွမ်းမံခြင်း၊ လိုက်နာကျင့်သုံးခြင်းအားဖြင့် ပစ်ခတ် တိုက်ခိုက်မှုများ ရပ်စဲအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ NCA လက်မှတ်မထိုးဖြစ်သေးသော အဖွဲ့အစည်းများသည်လည်း တိုက်ပွဲအစား စားပွဲဝိုင်းနိုင်ငံရေး ယဉ်ကျေးမှုကို ပိုမိုအလေးပေးခြင်းအားဖြင့် နိုင်ငံတော်၏ အနာဂတ် ငြိမ်းချမ်းရေးကို ပူးပေါင်းတည်ဆောက်မှုများ ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ မည်သည့်ပါတီ အဖွဲ့အစည်းမဆို မိမိတို့၏သဘောထား လိုလားချက်ဖြစ်သည့် ဖြစ်သင့်ဖြစ်ထိုက်သည့် တင်ပြချက်များသည် ယနေ့လက်ခံကျင့်သုံးနေသည့် တည်ဆဲ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲနေသမျှ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်နိုင်ခြေအလွန်နည်းပါးကြောင်းကို လက်တွေ့လက်ခံကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

တိုင်းရင်းသားကိုယ်စားလှယ် အစုအဖွဲ့မှ လာလ်မှား ငိုက်ဇွာလ်အီက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် မိမိတို့နိုင်ငံကဲ့သို့ လူမျိုးပေါင်းစုံ ရောနှောနေထိုင်သည့် တိုင်းပြည်များအတွက် အလွန်အရေးကြီးပါကြောင်း၊ အတွင်းရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိသည့် လူမျိုးများအဖြစ် သတ်မှတ်ရာတွင် တူညီသော သမိုင်းအစဉ်အလာရှိခြင်း၊ လူမျိုးရေးနှင့် အမျိုးသားရေးလက္ခဏာရှိခြင်း၊ တူညီသော ယဉ်ကျေးမှုအမွေအနှစ်ရှိခြင်း၊ အခြေခံအရင်းအမြစ်ချင်းတူညီသော ဘာသာစကားရှိခြင်း၊ ဘာသာရေး (သို့မဟုတ်) အယူဝါဒတစ်ခုခုပေါ်တွင် တူညီသော ခံယူချက်ရှိခြင်း၊ တစ်ဆက်တည်းရှိသော နယ်နိမိတ်ရှိခြင်း၊ တူညီသောစီးပွားရေးဘဝကို အတူတကွ ဖန်တီးရယူနိုင်ခြင်း (သို့) စီးပွားရေးအရ မှီခိုအားထားလောက်သော အခြေအနေရှိနေခြင်းတို့ပင်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### ပါဝါခွဲဝေမှု

ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ နိုင်စိုးအောင်က ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပါဝါခွဲဝေမှုသည် အလွန်အရေးကြီးပါကြောင်း၊ ပါဝါခွဲဝေမှုများကို လက်တွေ့ကျင့်သုံးရာတွင် အခြေအနေ၊ အချိန်အခါထည့်သွင်းစဉ်းစားရမည် ဖြစ်သည့်အတွက် အသုံးပြုနိုင်မည့် တစ်ခုတည်းသော သဏ္ဌာန်ဆိုသည်မှာ မရှိနိုင်ကြောင်း၊ ပါဝါခွဲဝေသည့် နိုင်ငံရေးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို တန်းတူညီမျှ ခွဲဝေအသုံးပြုခြင်း၊ တစ်ဖက်နှင့်တစ်ဖက် အနိုင်ယူရန် ဆန္ဒမရှိဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လိုသည့် နိုင်ငံရေးယဉ်ကျေးမှု ထွန်းကားခြင်းစသည့် အခြေအနေများ ရှိနေမည်ဆိုပါက အောင်မြင်မှုနှုန်း မြင့်မားနိုင်ကြောင်း။

ပါဝါခွဲဝေသည့် အစီအမံများချမှတ်ရာတွင် သက်ဆိုင်ရာ လူမျိုးအလိုက် မျိုးနွယ်စုများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အားလုံးပါဝင်မှုကို အလေးထားရန်လိုအပ်ကြောင်း၊ အောင်မြင်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွက်လာရေးအတွက် (Multi - ethnic context) သည် အလွန်အရေးကြီးကြောင်း၊ သို့ပါ၍ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်မှုအပေါ်တွင် အခြေခံသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတစ်ရပ် အောင်မြင်စွာ ဖြစ်ပေါ်လာနိုင်ရေးအတွက် လိုအပ်သည့်အခြေအနေများ ဖန်တီးခြင်း၊ ပဋိပက္ခဖြေရှင်းနိုင်သည့် နိုင်ငံရေးအစီအမံများ အကောင်အထည်ဖော်ခြင်းများ လုပ်ဆောင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

### ငြိမ်းချမ်းရေးဖော်ဆောင်နေသည့်ကာလ

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်မှ ဒေါက်တာကေရွှယ်ဂျားက အနာဂတ်တွင် ဆက်လက်ကျင်းပမည့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ဗဟိုမှ အောက်ခြေအထိ ဆုံးဖြတ်ချက်ချနိုင်သည့် နေရာများတွင် အမျိုးသမီးများ ပါဝင်နိုင်ရေးကို အထူးအလေးထားဆောင်ရွက် ပေးနိုင်ပါရန်လည်း မိမိတို့အနေဖြင့် တိုက်တွန်းအပ်ပါကြောင်း၊ နောင်ကျင်းပမည့် ညီလာခံများတွင် NCA လက်မှတ်ထိုးထားသော အဖွဲ့များနှင့် မထိုးထားသောအဖွဲ့များ၊ အနိုင်ရရှိထားသော နိုင်ငံရေးပါတီများ၊ အနိုင်မရရှိသော နိုင်ငံရေးပါတီများအားလုံး ပါဝင်နိုင်ရေးနှင့် သဘောထားဆန္ဒများ ပါဝင်ဆွေးနွေးတင်ပြနိုင်ရန်လည်း ဖိတ်ခေါ်ပေးပါရန် တိုက်တွန်းအပ်ပါကြောင်း၊ နိုင်ငံတော်မှ ငြိမ်းချမ်းရေးဖော်ဆောင်နေသည့်ကာလတွင် အပစ်အခတ်ရပ်စဲထားပြီး ဆွေးနွေးနိုင်လျှင် ယုံကြည်စိတ်ချမှု ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### ပြည်ထောင်စုစနစ်

တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့မှ ဦးသန်းဇော်ဦးက ဖက်ဒရယ်တည်ဆောက်ရာတွင် တိုင်းရင်းသားများ၏ အခွင့်အရေးကို တိကျစွာပါဝင်နိုင်စေခြင်း၊ ထိုသို့ ပါဝင်နိုင်စေရန် ယခုကတည်းက နိုင်ငံရေးဆွေးနွေးပွဲများတွင်ပါဝင်နိုင်ရန် နေရာအတည်တကျ မူဘောင်သတ်မှတ်ပေးရန် လိုအပ်ကြောင်း၊ နီးစပ်ရာဆွဲခေါ်ပြီး ဆွေးနွေးပွဲများ တက်ရောက်စေခြင်းထက် တိုင်းရင်းသားများ၏ တကယ့်ကိုယ်စားပြုသည့် ခေါင်းဆောင်များကို ဖိတ်ခေါ်ရန် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကော်မတီသို့ တင်ပြလိုပါကြောင်း၊ အမျိုးသားနယ်မြေများကို နိုင်ငံရေးခေါင်းဆောင်များ၏ သဘောထားတစ်ခုတည်းဖြင့် မဆုံးဖြတ်ဘဲ တိုင်းရင်းသားအများစု၏ သဘောဆန္ဒဖြင့် ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်ထောင်စုစနစ်ကို မှန်ကန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

### အာခါလူမျိုးသည် ဌာနေတိုင်းရင်းသားများဖြစ်

အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးမားကိုစ် က မိမိတို့ အာခါလူမျိုးသည် ဌာနေတိုင်းရင်းသားများဖြစ်သည့်အလျောက် မိမိတို့၏ အမျိုးသားလက္ခဏာကို ထိန်းသိမ်းလိုကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် မိမိတို့ အာခါလူမျိုးများသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပြန့်ကျဲနေထိုင်လျက်ရှိသည့် အာခါလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်နိုင်ရန် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်များတွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးများတွင် ပါဝင်နိုင်ရေးသည် အာခါလူမျိုးများ၏ ဆန္ဒဖြစ်ကြောင်း ဆွေးနွေးသည်။

### ပြောင်းလဲကျင့်သုံး

ကချင်အမျိုးသားကွန်ကရက်ပါတီမှ ဦးစီစီနော်ဂျာက ထိုးစစ်ဆင်မှုများအားလုံးကို စွန့်လွှတ်ပြီး တိုင်းရင်းသားညီအစ်ကို အချင်းချင်း Dialogue Culture ဟု ခေါ်သည့် စားပွဲဝိုင်းဆွေးနွေးပွဲ ဒီမိုကရေစီကျင့်စဉ်ကို ပြောင်းလဲကျင့်သုံးရန် လိုအပ်ပါကြောင်း၊ နောင်လာမည့် နိုင်ငံရေးဆွေးနွေးပွဲများတွင်လည်း အားလုံးစုံစုံညီညီ ပါဝင်ခွင့်ရအောင် စစ်မီးအကြွင်းအကျန်များကို ချန်မထားရန် မေတ္တာရပ်ခံပါကြောင်း၊ နိုင်ငံရေးနှင့်လုံခြုံရေးအတွက် ပြည်ထောင်စုအခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေး၊ ပြည်နယ်အခွင့်အရေးများ ပါဝင်လာအောင် ဖွဲ့စည်းပုံတွင် ပြင်ဆင်ရေးဆွဲသင့်ပါကြောင်း၊ တပ်မတော်ထဲတွင် တိုင်းရင်းသားများ ခန့်အပ်ပေးနိုင်ရန်နှင့် ကာကွယ်ရေးဦးစီးချုပ်ကိုလည်း တိုင်းရင်းသားများ အလှည့်ကျ ခန့်အပ်ပေးနိုင်ရန်တောင်းဆိုပါကြောင်း၊ ထိုမှသာ တိုင်းရင်းသားအားလုံးက လေးစားသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံသည် တိုင်းရင်းသားများအတွက် နိုင်ငံရေးလမ်းပြမြေပုံ ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် သဘာပတိ ဦးသုဝေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယနေ့ မွန်းလွဲပိုင်း အစီအစဉ်များအား ရပ်နားသည်။

**(သတင်းစဉ်)**

## သတ်မှတ်အမြန်နှုန်းကျော်လွန်မောင်းနှင်သော မော်တော်ယာဉ် ၂၆ စီး အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် သတ်မှတ်အမြန်နှုန်း ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များကို ဖမ်းဆီးအရေးယူလျက်ရှိရာ ယနေ့တွင် မော်တော်ယာဉ် ၂၆ စီးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

သတ်မှတ်အမြန်နှုန်းထက် ပိုမို အရှိန်ပြင်းမောင်းနှင်သော မော်တော်ယာဉ်များကို ယနေ့နံနက် ၇ နာရီမှ ညနေ ၅ နာရီအတွင်း အရှိန်နှုန်းတိုင်းတာစက်များ အသုံးပြု၍ တိုင်းတာစစ်ဆေးခြင်းကို ပလွေးလမ်းမကြီးတွင် ရဲအုပ်ဇော်လှိုင်ထွန်း ဦးစီး၍ လည်းကောင်း၊ နေပြည်တော် တိုးဂိတ်(စီလမ်းဆုံ)တွင် အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲမှူး ရန်နောင်ဝင်း ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များကလည်းကောင်း သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ၂၆ စီးကို ဖမ်းဆီးစစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ် မော်တော်ယာဉ်စည်းကမ်းတရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။



ထိုသို့တရားစွဲတင်ပို့ရာ၌ အရှိန်နှုန်းလွန်ယာဉ် ၁၃ စီးအား နေ့ချင်းပြီး တရားစွဲတင် ဒဏ်ငွေချမှတ်အရေးယူခဲ့ပြီး ကျန်ယာဉ် ၁၃ စီးအား ဇမ္ဗူသီရိမြို့နယ်တရားရုံးသို့ ယာဉ်မောင်းများကိုယ်တိုင် ဒဏ်ကြေး ပေးဆောင်စေခြင်းဖြင့် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

**သန်းဦး (လေးမျက်နှာ)**



## နာဂဒေသ၌ ကျန်းမာရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် အခြေခံကျန်းမာရေးဝန်ထမ်းများရောက်ရှိ

**ခန္တီး စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်များတွင် ကျန်းမာရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ အထူးအစီအစဉ်ဖြင့် စေလွှတ်သော မြို့နယ်ကျန်းမာရေးမှူး ဦးတင့် ဦးဆောင်သည့် အခြေခံကျန်းမာရေးဝန်ထမ်းများသည် ချင်းတွင်းမြစ်ကြောင်းလမ်းမှတစ်ဆင့် အထူးအမြန်ရေယာဉ်ဖြင့် စက်တင်ဘာ ၁ ရက် ည ၁၀ နာရီက ခန္တီးမြို့သို့ ရောက်ရှိလာကြရာ ဒေါက်တာထွန်းတင် (ညွှန်ကြားရေးမှူး၊ သဘာဝဘေးနှင့်တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း)နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး **(အပေါ်ပုံ)**ခေတ္တတည်းခိုမည့် မြသိန်းတန်ဘုရား ဓမ္မာရုံသို့ ပို့ဆောင်နေရာချထားပေးခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးအဖွဲ့တွင် ကျန်းမာရေးမှူးတစ်ဦး၊ သားဖွားဆရာမ ၂၇ ဦး၊ ကျန်းမာရေးကြီးကြပ် ၂၈ ဦး စုစုပေါင်း ၅၆ ဦးပါဝင်ပြီး လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာများအတွက် ၄၀ ၊ လေရှီးမြို့နယ်အတွက် ခြောက်ဦး၊ နန်းယွန်း-ဒုံဟီးမြို့နယ်အတွက် ၁၀ ဦးစီတို့အား သက်ဆိုင်ရာ ကျေးရွာများ၌ ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်အရ ဖြည့်ဆည်းပေးပြီး နာဂတိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **စန်းလွင်ဦး**

# ၂၀၁၇ ခုနှစ် နွေရာသီတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိနိုင်ရေး စုစုပေါင်း ၃၉၀ မဂ္ဂါဝပ် တိုးတက်ရရှိရန် စီမံဆောင်ရွက်ထား

**နေပြည်တော် စက်တင်ဘာ ၂**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ သာစည်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၏ မြို့နယ်စာရင်းစစ်ရုံးများတွင် **မြို့နယ်စာရင်းစစ်အရာရှိအဆင့်ကို လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းအား ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ယင်းသို့ တိုးမြှင့်ပေးရန် မဖြစ်နိုင်သေးပါကြောင်း ဖြေကြားသည်။

နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေကို လိုငွေပြဘတ်ဂျက်မှ ညီမျှခြေဘတ်ဂျက်သို့ ရောက်စေရန် ဦးတည်ဆောင်ရွက်နေပြီး ကုန်ကျစရိတ်များကို ခြိုးခြံချွေတာနေသည့်အတွက်ကြောင့် လည်းကောင်း၊ ပြည်ထောင်စုအဆင့်တွင်ပင် ဝန်ကြီးဌာနများအချို့ ပေါင်းစပ်ခြင်းအပြင် များပြားသော အလုပ်ဝတ္တရားများကိုပင် ဒုတိယဝန်ကြီးများ မခန့်အပ်တော့ဘဲ ကျစ်လျစ်သိပ်သည်းစွာဖြင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေအနည်းဆုံးဖြင့် အကောင်းဆုံးလုပ်ငန်းစွမ်းဆောင်ရည် ရရှိစေရန် ဆောင်ရွက်နေသည့် အတွက်ကြောင့် လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၃၄ ပါ စာရင်းစစ်ရုံးအဆင့်ဆင့်ရှိ စာရင်းစစ်အရာရှိများ၏ တာဝန်ဝတ္တရားများကို စွမ်းဆောင်ရည်ပြည့်ဝစွာ လုပ်ကိုင်ဆောင်ရွက်ရန်သာ ပဓာနကျသည့်အတွက် လည်းကောင်း၊ **လွှတ်တော်ကိုယ်စားလှယ် တင်ပြလာသည့် မြို့နယ်စာရင်းစစ်ရုံးများတွင် မြို့နယ်စာရင်းစစ်အရာရှိမှ လက်ထောက်ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်ပေးရန် မဖြစ်နိုင်သေးပါကြောင်း**ကို ပြည်ထောင်စုစာရင်းစစ်ချုပ်က ရှင်းလင်းဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း

သံတွဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်၏ **သံတွဲမြို့နယ်ရှိ သူဌေးရေအားလျှပ်စစ်စီမံကိန်းကို မည်သည့်ကာလတွင် ပြီးစီးအောင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက သူဌေးရေအားလျှပ်စစ်စီမံကိန်း၏ လျာထားလုပ်ငန်း အစီအစဉ်ပါအတိုင်း နှစ်စဉ် ရန်ပုံငွေပြည့်ဝစွာ ရရှိနိုင်မှသာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်တွင် စီမံကိန်း ပြီးစီးနိုင်မည်ဖြစ်ကြောင်း၊ ၎င်းနောက် စီမံကိန်းမှထွက်ရှိမည့် လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် စတင်အသုံးပြုနိုင်မည် ဖြစ်ကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်၏ **၂၀၁၇ ခုနှစ် နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရန်နှင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိနိုင်ရေးအတွက် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက **၂၀၁၇ ခုနှစ် နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရန်နှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိနိုင်ရေးအတွက် စုစုပေါင်း တပ်ဆင်အင်အား ၃၉၀ မဂ္ဂါဝပ် တိုးတက်ရရှိရန် စီမံ ဆောင်ရွက်ထားပါကြောင်းနှင့်** လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်း၊ ဟောင်းနွမ်းနေသည့် ဆားဗစ်ကြိုးများ လဲလှယ်ခြင်း၊ ဝန်အားပိုနေသော ထရန်စဖော်မာများ လဲလှယ်တပ်ဆင်ခြင်း၊ ထရန်စဖော်မာ ထိန်းသိမ်းပြုပြင်ခြင်းနှင့် ဓာတ်အားလိုင်းတိုင်များ အစားထိုးလဲလှယ်/ပြန်လည်တည့်မတ်ခြင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။



ကျောက်တံတားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်

ဟုမ္မလင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်က **ဟုမ္မလင်းမြို့နယ်အတွင်းရှိ နမ့်ပန်းငါးချောင်းအား အသုံးပြု၍ အသေးစားရေအားလျှပ်စစ်ထုတ်သော စက်ရုံအား ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းပေးနိုင်ခြင်း ရှိ မရှိ** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားရာတွင် ဟုမ္မလင်းမြို့နယ် နမ့်မာလုံချောင်းတွင် ၆၀၀ ကီလိုဝပ် ထွက်ရှိမည့် အသေးစား ရေအားလျှပ်စစ်စက်ရုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ စီမံကိန်း (၂)ရပ်အား တစ်ပြိုင်တည်း ဆောင်ရွက်ရန် ရန်ပုံငွေလုံလောက်မှုမရှိခြင်း၊ နမ့်ပန်းငါးချောင်းကို အသုံးပြု၍ အသေးစား ရေအားလျှပ်စစ်ထုတ်သော စက်ရုံအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းပေးနိုင်ခြင်းမရှိခြင်းတို့ကြောင့် နောင်လာမည့် ဘတ်ဂျက်နှစ်များတွင် စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သောအခါ ၎င်းဝန်ကြီးဌာနမှ နည်းပညာဆိုင်ရာများ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့ အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တင်သွင်းသည့် **ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်** စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏သဘောထားကို ရယူပြီး လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားစာပေထွန်းကားရေး အထူးစီမံကိန်းချမှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း

**နေပြည်တော် စက်တင်ဘာ ၂**

**အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး ၂၅ ရက်မြောက်နေ့တွင် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသည့်အတွက် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့ခြင်းဖြစ်သည်။

အစီရင်ခံစာတင်သွင်းရာတွင် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က ယင်းရုပ်သိမ်းသည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာတွင် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို ဆက်လက်အတည်ပြု ဆောင်ရွက်သင့်သည်ဟု လေ့လာတွေ့ရှိရကြောင်း၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေးက ၎င်းဥပဒေသည် လတ်တလော အခြေအနေများအရ ရုပ်သိမ်းရန် မသင့်သေးကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လုံခြုံရေးနှင့် အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်မည့် ဥပဒေအသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းပြီးမှသာ ယခုဥပဒေကို ရုပ်သိမ်းသင့်ကြောင်း အကြံပြုဆွေးနွေးထားသည်ဟု ထည့်သွင်းတင်ပြခဲ့သည်။

ယင်းရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းနိုင်ကြောင်း ကြေညာထားသည်။



အမျိုးသားလွှတ်တော်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပစဉ်

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ ရခိုင်ပြည်နယ် ကျောက်တော်မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မြို့မကျောင်းအား (၂၀၀ × ၃၀ × ၂၅) ပေ နှစ်ထပ် RC ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လက်ရှိအခြေအနေအရ မြို့မအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ရှိ စာသင်ခန်းနှင့် ကျောင်းသားအချိုးမှာ မူလတန်းအဆင့်တွင် ၁ အချိုး ၄၅၊ အလယ်တန်းအဆင့်တွင် ၁ အချိုး ၃၈၊ အထက်တန်းအဆင့်တွင် ၁ အချိုး ၄၅ ဖြစ်သဖြင့် စာသင်ခန်းနှင့် ကျောင်းသား အရေအတွက်မှာ လုံလောက်မှုရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အဆောက်အအုံများ စိစစ်ချိန်တွင် ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့် တင်သွင်းထားသည့် **တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်း ချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်က မြန်မာနိုင်ငံတွင် တိုင်းရင်းသားဘာသာစကားဖြင့် စာပေသင်ကြားနိုင်ရေးသည် နိုင်ငံရေးအရသော်လည်းကောင်း၊ ပညာရေးအရသော်လည်းကောင်း အလေးထားဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ ပညာခေတ်တွင် ပညာဖြင့် အသက်မွေးကြရပါကြောင်း၊ ပညာတတ်မှ အကောင်း၊ အဆိုး ဝေဖန်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားများအတွက် မိခင်ဘာသာစကားကို အခြေပြုဆောင်ရွက်မှသာ ပညာရေးရည်မှန်းချက် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်က ကမ္ဘာပေါ်တွင် စာတတ်မြောက်မှုနှုန်းမြင့်မားသည့် နိုင်ငံများသည် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုရှိနေပါကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က တိုင်းပြည် အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်ဆုံးဖြစ်ကြောင်း၊ ဒီမိုကရေစီ အောင်မြင်ရန် ပြည်သူပြည်သားတို့၏ အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင် ရှိကြရမည်ဖြစ်ကြောင်း၊ အသိဉာဏ်ပညာကင်းမဲ့သောနိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဲဆန္ဒရှင်တိုင်း ပညာတတ်ကြရမည်ဖြစ်ကြောင်း၊ ဆင်ခြင်တုံတရားကို သုံးနိုင်ကြရမည်ဖြစ်ကြောင်း၊ ပညာသည် နိုင်ငံရေးအခြေခံအစစ်ဖြစ်ကြောင်း ဆိုထားပါကြောင်း၊ ထို့ကြောင့် ပညာရေးအတွက် လိုအပ်ချက်များစွာ ရှိနေသေးသည့် တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေးလုပ်ငန်းစဉ်ကို အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း ဆွေးနွေးသည်။

အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမြင့်လွင် အီဂျစ်သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၃**

အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်လွင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကိုင်ရိုမြို့၌ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒယ်လ် ဖက်တက် အယ်လ်စီစီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ရခိုင်၊ ကရင်နှင့် မွန်ပြည်နယ်တို့၌ မိုးဆက်လက်ပိုနေမည်

**နေပြည်တော် စက်တင်ဘာ ၂**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်၊ ကရင်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**



**စက်တင်ဘာ ၂ ရက်က ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၇၁)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနား တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့်ဇနီး ဒေါ်လွင်လွင်မှန်တို့အား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Nguyen Thanh Vinh ကြိုဆိုနှုတ်ဆက်စဉ်**

(သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Pier Ferdinando Casini အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးစိုင်းသန့်ဇင်၊ ဦးခွန်အောင်ကျော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ အီတလီသံအမတ်ကြီး Mr. Pier Giorgio Aliberti လည်း တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပုဂံဒေသတွင်ပျက်စီးခဲ့သော ရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်ရန် ငွေလှူ



**နေပြည်တော် စက်တင်ဘာ ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပုဂံဒေသတွင် ပျက်စီးခဲ့သော ရှေးဟောင်းအမွေအနှစ် ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ငလျင်ဒဏ်ကြောင့် ပုဂံဒေသတွင်ပျက်စီးခဲ့သော ရှေးဟောင်းအမွေအနှစ် ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အလှူဒါနခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၆၄၈၀၀၀၀ နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦး၏ နေ့တွက်စရိတ် တစ်ရက်စာစုပေါင်း လှူဒါန်းငွေကျပ် ၈၅၂၀၀၀၀ စုစုပေါင်း ကျပ်သိန်း ၁၅၀ ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထံသို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံရယူသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## ခါကာဘိုရာဇီတောင်ကို အောင်မြင်စွာတက်ရောက်နိုင်ခဲ့သော တောင်တက်သမား၏ မှတ်တမ်းဓာတ်ပုံများခင်းကျင်းပြသ

**ရန်ကုန် စက်တင်ဘာ ၂**

အရှေ့တောင်အာရှနှင့် မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ဖြစ်သည့် ခါကာဘိုရာဇီရေခဲတောင်ကို အောင်မြင်စွာ တက်ရောက်ခဲ့ပြီး အပြန်လမ်းခရီးတွင် ပျောက်ဆုံးခဲ့သော တောင်တက်သမားနှစ်ဦး ပျောက်ဆုံးခြင်း နှစ်နှစ်ပြည့်အခမ်းအနားနှင့် ၎င်းတို့ကိုယ်တိုင်ရိုက်ကူးခဲ့သော ခါကာဘိုရာဇီ ရေခဲတောင်ရှုခင်းများ ဓာတ်ပုံပြပွဲကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက မြေနီကုန်း ဒဂုံစင်တာ (၂) ၌ ကျင်းပသည်။

"ဒီကနေ့ကျင်းပရတဲ့ အခမ်းအနားကတော့ လွန်ခဲ့တဲ့နှစ်နှစ်၊ ၂၀၁၄ ခုနှစ် ဩဂုတ် ၃၁ ရက်က အရှေ့တောင်အာရှနဲ့ မြန်မာနိုင်ငံရဲ့ အမြင့်ဆုံးခါကာဘိုရာဇီ ရေခဲတောင်ကို အောင်မြင်စွာတက်ရောက်ခဲ့ပြီး အပြန်ခရီးမှာ ရုတ်တရက် ပျောက်ဆုံးသွားတဲ့ အောင်မြင့်မြတ်နဲ့ ဝေယံမင်းသူတို့ရဲ့ပျောက်ဆုံးခြင်း နှစ်နှစ်ပြည့် အခမ်းအနားဖြစ်ပါတယ်။ ဒီပြပွဲမှာ အပျော်တမ်းဓာတ်ပုံရိုက်ခဲ့တဲ့ အောင်မြင့်မြတ်ရဲ့ကိုယ်တိုင်ရိုက်ကူးခဲ့တဲ့ ခါကာဘိုရာဇီ ရေခဲတောင်ရဲ့သဘာဝရှုခင်းဓာတ်ပုံတွေကို ပြသတာဖြစ်ပါတယ်။ ဒီပြပွဲက ရရှိလာတဲ့ငွေတွေကို ရေဘေးအတွက် ပေးလှူသွားမှာဖြစ်ပါတယ်" ဟု တက္ကသိုလ်ခြေလျင် တောင်တက်အသင်း ဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

အဆိုပါပြပွဲတွင် အောင်မြင့်မြတ်၏ ဓာတ်ပုံ ၈၅ ပုံ ခင်းကျင်းပြသထားကြောင်း၊ ဓာတ်ပုံများကို ငွေကျပ် ၄၅၀၀၀ မှ ၉၀၀၀၀ အထိ ရောင်းချကာ ရရှိလာသောငွေများကို ရေဘေးအတွက် အားလုံးပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ခါကာဘိုရာဇီတောင်မှာ မြန်မာနိုင်ငံ၏မြောက်ဖျား ကချင်ပြည်နယ်၌ တည်ရှိပြီး အမြင့်မှာ ၁၉၂၉၆ ပေမြင့်သည်။ ယင်းခါကာဘိုရာဇီတောင်မှာ ကမ္ဘာ့အမြင့်ဆုံးတောင် ဧဝရက်တောင်ထက် တက်ရန်အလွန်ခက်ခဲကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံသားများ အနေဖြင့် အခက်အခဲပေါင်းများစွာ၊ ကြမ်းတမ်းသော တောင်ပေါင်းများစွာ တို့ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။ တောင်တက်သမား အောင်မြင့်မြတ်နှင့် ဝေယံမင်းသူတို့သည် ၂၀၁၄ ခုနှစ် ဩဂုတ် ၃၁ ရက်က ခါကာဘိုရာဇီတောင်မှအပြန် ဆိုးရွားသော ရာသီဥတုနှင့် ရင်ဆိုင်ရပြီး ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဓာတ်ပုံပြပွဲကို စက်တင်ဘာ ၁ ရက်မှ ၃ ရက်အထိ ဆက်လက်ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး (မြန်မာ့အလင်း)**

## ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၁၀)နှင့်(၁၁)အား စီရင်ချက် (အမိန့်)များ ချမှတ်

**နေပြည်တော် စက်တင်ဘာ ၂**



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးထွန်းထွန်းဝင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်အပေါ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ဆုံးဖြတ်ပေးပါရန်နှင့် ဒုတိယမဲအများဆုံးရရှိသူ လျှောက်ထားသူသည်သာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာပေးပါရန် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၁၀/၂၀၁၅) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၄) က ဆက်လက်ကြားနာစစ်ဆေးပြီး စက်တင်ဘာ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးကိုကိုနိုင်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ၏ ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွ ပယ်ကြောင်း၊ တရားစရိတ် ငွေကျပ်တစ်သိန်းတိတိကို လျှောက်ထားသူက လျှောက်ထားခံရသူအား ပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်မျိုးဦးက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်အပေါ် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ပျက်ပြယ်ကြောင်း ဆုံးဖြတ်ပေးရန်နှင့် ဒုတိယမဲအများဆုံးရရှိသူ လျှောက်ထားသူအား လွှတ်တော်ကိုယ်စားလှယ်အဖြစ်ကြေညာပေးပါရန် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုအမှတ် (၁၁/၂၀၁၅) ဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၄)က ဆက်လက်ကြားနာစစ်ဆေးပြီးနောက် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဦးကျော်မြင့်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်သည်ဟု ဆုံးဖြတ်ပြီး လျှောက်ထားသူ၏ ကန့်ကွက်လွှာကို တရားစရိတ်နှင့်တကွ ပယ်ကြောင်း၊ တရားစရိတ် ငွေကျပ်တစ်သိန်းတိတိကို လျှောက်ထားသူက လျှောက်ထားခံရသူအား ပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ဝါးလက်မှုအနုထည် သင်တန်းဖွင့်

**ကြံခင်း စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဝါးလက်မှုအနုထည်သင်တန်းအမှတ်စဉ်(၁) (၁/၂၀၁၆) ဖွင့်ပွဲကို ဩဂုတ်လနောက်ဆုံးပတ်က ကြံခင်းမြို့နယ် ကိုးအင်းကျေးရွာအုပ်စု ကညင်တောကျေးရွာ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ခဲ့သည်။

**၈၀၈၀**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော်  စက်တင်ဘာ  ၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Pier Ferdinando Casini အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင် ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန် ရှိသူများ တက်ရောက်ခဲ့ကြသည်။
**(သတင်းစဉ်)**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်ငွေလှူ

**နေပြည်တော်  စက်တင်ဘာ  ၂**

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၁၉ ဦး၏ တစ်ရက်စာ နေ့တွက် စရိတ် လှူဒါန်းငွေကျပ် ၄၃၈၀၀၀၀ နှင့် အမျိုးသားလွှတ်တော်ရုံး အလှူ့ဒါနခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၅၆၂၀၀၀၀ စုစုပေါင်း ကျပ်သိန်း ၁၀၀ ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ကို ပြန်လည်ပေးအပ်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လက်ခံ ရယူသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်ရေးရာကော်မတီ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ တပ်မတော်သား အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတွင် မြန်မာနိုင်ငံ၏ကြိုးပမ်းဆောင်ရွက်နေမှုများ ဆွေးနွေး

နေပြည်တော်  စက်တင်ဘာ  ၂

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းအား အမေရိကန်ပြည်ထောင်စု ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. James Walsh နှင့် ကိုယ်စားလှယ်အဖွဲ့က စက်တင်ဘာ ၁ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ရဲချုပ်ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ ဆောင်ရွက်မှုများတွင် ဆေးစွဲသူများအား ကုသရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စုံစမ်းစစ်ဆေးမှုများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် နည်းပညာလိုအပ်ချက်များ၊ ဘိန်းစိုက်ဒေသများတွင် အစားထိုးသီးနှံများ စိုက်ပျိုးမှုတိုးတက်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ တစ်ဖက်နိုင်ငံများ၏ ငါးဖမ်းလုပ်ငန်းများနှင့် အခြားကုန်ထုတ်လုပ်ငန်းများတွင် လုပ်အားခေါင်းပုံဖြတ်ခံရမှုများအား အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှုဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ တားဆီးနှိမ်နင်းရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများသည် နယ်စပ်ဒေသတွင် ဖြစ်ပေါ်လျက်ရှိရာ အဆိုပါနယ်စပ်များရှိ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော် ငြိမ်းချမ်းရေး ဆောင်ရွက်မှုများနှင့် နည်းပညာလိုအပ်ချက်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းနှင့် အမေရိကန်ပြည်ထောင်စု ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. James Walsh နှင့် ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော်  စက်တင်ဘာ  ၂**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။
(မိုး/ဇလ)

## ဂြိုဟ်တုအခြေပြု ဆက်သွယ်ဝန်ဆောင်မှုလုပ်ငန်း စတင်

**ရန်ကုန်  စက်တင်ဘာ  ၂**

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ နည်းပညာကုမ္ပဏီနှစ်ခု ပူးပေါင်းထားသည့် Com & Com Co.,Ltd ၏ ဂြိုဟ်တုအခြေပြု ဝန်ဆောင်မှုလုပ်ငန်း စတင်ဖွင့်လှစ်သည့် အခမ်းအနားကို နိုဗိုတယ်ဟိုတယ်တွင် စက်တင်ဘာ ၁ ရက်က ကျင်းပဖွင့်လှစ်သည်။

ဂြိုဟ်တုအခြေပြု ဆက်သွယ်ဝန်ဆောင်မှုစနစ်သည် Fiber Cable နှင့် microwave တည်ဆောက်ရန် ခက်ခဲသည့် ဝေးလံသောနေရာများတွင် အသုံးပြုသွားမည်ဖြစ်၍ Rual Development များအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဝေးလံသည့် အရပ်ဒေသများတွင် ဆက်သွယ်ရေးစနစ်ကောင်းမွန်မှုကြောင့် Telemedicine ဟုခေါ်ဆိုသော အဝေးရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ Disaster management ဟု ခေါ်ဆိုသော သဘာဝဘေးဒုက္ခ ကျရောက်သည့်အခါများတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။
**မောင်မောင်**

# မူဆယ် ဗဟိုစီးပွားရေးဇုန် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိ

**မူဆယ်  စက်တင်ဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ရှိ နယူးစတားလိုက် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှဆောက်လုပ်ထားသည့် ပြည်ထောင်စုလမ်းမကြီးသို့ ဆက်သွယ်ထားသော လမ်းအရှည် ၁၅၂၂ မီတာရှိ ကွန်ကရစ်လမ်းမကြီးနှင့် ရဟတ်ယာဉ်ကွင်း၊ ယာဉ်ထိန်းရုံး၊ မီးပွိုင့်နှင့် မီးတိုင်စိုက်ခြင်းလုပ်ငန်း၊ ရေနုတ်မြောင်းလုပ်ငန်းစုစုပေါင်း (သိန်းတစ်သောင်းရှစ်ထောင်ခြောက်ရာတစ်ဆယ့်ကိုးသိန်း နှစ်သောင်းရှစ်ထောင်ကိုးရာ့လေးဆယ့်ခုနစ်) ကျပ်တန်ဖိုးရှိ စာရွက်စာတမ်းများကို ဩဂုတ်လနောက်ဆုံးပတ်က နယူးစတားလိုက် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက မူဆယ်မြို့နယ်စည်ပင် သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်ထံသို့ လွှဲပြောင်းပြီး စီမံကိန်းအနီးရှိ ဖွေဟုန်ရွာ၊ တော်ရွက်ရွာ ကျေးရွာချင်းဆက် လမ်းအရှည် ၈၃၄၄ ပေရှိ ကွန်ကရစ်လမ်း မူဆယ်မြို့ပေါ်နှင့် ဆက်သွယ်ပေးသည့် လမ်းသွယ်သုံးလမ်းတို့ကိုလည်း အောင်မြင်စွာဖွင့်လှစ်ခဲ့သည်။

စီမံကိန်းတစ်ခုလုံးကို ဇုန်ခြောက်ဇုန်ဖြင့်ပိုင်းခြား၍ အကောင်အထည်ဖော်ခဲ့ရာ ဇုန်(၁၊ ၂၊ ၃) သည် Commercial Zone ဖြစ်ပြီး ဇုန် (၄၊ ၅၊ ၆) သည် Residential Zone ဖြစ်သည်။ စုစုပေါင်း ၂၉၄ ဒသမ ၇၉၉ ဧကတွင် လမ်းမကြီး၊ လမ်းသွယ်များ အပါအဝင် အများနှင့်သက်ဆိုင်သော ဧရိယာ ၁၀၆ ဒသမ ၂၅ ဧက၊ ၃၆ ဒသမ ၀၄ ရာခိုင်နှုန်း အဆောက်အအုံဧရိယာ ၁၈၈ ဒသမ ၅၃၉ဧက၊ ၆၃ ဒသမ ၉၆ ရာခိုင်နှုန်းဖြစ်သဖြင့် အများနှင့် သက်ဆိုင်သောဧရိယာအား ဦးစားပေး ဆောင်ရွက်ထားကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှုမရှိစေရေး (EIA, SIA, HIA) တို့အတွက် မလေးရှားနိုင်ငံမှ ERE Consulting Group အား ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်း စီမံကိန်းသို့ လာရောက်လေ့လာသုံးသပ် လုပ်ငန်းဆောင်ရွက်စေခဲ့ပြီးဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအတွက်လည်း စိုးရိမ်စရာမရှိကြောင်း သိရသည်။

စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလအတွင်း ရေဆိုးထုတ်စနစ်ကို ထည့်သွင်းတည်ဆောက်ထားသည့်အပြင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု ရှိစေရေးအတွက် လမ်းတစ်လျှောက် သစ်ပင်များကိုလည်း ထည့်သွင်းစိုက်ပျိုးထားကြောင်း သိရသည်။



မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်စီးဆင်းမှု၏ အရှေ့မြောက်တံခါးပေါက်တစ်ခုဖြစ်သည့် မူဆယ်မြို့တွင် ရှမ်းပြည်နယ်အစိုးရ ဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်းကော်မတီနှင့် နယူးစတားလိုက် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုများဖြင့် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့်မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်းများအားလုံးပြီးစီးပါက မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများ၊ လူမှုရေးကိစ္စများ၊ ယဉ်ကျေးမှုဓလေ့ အစဉ်အလာများ ယခုထက်ပို၍ ထင်သာမြင်သာပွင့်လင်းလာမည်ဖြစ်သည်။

မူဆယ်မြို့သို့ အနယ်နယ်အရပ်ရပ်မှ ပြောင်းရွှေ့လာသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စားဝတ်နေရေးအတွက် မူဆယ်ဗဟိုစီးပွားရေးဇုန်သည် အလုပ်အကိုင်များဆိုင်ရာ အတတ်ပညာ တိုးတက်လာမှုများကို ဖန်တီးပေးနိုင်သော နေရာတစ်ခုဖြစ်လာသလို မူဆယ်မြို့သည်လည်း တိုင်းရင်းသားပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်ကြည့်ရှုလေ့လာ၍ အပန်းဖြေစရာ မြန်မာပြည်၏ အရှေ့မြောက်တံခါးမြို့ဖြစ်လာနေပြီဖြစ်သည်။
**သန့်ဇင်(မူဆယ်)**



# ဗင်နီဇွဲလား၌ အစိုးရထောက်ခံသူများနှင့် အတိုက်အခံများကြား ထိပ်တိုက်ယှဉ်ပြိုင်မှုဖြစ်ပွား၊ လူ ထောင်ပေါင်းများစွာစုဝေး

**ကရာကတ် စက်တင်ဘာ ၂**

ဗင်နီဇွဲလားနိုင်ငံ မြို့တော် ကရာကတ်တွင် ထောင်ပေါင်းများစွာသောလူအုပ်ကြီးစုဝေးလျက်ရှိသည်။ ဗင်နီဇွဲလားသမ္မတကို နှစ်နှစ်ကြာဆန့်ကျင်ကန့်ကွက်လာသည့် အတိုက်အခံအုပ်စုများသည် သမ္မတနီကိုလပ်စ်မာဒူရိုကို ဖြုတ်ချရန် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

ဗင်နီဇွဲလားသမ္မတအား နိုင်ငံ၏စီးပွားရေးကျပ်တည်းမှု၊ ၎င်း၏အာဏာကိုင်စွဲမှု အချိန်ကာလကို တိုတောင်းစေမည့် ပြည်လုံးကျွတ်ဆန္ဒမဲခံယူပွဲကို ရွေးကောက်ပွဲကော်မရှင်က နှောင့်နှေးကြန့်ကြာအောင်ပြုလုပ်ခဲ့မှုတို့အတွက် အပြစ်တင်ခဲ့ကြသည်။

သမ္မတနီကိုလပ်စ်မာဒူရိုကို ထောက်ခံသူများကလည်း အတိုက်အခံများအား အာဏာသိမ်းရန်ကြိုးပမ်းသည်ဟုဆိုကာ လူအင်အားအလုံးအရင်းဖြင့် စုဝေးကာအပြိုင်အဆိုင်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ “အတိုက်အခံအဖွဲ့ဟာ ၎င်းတို့ရဲ့စုဝေးမှုမှာ လူတစ်သန်းကျော်ပါဝင်လာဖို့ မျှော်လင့်ထားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး”ဟု အစိုးရက ပြောကြားခဲ့သည်။

“အတိုက်အခံတွေက ပြည်သူတွေကိုကြောက်လန့်အောင်လုပ်ချင်ခဲ့တယ်။ ဒါပေမယ့် ပြည်သူတွေကတော့ နေမြဲအတိုင်း ဒီဘက်မှာရှိနေဆဲပါပဲ”ဟု သမ္မတနီကိုလပ်စ်မာဒူရိုက ကရာကတ်မြို့လယ်ကောင်၌ပြောကြားခဲ့သည်။ ဗင်နီဇွဲလားနှင့် ကရာကတ်ကိုဆူပူအုံကြွမှုများဖြစ်အောင် ကြိုးစားခဲ့သည့် အာဏာသိမ်းရန်ကြိုးပမ်းမှုကို အနိုင်ရရှိခဲ့ကြောင်း ၎င်းကပြောခဲ့သည်။

(ရိုက်တာ)

## အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ဂျပန်အရှေ့မြောက်ပိုင်းတွင် လူတစ်ထောင်ကျော် သောင်တင်လျက်ရှိ

**တိုကျို စက်တင်ဘာ ၂**

ယခုတစ်ပတ်အတွင်း အင်အားပြင်း တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် လူတစ်ထောင်ကျော် ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း အစ်ဝါတီစီရင်စုတွင် သောင်တင်လျက်ရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ကူချိမြို့နှင့် အစ်ဝေဇူမိမြို့တို့တွင် အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် လူ ၁၁ ဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။ သေဆုံးသူများအနက် ကိုးဦးမှာ အသက်ကြီးသူများဖြစ်ပြီး ၎င်းတို့၏ရုပ်အလောင်းများကို ရေများဖုံးလွှမ်းလျက်ရှိသော ဘိုးဘွားစောင့်ရှောက်ရေးဂေဟာတွင် တွေ့ခဲ့ရခြင်းဖြစ်သည်။ အခြား ၁၆ ဦးမှာ ဆက်လက်ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ ယင်းစောင့်ရှောက်ရေးဂေဟာအနီးတွင် ရှာဖွေတွေ့ရှိခဲ့သည့် ရုပ်အလောင်းတစ်လောင်းမှာ ပျောက်ဆုံးနေသူများထဲမှ တစ်ဦးဖြစ်နိုင်ကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားခဲ့သည်။

အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ရေကြီးမြေပြိုမှုများဖြစ်ပွားကာ လမ်းများမှာ ကျိုးပျက်လျက်ရှိသောကြောင့် ယင်းဒေသတွင် လူပေါင်း ၁၁၀၀ ကျော် သောင်တင်လျက်ရှိကြောင်း သိရသည်။ သက်ဆိုင်ရာအာဏာပိုင်များက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

## ရွေးကောက်ပွဲဆိုင်ရာ ပဋိပက္ခဖြစ်ပွားပြီးနောက် လူတစ်ထောင်ကျော်ကိုဖမ်းဆီး

**လစ်ဘရီဗီလီ စက်တင်ဘာ ၂**

ဂါဘွန်၌ အငြင်းပွားဖွယ်ရွေးကောက်ပွဲရလဒ်ပေါ်ထွက်လာပြီးနောက် ဆန္ဒပြဆန့်ကျင်မှုများပေါ်ပေါက်လာခဲ့သည့် နှစ်ရက်မြောက်နေ့တွင် လုံခြုံရေးအင်အားစုများက လူတစ်ထောင်ကျော် ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

ပဋိပက္ခဖြစ်ပွားမှုများအတွင်း မြို့တော် လစ်ဘရီဗီလီ၌ လူသုံးဦးသေဆုံးသွားကြောင်း သိရသည်။ ဗုဒ္ဓဟူးနေ့က မဲပေးမှုတွင် သမ္မတ အလီဘွင်ဂို သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြောက်ခံရကြောင်း ကြေညာချက်ထွက်ပေါ်လာပြီးသည့်နောက် အလီဘွန်ဂိုအား ဆန့်ကျင်သည့် အတိုက်အခံအုပ်စုများသည် မြို့တွင်းရှိ လမ်းများပေါ် ချီတက်နေရာယူခဲ့ကြသည်။

ခေတ္တပုန်းအောင်းခိုလှုံနေသည့် အတိုက်အခံခေါင်းဆောင် ဂျင်ပင်းက ၎င်း၏ပါတီရုံးချုပ်မှာလည်း ဗုံးခွဲခြင်းခံခဲ့ရသည်ဟု ဘီဘီစီသို့ ပြောကြားခဲ့သည်။ ကုလသမဂ္ဂ၊ အမေရိကန်နှင့် ပြင်သစ်တို့က ရွေးကောက်ပွဲရလဒ်များနှင့်ပတ်သက်၍ မျှမျှတတ ထိန်းချုပ်မှုရှိရန်နှင့် ပိုမိုပွင့်လင်းမြင်သာမှုရှိရန် တိုက်တွန်းခဲ့ကြသည်။

လစ်ဘရီဗီလီမြို့ပေါ်ရှိ လူ ၈၀၀ ကို ထိန်းသိမ်းဖမ်းဆီးခဲ့ရပြီး ၄၀၀ မှာ အခြားဒေသများမှဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ပါကမ်းမူဘဲလက် ဘိုဘီယာက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

(ရိုက်တာ)

# ပါကစ္စတန်အရှေ့ဘက် လာဟိုးတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေများဖုံးလွှမ်း

**လာဟိုး စက်တင်ဘာ ၂**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပန်ဂျပ်မြို့တွင် နောက်ထပ်တစ်ကြိမ် ရေကြီးမှုဒုက္ခကို ခံစားနေရကြောင်း သတင်းများတွင် ဖော်ပြသည်။

ထို့ပြင် လာဟိုးတွင်လည်း စက်တင်ဘာ ၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြေနိမ့်ဒေသများတွင် ရေများဖုံလွှမ်းလျက်ရှိကာ လျှပ်စစ်မီးများလည်း ပြတ်တောက်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ လျှပ်စစ်မီးများ ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရရှိရန်အတွက် လာဟိုး လျှပ်စစ်ဖြန့်ဖြူးရေး ကော်ပိုရေးရှင်းက အလျင်အမြန် ဆောင်ရွက်လျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။

မိုးရေများသည် ဘတ်စ်ကားလမ်းများကို ဖုံးလွှမ်းလျက်ရှိသောကြောင့် ဘတ်စ်ကား လိုင်းများကို ရပ်နားထားရသည်။ ထို့ပြင် ဝါတွန်လေဆိပ်လေယာဉ်ပြေးလမ်းများပေါ်တွင်ပါ ရေများဖုံးလွှမ်းလျက်ရှိသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အယ်လ်လာမာအစ်ဘယ်လ် အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လေယာဉ်ခရီးစဉ်များကိုလည်း လမ်းကြောင်းပြောင်းလဲမှုများပြုလုပ်ခဲ့ရသည်။

ရာသီဥတုဆိုးရွားမှုများကြောင့် လန်ဒန်၊ ဒူဘိုင်း၊ အစ္စလမ္မာဘတ်လေယာဉ်ခရီးစဉ်များလည်း နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မနာဝဒေသတွင် အိမ်တစ်လုံးပြိုကျပြီး ကလေးတစ်ဦး သေဆုံးခဲ့သည်။ ထို့ပြင် လာဟိုးတရားရုံးပရိဝုဏ်အတွင်းတွင်လည်း ရေများနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပန်ဂျပ်လွှတ်တော်ထဲတွင်လည်း ရေများနစ်မြုပ်လျက်ရှိသည်။

**(ဆင်ဟွာ)**





# ပါကစ္စတန်အရှေ့မြောက်ပိုင်း တရားရုံး၌ ဗုံးနှစ်လုံးပေါက်ကွဲ ၁၂ ဦး သေဆုံး

**ပတ်ရှ်ဝါ စက်တင်ဘာ ၂**

ပါကစ္စတန်အရှေ့မြောက်ပိုင်းရှိ တရားရုံးအဆောက်အအုံအပြင်ဘက်တွင် ဗုံးပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၂ ဦးထက်မနည်းသေဆုံးပြီး ဒဏ်ရာရရှိသူများစွာရှိခဲ့ကြောင်း ကယ်ဆယ်ရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

အဆိုပါဒေသအတွင်း၌ ပါကစ္စတန်နိုင်ငံသား တာလီဘန်စစ်သွေးကြွများက အိမ်နီးချင်း ခရစ်ယာန်ဘာသာဝင်များနေထိုင်သည့် နယ်မြေကိုတိုက်ခိုက်မှုလုပ်ဆောင်ခဲ့ပြီး နာရီအနည်းငယ်အကြာတွင် ထိုသို့ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဥပဒေအရာရှိများ၊ ရဲများနှင့် အရပ်သားများ၏အလောင်းများကို ဗုံးပေါက်ကွဲသည့်နေရာ၌ တွေ့ရှိခဲ့ရကြောင်း Khyber Pakhtunkhwa ပြည်နယ်ရှိ ကယ်ဆယ်ရေးအဖွဲ့ အကြီးအကဲ ဟာရစ်ဟာဘစ်က ပြောကြားခဲ့သည်။ ပြင်းထန်သည့်ပေါက်ကွဲ သံကြီးကြားလိုက်ရပြီးနောက် ပေါက်ကွဲမှုအသေးစားထပ်မံဖြစ်ပေါ်ခဲ့သည်ဟု ၎င်းကပြောသည်။

သောကြာနေ့တွင် ဖြစ်ပွားခဲ့သည့် အဆိုပါတရားရုံးတိုက်ခိုက်မှုတွင် မည်သည့်စစ်သွေးကြွအဖွဲ့၏လက်ချက်ဟု တပ်အပ်ပြောဆိုနိုင်ခြင်းမရှိသေးကြောင်း ဝန်ကြီးချုပ်နာဝပ်ရှာရစ်က ပြောကြားခဲ့သည်။

(ရိုက်တာ)

# မတူညီတဲ့အချက်တွေကို တူညီအောင်ညှိနှိုင်းပြီး အားလုံးက လိုလားတောင့်တတဲ့ ဖက်ဒရယ်ပြည်ထောင်စုဆီကို တက်လှမ်းနိုင်ဖို့ မျှော်လင့်

**တွေ့ဆုံမေးမြန်း-တင်မောင်လွင်၊ ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သီဟစည်သူ**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ ဒုတိယမြောက်နေ့အဖြစ် စက်တင်ဘာ ၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ဆက်လက်ကျင်းပသည်။

အဆိုပါငြိမ်းချမ်းရေးညီလာခံတွင် အဖွဲ့အစည်းအသီးသီးမှ တက်ရောက်လာသည့် ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ၎င်းတို့၏အမြင်နှင့်သဘောထားများကို ဖတ်ကြားတင်သွင်းခဲ့ကြသည်။ ညီလာခံသို့ တက်ရောက်လာသူ တချို့၏ အမြင်များကို တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါ်စောမြရာဇာလင်း**
**ရခိုင်ပြည်လွတ်မြောက်ရေးပါတီ**
**ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဒုတိယခေါင်းဆောင်**

**မေး။ အခုလုပ်နေတဲ့ ပင်လုံညီလာခံကနေ ရခိုင်ပြည်နယ်ရဲ့ ပြဿနာတွေကို ဘယ်လောက်အထိ ဖြေရှင်းပေးနိုင်မယ်လို့ ထင်ပါသလဲ။**

ဖြေ။ ဒီပင်လုံညီလာခံက ငြိမ်းချမ်းရေးခြေလှမ်းကို ပထမစတင်လိုက်တဲ့ တံခါးခေါက်သံ၊ ခေါင်းလောင်းခေါက်သံ ဒီညီလာခံရဲ့ပိုင်ရှင်ဟာ အားလုံးဖြစ်ရမယ်ဆိုတဲ့ ကြွေးကြော်ချက်နဲ့ ဒီညီလာခံကို စတင်လာတာ ဖြစ်ပါတယ်။

ကျွန်မဟာ ရခိုင်အမျိုးသမီးတစ်ယောက်ဖြစ်ပါတယ်။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီလည်း ကျွန်မတို့ရဲ့ပါတီဖြစ်တယ်။ DDR နဲ့ SSR ဆိုရင် DDR ဆိုတာကတော့ အားလုံးလက်နက်ဖြုတ်သိမ်းရေးဆိုတဲ့ အဓိပ္ပာယ်ထွက်ပါတယ်။ Security Sector Reform လို့ ပြောတဲ့အခါမှာ အားလုံးပြန်ပေါင်းစည်းရေးဆိုတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်လိုပြန်လည်ပေါင်းစည်းကြမလဲဆိုတဲ့မှုကို ဘယ်မှာ ရှာရမလဲဆိုတော့ စားပွဲဝိုင်းမှာပဲရှာလို့ရမှာပါ။ DDR သွားရမလားနဲ့ SSR သွားရမလားဆိုလို့ရှိရင် DDR ကိုစတင်ပြီး ပြောလိုက်ပြီဆိုလို့ရှိရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကတော့ လက်မခံတဲ့အဖွဲ့အစည်းတွေရှိပါတယ်။ အဲဒါကြောင့် DDR ကိုချန်ထားပြီးတော့မှ တိုင်းပြည်ကြီးတစ်ခုလုံးကို ထူထောင်လာပြီ ဆိုတဲ့အခါမှာ ဒီတိုင်းပြည်ကို လုံခြုံဖို့အတွက် ပြည်နယ်လုံခြုံရေး ပြည်မလုံခြုံရေးနှစ်ရပ်ကို ဘယ်လိုပေါင်းစည်းပြီး ကြိုးစားရမလဲဆိုတာပဲ Security Sector Reform ဖြစ်တယ်။ အဲဒါကြောင့် Security Sector Reform ကိုပဲ အများကြီးပြောသင့်တယ်လို့မြင်ပါတယ်။ ငြိမ်းချမ်းရေးရလဒ်တွေနဲ့အညီပဲ တိုင်းပြည်ကိုတည်ဆောက်သွားရမှာ ဖြစ်တယ်။ တိုင်းပြည်တည်ဆောက်ဖို့ဆို ဖက်ဒရယ်စစ် မှုကိုသွားမှာ တစ်ခုလောက်ပဲဖြစ်ပါတယ်။ ဒါပေမယ့် ပြည်နယ်အသီးသီးကနေပြီးတော့ ပြောချင်တဲ့စကားတွေ၊ ပါတီအသီးသီးကနေ ပြောချင်တဲ့စကားတွေကို ဒီနေရာမှာ ပြောလိုက်နိုင်တယ်။ အဲဒီလိုပြောလိုက်နိုင်တဲ့အတွက် လူအများရဲ့ဆန္ဒကို အစိုးရသိသွားမယ်၊ ပြည်သူတွေသိသွားမယ်။ အဲဒါကြောင့်မို့ ပြည်သူတွေက အကဲဖြတ်လို့ ရနိုင်တယ်။ ဒါပေမယ့် ဒီညီလာခံတစ်ခုတည်းနဲ့တော့ မပြီးဆုံးနိုင်သေးဘူး။ ညီလာခံတွေ ဆက်တိုက်ဆက်တိုက် အမြဲလုပ်ရဦးမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ပြည်တွင်းစစ်ကြီးကို အဆုံးသတ်ဖို့လိုတယ်။ ပြီးမှပဲ နိုင်ငံရေးပြဿနာကို စားပွဲခုံပေါ်မှာ ဘယ်လိုဖြေရှင်းရမလဲဆိုတဲ့အနေအထားကို ကျွန်မတို့ ကြိုးစားနေဆဲ ဖြစ်ပါတယ်။ အားလုံးပါဝင်ရေးအတွက်လည်း ကျွန်မတို့ နေ့စဉ်တိုက်တွန်းနေတယ်။

ဒီလက်နက်ကိုင်ပဋိပက္ခဖြစ်နေရခြင်း အကြောင်းအရင်းက အုပ်ချုပ်မှုမညီမျှလို့ဖြစ်ရတယ်။ သူများ တိုင်းပြည်ကို တစ်ပါးသူကလာပြီးအုပ်ချုပ်နေလို့ ဖြစ်တယ်။ အဲဒါကြောင့်မို့လို့ ဘယ်သူမှလဲ သူများအုပ်ချုပ်တာကို မခံချင်ဘူး။ ကျွန်မတို့ ပြုစုထားတဲ့ ဒီစာတမ်းမှာလည်း အဲဒီစာသားတွေပါတယ်။ ကိုယ်တိုင်စီမံခန့်ခွဲချင်တယ်။ ကျွန်မတို့တိုင်းပြည်ရဲ့အနေအထားကို ကျွန်မတို့ ကိုယ်တိုင်အကောင်းဆုံး ဖန်တီးချင်တယ်။ ပြီးလို့ရှိရင် ကျွန်မတို့ ဒေသကသယံဇာတအရင်းအမြစ်တွေကိုလည်း ပင်မတိုင်းပြည်ဖြစ်တဲ့၊ မူလပိုင်ရှင်ဖြစ်တဲ့ ဒေသခံတွေရဲ့ဆန္ဒအရသာ ခွဲဝေခွင့်ရှိရမယ်ဆိုတာကို ဒီစာတမ်းမှာ ကျွန်မကိုယ်တိုင် ရေးဆွဲထားပါတယ်။ ပြီးတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံနယ်စပ်တွေမှာ နေထိုင်ကြတဲ့ ရခိုင်နဲ့ရခိုင်အနွယ်ဝင်များ ဒီတိုင်းပြည်ကို ပြန်ဝင်လာရင် ချက်ချင်းနိုင်ငံသားပေးဖို့ဆိုတာမျိုးကိုလည်း ဒီမှာ တင်ပြထားတာရှိပါတယ်။ ကျွန်မတို့ရဲ့ ကံကြမ္မာကို ကျွန်မတို့အားလုံး ဖန်တီးနိုင်ဖို့ဆိုရင် ဖွဲ့စည်းအုပ်ချုပ်ပုံအရေးကြီးတယ်။ ဒါကြောင့် ပြည်နယ်ဖွဲ့စည်းအုပ်ချုပ်ပုံတစ်ခုဟာ အခိုင်အမာပေါ်ပေါက်လာဖို့ဆိုတာကိုလည်း ကျွန်မတို့တင်ပြမယ့်စာတမ်းမှာ ရေးဆွဲထားတာ ရှိပါတယ်။

**မေး။ AA အပါအဝင် အဖွဲ့အားလုံးပါဝင်နိုင်အောင် ဆောင်ရွက်ဖို့ကိစ္စအပေါ်ရော ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ တစ်ဖက်က အစိုးရဘက်ကပြောနေတဲ့စကားကိုပဲ ပြောရမယ်ဆိုရင် သူတို့က လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီးတော့မှပဲ ငြိမ်းချမ်းရေးခရီးကိုသွားမယ်ဆိုပြီးတော့ ပြောနေတဲ့စကားတွေ ရှိပါတယ်။ ဒီညီလာခံဟာ ကျွန်မတို့ လိုချင်တာက အားလုံးပါဝင်တဲ့အနေအထားမျိုးကို ဖြစ်လာစေချင်တယ်။ အားလုံးပါဝင်တဲ့ ညီလာခံမျိုး ဖြစ်စေချင်တယ်။ ဖြစ်တယ်။ ပြည်နယ်ဖွဲ့စည်းပုံနဲ့ ပြည်ထောင်စုဖွဲ့စည်းပုံဆိုပြီးတော့မှ ဖွဲ့စည်းပုံနှစ်ရပ်ရှိလာရပါမယ်။ ပြည်နယ်ဖွဲ့စည်းပုံမှာလဲ အာဏာကြီးသုံးရပ် ကို အပ်နှင်းထားဖို့လိုပါမယ်။ အဲဒါမှ ကျွန်မတို့ရဲ့ပြည်နယ်ကို ကောင်းမွန်စွာ ဖန်တီးနိုင်မယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံတဲ့အကြောင်းတရားတွေကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ အခိုင်အမာပြဋ္ဌာန်းပြီးသွားမှ အနာဂတ်မှာ ညီလာခံတွေမှာ တင်လာရမယ်။ အဲဒီအရာတွေ ပြည့်စုံလာပြီးမှပဲ ကျွန်မတို့လိုချင် တဲ့ ဖက်ဒရယ်မူစစ်စစ်ကို ရမှာဖြစ်ပါတယ်။

**စောစိန်ဝင်း**
**ဒီမိုကရေစီအကျိုးပြုပြည်သူ့တပ်မတော်အဖွဲ့**

**မေး။ ဒီနေ့ဖတ်ကြားသွားတဲ့ သဘောထားအမြင်နဲ့ပတ်သက်ပြီး ရည်ရွယ်ချက်နဲ့ အမြင်သဘောထားလေး အနည်းငယ် ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ကျွန်တော်တို့ဆီမှာ နယ်က စွန့်ခွာထွက်ပြေးသွားတဲ့ ဒုက္ခသည်တွေ ဒီမှာ ငြိမ်းချမ်းရေးညီလာခံ ပြန်လည်တည်ဆောက်နေစဉ်မှာပဲ ကြိုဆိုလက်ခံရေးနဲ့ နေရာချထားရေးကို အဆင်ပြေပြေ ဆောင်ရွက်နိုင်ဖို့က အဓိကလို့ ပြောချင်ပါတယ်။ နောက် ကျွန်တော်တို့ဒေသကနေပြီး တိုင်းရင်းသားတွေက ကိုယ့်စာပေကိုသင်ကြားရေး အခွင့်အရေးရရှိဖို့ အဓိကရည်ရွယ်ပါတယ်။ ကျန်းမာရေးမှာဆိုလည်း ဗဟိုကနေ တိုက်ရိုက်ချုပ်ကိုင်ရင် အောက်ခြေက ဘာတွေလိုအပ်တာလဲဆိုတာတွေကို ဗဟိုအစိုးရက အကုန်မသိနိုင်ဘူး။ ဗဟိုကနေ ချပေးတဲ့အခါလိုအပ်တဲ့ဆေးတွေက မလုံလောက်ဘူး။ မလိုအပ်တဲ့ဆေးတွေက ပိုနေတာတွေရှိတယ်။ ကျန်းမာရေးကို ဒေသခံကျန်းမာရေးအဆင့်ကနေ တိုက်ရိုက်ကြီးကြပ်နိုင်မယ်ဆိုရင် ဒေသရဲ့ကျန်းမာရေးအခြေအနေ ပိုပြီးတော့ ထိရောက်မယ်လို့ ယူဆပါတယ်။

**မေး။ ဒီနေ့ ညီလာခံမှာ ကိုယ်စားလှယ်အသီးသီးက တင်ပြတဲ့သဘောထားအမြင်ပေါ်မှာ သုံးသပ်ချက်ကလေး နည်းနည်းပြောပြပေးပါခင်ဗျာ။**

ဖြေ။ ဒီနေ့ညီလာခံမှာ ကိုယ်စားလှယ်အားလုံးဖတ်သွားတဲ့ အပေါ်မှာ သုံးသပ်ကြည့်မယ်ဆိုရင် အမြင်သဘောထားက သုံးပုံနှစ်ပုံလောက် တိုက်ဆိုင်တူညီနေတာကို တွေ့ရတယ်။ မတူညီတဲ့ အကန့်လေးတွေကို လာမယ့်ဆွေးနွေးပွဲကာလမှာ အမြင်ချင်းဖလှယ်ပြီး ဘယ်ဟာက အကောင်းဆုံးဖြစ်တယ်ကို ရွေးချယ်ဆွေးနွေးပြီးတော့ တစ်ခုခုကို အကောင်းဆုံးရွေးချယ်သုံးသပ်သွားမယ်လို့ မြင်ပါတယ်။ ဒီညီလာခံကနေ ဒေသတစ်ခုနဲ့တစ်ခု ကွာဟနေတဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေ၊ လူနေမှုစနစ်တွေ၊ တစ်ခုနဲ့တစ်ခု လုပ်ကိုင်နေထိုင်စားသောက်တဲ့ လူနေမှုအခြေအနေ မတူကွဲပြားမှုအပေါ်မှာ ဒီညီလာခံကနေ အကုန်လုံးကို အကောင်းဆုံး တိုင်ပင်ညှိနှိုင်းအဖြေရှာသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးမင်းဇော်ဦး**
**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ လေ့လာစောင့်ကြည့်ရေးပူးတွဲကော်မတီ (JMC)**

**မေး။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဒုတိယနေ့မှာ "ဝ" နဲ့ မိုင်းလားအဖွဲ့တွေ မတက်ရောက်ဘဲ ပြန်သွားကြတယ်လို့ သိရပါတယ်။ အဲဒီအပေါ်မှာ ဘာဖြစ်လို့လဲဆိုတာလေး ရှင်းပြပေးပါ။**

ဖြေ။ တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ် အယောက် ၂၀၀ တက်ရောက်ဖို့ လျာထားပါတယ်။ ဒီတိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်တွေ သူတို့အတွက် တက်မယ့် Pass တွေကို တိုင်းရင်းသားကိုယ်စားလှယ်တွေအတွက် ပေးလိုက်ပြီးပြီ။ အဲဒါကို စီမံခန့်ခွဲနေတဲ့သူ ရှိပါတယ်။ အကုန်ပေးလိုက်ပြီးပြီ။ နိုင်ငံရေးပါတီဆိုလည်း နိုင်ငံရေးပါတီပေါ့။ တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်တွေကိုရော ပေးပြီးပါပြီ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအတွက် ပေးတဲ့ဝင်ခွင့်ကတ်တွေထဲမှာ အဲဒီ "ဝ" နဲ့ မိုင်းလားအဖွဲ့က အဲဒီစီမံခန့်ခွဲရေးအဖွဲ့တွေနဲ့ဆက်သွယ်ပြီး သွားမထုတ်လိုက်ဘူး။ သွားမထုတ်ဘဲနဲ့ ၃၀ ရက်နေ့မှ အစိုးရပူးပေါင်းဆောင်ရွက်ရေးစင်တာကို ရောက်လာတယ်။ ခင်ဗျားတို့အတွက် ကတ်မရရင် ဝင်ရခက်နေမယ်ဆိုပြီး ယာယီအနေနဲ့ ကတ်လုပ်ပေးလိုက်မယ်။ ယာယီကတ်နဲ့ ခေတ္တဝင်ထားပါလို့ ပြောထားတယ်။ နောက်နေ့မှာ အဲဒီကတ်တွေကို ပြန်ယူပေးမယ်လို့ပြောလိုက်တယ်။ ကျွန်တော့်အထင် ပြောရရင် အဲ့ဒါကိုပဲ နားလည်မှုလွဲသွားတာမျိုးဖြစ်မှာပါ။

**မေး။ ကိုယ်စားလှယ်အသီးသီးက ဒီနေ့ ညီလာခံမှာ ဖတ်ကြားသွားတဲ့ သဘောထားအမြင်ပေါ်မှာ သုံးသပ်ချက်ကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ အဓိကကတော့ ညီလာခံနေ့မှာ အဖွဲ့အစည်းအသီးသီးဟာ သူတို့လိုချင်တာတွေကို ပြောကြတာပေါ့။ နီးစပ်တာတွေရှိသလို တချို့ကလည်း လက်တွေ့မကျတာတွေ အများကြီးရှိပါတယ်။ ဆွေးနွေးပွဲဆိုတာ မတူတဲ့အမြင်တွေကို တစ်ခုတည်းဖြစ်အောင် ပေါင်းစည်းကြတာ။ အဲဒီအတွက်တော့ စိန်ခေါ်မှုတွေ အများကြီး ရှိပါတယ်။ ဒါပေမယ့် ဒါဟာ အစဖြစ်တဲ့အတွက်ကြောင့် အစပိုင်းမှာ ကိုယ်လိုချင်တာ ကိုယ်ပြောကြတာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ညှိနှိုင်းရင်းညှိနှိုင်းရင်းနဲ့ ဘယ်ဟာ လက်တွေ့ကျတယ်၊ ဘယ်ဟာ လက်တွေ့မကျဘူး။ ဘယ်ဟာကတော့ တခြားနိုင်ငံတွေမှာ ရှိတယ်၊ ဘယ်ဟာကတော့ ကမ္ဘာပေါ်မှာ မရှိသေးတာကို တောင်းနေပါလားဆိုပြီး သိလာမှာပါ။

**ခွန်မြင့်ထွန်း(ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်)**

**မေး။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပနေတဲ့အပေါ် သဘောထားအမြင်ကို ပြောပြပေးပါ။**

ဖြေ။ ကျွန်တော်တို့မှာ မျှော်လင့်ချက်သုံးခုရှိပါတယ်။ ဒီနေ့ဖြစ်တည်လာတဲ့လူထုအစိုးရဟာ နိုင်ငံရေးအစိုးရဖြစ်ပါတယ်။ နိုင်ငံရေးအစိုးရလက်ထက်မှာ နိုင်ငံရေးပြဿနာတွေကို အင်အားသုံး ဖြေရှင်းတာမဟုတ်ဘဲနဲ့ ငြိမ်းချမ်းစွာဖြေရှင်းနိုင်မယ်လို့ အများကြီးယုံကြည်မျှော်လင့်မိပါတယ်။ နောက်တစ်ခု ထူးခြားတာကတော့ အရင်တုန်းက အပစ်အခတ်ရပ်စဲရေးဖြစ်စဉ်တွေမှာ နိုင်ငံရေးကို မဆွေးနွေးပါဘူး။ ပြည်သူလူထုပါဝင်ခွင့်မရရှိခဲ့ပါဘူး။ ဒီကနေ့ဆွေးနွေးပွဲမှာတော့ နိုင်ငံရေးဆွေးနွေးခွင့်ရမယ်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမိသားစုနဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့အားပေးကူညီမှုတွေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

တစ်ဦးနဲ့တစ်ဦး၊ တစ်ဖက်နဲ့တစ်ဖက် ပြည်ထောင်ဖက်များအဖြစ် အပြန်အလှန်အသိအမှတ်ပြုပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးအတွက် သန္နိဋ္ဌာန်ချမှတ်ပြီး NCA ကို လက်မှတ်ရေးထိုးနိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံသမိုင်းမှာ ပြည်ထောင်စုအစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့အမြင့်မားဆုံးသော သဘောတူစာချုပ်တစ်ရပ်ဖြစ်တဲ့ ငြိမ်းချမ်းရေးအခြေခံအုတ်မြစ်တစ်ရပ်ကို ကျွန်တော်တို့ ရရှိထားပြီးဖြစ်ပါတယ်။

**မန်းကြည်ဝင်း (KNU/KNLA Peace Council)**

**မေး။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ ကျင်းပနေတဲ့အပေါ် သဘောထားအမြင်လေးကို ပြောပြပေးပါ။**

ဖြေ။ တိုင်းရင်းသားတွေရဲ့ သဘောထား၊ နိုင်ငံတော်ရဲ့ သဘောထား၊ တပ်မတော်ရဲ့ သဘောထားတွေကို သိလိုက်ရပါတယ်။ အားလုံးကတော့ ငြိမ်းချမ်းရေးကို လိုလားစွာနဲ့ (၂၁) ရာစုပင်လုံမှာစုပေါင်းပြီး မူဝါဒတစ်ခု ချမှတ်မယ်လို့ သိရပါတယ်။ (၂၁) ရာစုပင်လုံ အောင်မြင်ပါစေလို့ ဆန္ဒရှိပါတယ်။ ဖက်ဒရယ်မူနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်အောင် ဆွေးနွေးကြမှာဖြစ်ပါတယ်။ မတူညီတဲ့အချက်တွေကို တူညီအောင်ညှိနှိုင်းပြီး အားလုံးက လိုလားတောင့်တတဲ့ ဖက်ဒရယ်ပြည်ထောင်စုဆီကို တက်လှမ်းနိုင်ဖို့ မျှော်လင့်မိပါတယ်။

**ဦးစိုင်းကျော်ညွန့်(ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)**

**မေး။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ကျင်းပနေတဲ့အပေါ် သဘောထားအမြင်လေးကို ပြောပြပေးပါ။**

ဖြေ။ တိုင်းရင်းသားလူမျိုးတွေတင်ပြတဲ့အထဲမှာတော့ ဖက်ဒရယ်ရဲ့မူဝါဒတွေရော၊ သဘောထားကြီးကြီးနဲ့ ဘယ်လိုနေထိုင်မယ်ဆိုတာကြားရတယ်။ မြန်မာအခြေခံတဲ့ ပါတီတွေနဲ့ တိုင်းရင်းသားတွေရဲ့တင်ပြမှုတွေဟာ ခုထိတော့ အတိုင်းအတာတစ်ခုအထိ ကွဲလွဲနေဆဲဖြစ်ပါတယ်။ ဒေါက်တာတင်မျိုးဝင်းတင်ပြတဲ့အချက်ထဲမှာ ကောင်းတာတွေရှိပါတယ်။ အစိုးရဘက်ကတော့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို မဖြစ်မနေသွားမယ်ဆိုတာမျိုးကို တော့ တွေ့ရပါတယ်။ အဲဒါကလည်း ကောင်းတဲ့အချက်ဖြစ်ပါတယ်။ တိုင်းရင်းသားတွေနဲ့ ကောင်းကောင်းမွန်မွန် ညှိနှိုင်းပြီးသွားမယ်ဆိုရင်တော့ ကျွန်တော်တို့မျှော်မှန်းထားတဲ့ ဖက်ဒရယ်ကိုရောက်မယ်လို့ မြင်ပါတယ်။ အခွင့်အရေးတစ်ခုဆိုတာ ကြိုးစားစရာမလိုဘဲနဲ့ကို သူဟာနဲ့သူရပြီးသား အဆင့်ရောက်အောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ပဋိပက္ခတွေကလည်း ခုမှဖြစ်လာတာမဟုတ်တဲ့အတွက် အကြောင်းအရာတွေကလည်း တစ်ခုတည်းမဟုတ်ပါဘူး။ နောက်ဆုံး ကောက်ရိုးတစ် မျှင်ကြောင့် လှည်းကျိုးသွားတာလည်း ဖြစ်နိုင်ပါတယ်။ ရှေ့မှာလည်း မြောက်မြားစွာသော ပြဿနာတွေ ရှိလာခဲ့တာဖြစ်တဲ့အတွက်ကြောင့် ဒီအရင်းခံပြဿနာကို မဖြေရှင်းနိုင်သရွေ့တော့ ဒီငြိမ်းချမ်းရေးကို မလွယ်ကူ ဘူးလို့ ထင်မိပါတယ်။

ဖွဲ့စည်းပုံအခြေခံကိုပြင်နိုင်ဖို့အတွက်ပဲ နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်နေတာပါ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသားပါတီတွေတင်သွင်းတဲ့စာတမ်းတွေက သိပ်မကွာပါဘူး။ စကားလုံးသာ ကွဲပြားပြီး အနှစ်သာရက အတူတူပါပဲ။ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်မှာ ပင်လုံစိတ်ဓာတ်ကိုအခြေခံပြီး ပင်လုံစာချုပ်မှာ မဖော်ဆောင်နိုင်ခဲ့သေးတဲ့အချက်အလက်တွေကို ဖော်ဆောင်နိုင်မှသာလျှင် ဒီနိုင်ငံကြီးအေးချမ်းမယ်ဆိုတာကို တိုင်းရင်းသားအဖွဲ့အစည်းအားလုံးက တညီတညွတ်တည်း တင်ပြကြတာဖြစ်ပါတယ်။ တိုင်းရင်းသားပါတီတွေတင်ပြတဲ့စာတမ်းတွေအားလုံးက ကျွန်တော်တို့ တိုင်းရင်းသားအားလုံးရဲ့ လိုအင်ဆန္ဒတွေပါပဲ။


စောစိန်ဝင်း


ဒေါ်စောမြရာဇာလင်း


ဦးမင်းဇော်ဦး


ခွန်မြင့်ထွန်း


မန်းကြည်ဝင်း


ဦးစိုင်းကျော်ညွန့်

# ကမ္ဘာ့စီးပွားရေးလုပ်ငန်းရှင်များ အားကျရမည့် ငြိမ်းချမ်းရေးလက်တွဲဖော်စီးပွားရေးဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ

**လူလေးဝိုင်း ■**

**မြန်မာနိုင်ငံမှာ (၂၁) ရာစုပင်လုံညီလာခံကျင်းပနေချိန်ဖြစ်လို့ ကမ္ဘာ့စီးပွားရေးလောကအနေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဘယ်လိုများ ထောက်ပံ့ပေးတာရှိမလဲဆိုတာကို တင်ပြလိုပါတယ်။**

ငြိမ်းချမ်းရေးလက်တွဲဖော် စီးပွားရေးဖောင်ဒေးရှင်း (Business for Peace-BFP) ဟာ နော်ဝေနိုင်ငံ အော်စလိုမြို့မှာ အခြေစိုက်တဲ့ အကျိုးအမြတ်မယူတဲ့ ဖောင်ဒေးရှင်းပါ။ နှစ်စဉ်နှစ်တိုင်း ဒီဖောင်ဒေးရှင်းက အော်စလို စီးပွားရေးငြိမ်းချမ်းရေးဆု (Oslo Business for Peace Award) ချီးမြှင့်ခံရမယ့် ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ခုနစ်ဦးကို ရွေးချယ်ပါတယ်။ အော်စလိုစီးပွားရေး ငြိမ်းချမ်းရေးဆုရဲ့ အခြေခံမူကတော့ ကမ္ဘာ့ပြည်သူ တွေကြား ယုံကြည်မှု၊ တည်ငြိမ်မှုနဲ့ ငြိမ်းချမ်းမှုတို့ကို မြှင့်တင် ပေးနိုင်တဲ့ ထူးခြားတဲ့ စီးပွားရေးစွမ်းဆောင်မှုတွေရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်ဆိုတဲ့ သဘောပါ။ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ် တွေကို သီးခြားလွတ်လပ်တဲ့ကော်မရှင်ကနေ ရွေးချယ် ပေးတာပါ။ ဒီကော်မရှင်မှာ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် တွေ(ဒါမှမဟုတ်)စီးပွားရေး သိပ္ပံပညာဆိုင်ရာ နိုဘယ်လ် အမှတ်တရဆုရှင် (Nobel Memorial Prize in Economic Sciences) တွေ ပါဝင်ကြပါတယ်။ ဒီ ဖောင်ဒေးရှင်းကို ၂၀၀၇ ခုနှစ် ဧပြီလမှာစတင်ထူထောင်ခဲ့ ပြီး ၂၀၀၉ ခုနှစ်မှစ၍ အော့စလိုစီးပွားရေးငြိမ်းချမ်းရေး ဆုကို ချီးမြှင့်ခဲ့တာပါ။ ဒီဆုကို နှစ်စဉ်နှစ်တိုင်း ကျင်းပတဲ့ ငြိမ်းချမ်းရေးလက်တွဲဖော် စီးပွားရေးထိပ်သီးညီလာခံမှာ ချီးမြှင့်တာပါ။

ဒီဖောင်ဒေးရှင်းဖွဲ့စည်းရခြင်းရဲ့ အခြေခံအကြောင်း ရင်းကတော့ ကမ္ဘာ့ပြည်သူတွေအကြား ကမ္ဘာ့ကုမ္ပဏီကြီး တွေဟာ ကမ္ဘာ့ပြည်သူတွေအပေါ် အမြတ်ထုတ်ပြီး တစ်နေ့တခြား ပိုချမ်းသာကြွယ်ဝနေတယ်ဆိုတဲ့ အမြင် အယူအဆ ကျယ်ပြန့်လာတဲ့အနေအထားပါ။ ဒီအနေ အထားကြောင့် စီးပွားရေးလောကနဲ့ လူ့အဖွဲ့အစည်းကြား တင်းမာလာပါတယ်။ ဒါကြောင့် စီးပွားရေးလောကနဲ့ လူ့အဖွဲ့အစည်းတို့အကြား အပြန်အလှန်အကျိုးရှိပြီး ပိုမိုသဟဇာတဖြစ်ရေးကို ဦးတည်ပြီး ဒီဖောင်ဒေးရှင်းကို ဖွဲ့စည်းခဲ့တာပါ။ ဖောင်ဒေးရှင်းရဲ့ဦးတည်ချက်က စီးပွားရေး လောကဟာ လူ့အဖွဲ့အစည်းအတွက် အပြန်အလှန်အကျိုး ပြုနိုင်တဲ့ ကဏ္ဍတစ်ရပ်ဖြစ်သလို ယုံကြည်မှု၊ တည်ငြိမ်မှု နဲ့ ငြိမ်းချမ်းမှုတို့ကို မြှင့်တင်ပေးနိုင်တယ်ဆိုတာကို ပေါ်လွင်ထင်ရှားစေလိုတာပါ။ ပြောရရင် စီးပွားရေးလောက အနေနဲ့ ရေတိုစီးပွားရေး အကျိုးအမြတ်ကိုပဲ ချိန်ဆ လုပ်ကိုင်ရာကနေ ရေရှည်အကျိုးစီးပွားအတွက် မျှော်မှန်း လုပ်ကိုင်တဲ့ အလေ့အကျင့်ဆီ ကူးပြောင်းလုပ်ကိုင်နိုင်ဖို့ ရည်ရွယ်တာပါ။ တစ်နည်းပြောရရင် အကျိုးအမြတ်လည်း ရှိသလို ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ကြဉ်းနိုင် ပြီး လူ့အဖွဲ့အစည်းနဲ့လည်း သဟဇာတဖြစ်အောင် စွမ်းဆောင် နိုင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေကို ငြိမ်းချမ်းရေးလက်တွဲဖော် စီးပွားရေးဖောင်ဒေးရှင်းက ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်တွေအဖြစ် ရွေးချယ်တာပါ။ တကယ့်ရည်ရွယ်ချက်ကတော့ ကမ္ဘာ့စီးပွား ရေးလုပ်ငန်းရှင်တွေက ဒီဂုဏ်ထူးဆောင်ပုဂ္ဂိုလ်တွေကို အားကျ ပြီး အတုယူဆောင်ရွက်လာရေးပါ။

ကိုဖီအာနန်ကတော့ "ကမ္ဘာ့စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ချင်းတစ်ဦးချင်းအနေနဲ့ သူတို့ဟာ ကမ္ဘာကြီးရဲ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးအတွက် ပါဝင်စွမ်းဆောင်ပေးနိုင်တယ်ဆိုတာကို သတိပြုမိပြီး နိုးနိုးကြားကြား တက်တက်ကြွကြွဆောင်ရွက် လာဖို့က အရေးကြီးပါတယ်။ အော်စလို စီးပွားရေး ငြိမ်းချမ်း ရေးဆုရဲ့ အခြေခံအတွေးအခေါ်အယူအဆနဲ့ အကျိုး သက်ရောက်မှုတွေဟာ ကမ္ဘာကြီးအတွက် မျှော်လင့် အားတက် စရာဖြစ်စေပါလိမ့်မယ်" ဆိုပြီး ဂုဏ်ပြုစကားပြောကြားခဲ့ပါ တယ်။ ငြိမ်းချမ်းရေးလက်တွဲဖော်စီးပွားရေးဖောင်ဒေးရှင်းဟာ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ရွေးချယ်ဖို့ ကမ္ဘာတစ်လွှားဖြန့်ကြက် ရှာဖွေတာပါ။ ဒီဖောင်ဒေးရှင်းက ၂၀၀၉ ခုနှစ်ကစပြီး နိုင်ငံ တကာကုန်သည်ကြီးများအဖွဲ့ (International Chamber of Commerce) နဲ့ လက်တွဲဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတကာကုန်သည်ကြီးများအဖွဲ့ဟာ ကမ္ဘာပေါ်မှာ အကြီး မားဆုံးနဲ့ အကျယ်ပြန့်ဆုံးစီးပွားရေးအဖွဲ့အစည်းပါ။ ဒါ့အပြင် ဒီဖောင်ဒေးရှင်းက ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) အပါအဝင် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုအဖွဲ့ (United Nations Global Compact)တို့နဲ့လည်း လက်တွဲဆောင်ရွက်ပါတယ်။ ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ သဘောတူညီမှုအဖွဲ့ဟာ လူမှုကျင့်ဝတ်အပေါ် အခြေခံတဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းပါ။

အခု ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်အဖြစ် ရွေးချယ်ခံရ တဲ့ ပုဂ္ဂိုလ်တွေကို ကြည့်ကြရအောင်ပါ။ ၂၀၀၉ ခုနှစ် ဂုဏ် ထူးဆောင်ပုဂ္ဂိုလ်တွေထဲက တစ်ဦးက ဒေါက်တာမိုဟာမက် မိုအီဘရာဟင် (Dr.Mohamed "Mo" Ibrahim)ပါ။ ဒေါက်တာ မိုအီဘရာဟင်ကို ၁၉၄၆ ခုနှစ်မှာ မွေးဖွားခဲ့တာ ဖြစ်လို့ ယခုဆိုရင် အသက် ၇၀ ရှိနေပါပြီ။ မွေးရပ်ဇာတိ အရပြောရင် ဒေါက်တာမိုအီဘရာဟင်က ဆူဒန်နိုင်ငံသားပါ။ ဒေါက်တာ မိုအီဘရာဟင်ဟာ မိုဘိုင်းတယ်လီဖုန်းဆက်သွယ် ရေးလုပ်ငန်းရှင်ကြီးဖြစ်ပြီး ဒေါ်လာဘီလီယံနဲ့ချီ ချမ်းသာပါတယ်။



ဇရိကယ်ရီ

ဒေါက်တာမိုဟာ မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကုမ္ပဏီ တွေမှာ အလုပ်လုပ်ခဲ့ပြီး ကိုယ်ပိုင် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကုမ္ပဏီ Celtel ကို ထူထောင်ခဲ့ပါတယ်။ ဒေါက်တာမိုက ၂၀၀၅ ခုနှစ်မှာ Celtel ကို ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံနဲ့ ရောင်းလိုက်တဲ့အချိန်မှာ Celtel က အာဖရိက နိုင်ငံ ၁၄ နိုင်ငံမှာ မိုဘိုင်းဖုန်းသုံးစွဲသူ ၂၄ သန်းကျော် ရှိနေပါပြီ။ အဲဒီနောက် ဒေါက်တာမိုဟာ အာဖရိကမှာပိုမိုကောင်းမွန်တဲ့ အုပ်ချုပ်ရေးစနစ်ပေါ်ထွန်းလာရေးကို အားပေးအားမြှောက် လုပ်ဖို့ မိုအီဘရာဟင်ဖောင်ဒေးရှင်း (Mo Ibrahim Foundation)ကို ထူထောင်ခဲ့ပြီး နိုင်ငံတွေရဲ့စွမ်းဆောင်ရည် ကို ပိုင်းဖြတ်ဖို့ မိုအီဘရာဟင်ရည်ညွှန်းကိန်း (Mo Ibrahim Index)ကိုပါ တီထွင်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ ဒေါက်တာ မိုက ကမကထလုပ်ပြီး အာဖရိကခေါင်းဆောင်မှု စွမ်းဆောင် ရည်ဆိုင်ရာ မိုအီဘရာဟင်ဆု (Mo Ibrahim Prize for Achievement in African Leadership) ချီးမြှင့်ရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီဆုကြေးငွေက ကနဦး ချီးမြှင့်ငွေ အနေနဲ့ ဒေါ်လာ ငါးသန်းရှိပြီး နှစ်စဉ်ချီးမြှင့်ငွေဒေါ်လာ နှစ်သိန်းကိုလည်း သက်ဆုံးတိုင်ပေးပါတယ်။ ဒီဆုချီးမြှင့် ပေးအပ်ခံရတဲ့ ခေါင်းဆောင်ပုဂ္ဂိုလ်ဟာ နိုင်ငံသူ နိုင်ငံသား တွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံမှုနဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုတွေကို မြှင့်တင်ပေးခဲ့တဲ့ ခေါင်းဆောင်ဖြစ်ရမှာ ဖြစ်သလို ဒီမိုကရေစီကျင့်စဉ်နဲ့အညီ အာဏာကိုလည်း ငြိမ်းငြိမ်းချမ်းချမ်းလွှဲပြောင်းပေးခဲ့တဲ့ ခေါင်းဆောင်မျိုးဖြစ်ရ မှာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် ဖောဘတ်မဂ္ဂဇင်းရဲ့ ဘီလီယံနာ စာရင်းမှာ ဒေါက်တာမိုအီဘရာဟင်က ကမ္ဘာပေါ်မှာ ၆၉၂ ဦးမြောက် အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်ပြီး ပိုင်ဆိုင်ကြွယ်ဝမှုက ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံရှိပါတယ်။



ဒေါက်တာ မိုဟာမက်မို အီဘရာဟင်

၂၀၁၅ ခုနှစ်ရဲ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်တွေထဲက တစ်ဦး ကတော့ ဇရိကယ်ရီ (Zahi Khouri) ပါ။ ဇရိကယ်ရီဟာ ပါလက်စတိုင်း-အမေရိကန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးပါ။ ပါလက်စတိုင်းနယ်မြေထဲမှာ ဆောင်ရွက်ခဲ့တဲ့ သူ့ရဲ့ စီးပွား ရေးလုပ်ငန်းတွေကြောင့် ဇရိကယ်ရီဟာ ကမ္ဘာပေါ်မှာ လူသိများထင်ရှားလာပါတယ်။ ဇရိကယ်ရီဟာ ပါလက်စတိုင်း ခရစ်ယာန်မျိုးနွယ်ဖြစ်ပြီး ဂျက်ဖာမြို့ (Jaffa)မှာ ၁၉၃၈ ခုနှစ်က မွေးဖွားခဲ့ပါတယ်။ ၁၉၄၈ ခုနှစ် အာရပ်-အစ္စရေးစစ်ပွဲ ဖြစ်ပွားတဲ့အခါ ဒေသခံအာရပ်အများစုနဲ့အတူ ဇရိကယ်ရီ မိသားစုဟာ နိုင်ငံကထွက်ခွာပြေးပြီး လက်ဘနွန်နိုင်ငံမှာ ဒုက္ခသည်အဖြစ် နေထိုင်ခဲ့ပါတယ်။ ၁၉၆၀ ကျော်ကာလမှာ ဇရိကယ်ရီဟာ ဂျာမနီနိုင်ငံကို သွားရောက်ပညာသင်ကြား ခဲ့ပြီး အင်ဂျင်နီယာဆိုင်ရာ မဟာသိပ္ပံဘွဲ့ကို ရရှိခဲ့ပါတယ်။ ဇရိကယ်ရီဟာနောက်ပိုင်း ပြင်သစ်နိုင်ငံမှာရှိတဲ့ European Institute of Business Administration ကနေ အမ်ဘီအေ (MBA)ဘွဲ့ရရှိခဲ့ပါတယ်။

ဇရိကယ်ရီဟာ ၁၉၆၇ ခုနှစ်မှာ အမေရိကန်နိုင်ငံကို ရွှေ့ပြောင်းခဲ့ပြီး နိုင်ငံတကာ စီးပွားရေးကုမ္ပဏီကြီးတွေမှာ အလုပ်လုပ်ကိုင်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (PLO) နဲ့ အစ္စရေးနိုင်ငံတို့ကြား အော်စလိုသဘောတူညီချက် (Oslo Accords)ကို လက်မှတ်ရေးထိုးပြီးနောက်ပိုင်း အနောက်ဘက်ကမ်းနဲ့ ဂါဇာဒေသဟာ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ရှိတဲ့ နယ်မြေတွေ ဖြစ်လာပါတယ်။ အဲဒီအချိန်မှာ ဇရိကယ်ရီဟာ ပါလက်စတိုင်း ဒေသကို ပြန်သွားပြီး ပါလက်စတိုင်းစီးပွားရေးလုပ်ငန်း ရှင်တွေနဲ့ လက်တွဲကာ ဖက်စပ်လုပ်ငန်းတွေ ထူထောင် လုပ်ကိုင်ခဲ့ပါတယ်။ ဇရိကယ်ရီရဲ့ ထင်ရှားတဲ့လုပ်ဆောင် ချက်ကတော့ အကြီးဆုံးပါလက်စတိုင်းရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ဖြစ်တဲ့ The Palestinian Development and Investment Company (PADICO)ကို ထူထောင် ခဲ့တာပါ။ ဇရိကယ်ရီရဲ့ နောက်ထပ်စွမ်းဆောင်ချက်တစ်ခု ကတော့ တစ်ခုတည်းသော ပါလက်စတိုင်း မိုဘိုင်းဆက်သွယ် ရေးကုမ္ပဏီဖြစ်တဲ့ Jawwal ရဲ့အမှုဆောင်အရာရှိချုပ်အဖြစ် ဆောင်ရွက်ခဲ့တာပါ။ ငြိမ်းချမ်းရေးလက်တွဲဖော်စီးပွားရေး ဖောင်ဒေးရှင်းရဲ့ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်တွေဖြစ်တဲ့ ဒေါက်တာ မိုအီဘရာဟင်နဲ့ ဇရိကယ်ရီတို့ကို ကြည့်လိုက်ရင်ကိုပဲ ဖောင်ဒေးရှင်းက သူ့ရည်မှန်းချက်တွေကို ပီပီပြင်ပြင်အကောင် အထည်ဖော်နေတယ်ဆိုတာဟာ ပေါ်လွင်ပါတယ်။ ။

> **ဖောင်ဒေးရှင်းရဲ့ ဦးတည်ချက်က စီးပွားရေးလောကဟာ လူ့အဖွဲ့အစည်းအတွက် အပြန်အလှန်အကျိုးပြုနိုင်တဲ့ ကဏ္ဍတစ်ရပ်ဖြစ်သလို ယုံကြည်မှု၊ တည်ငြိမ်မှုနဲ့ ငြိမ်းချမ်းမှုတို့ကို မြှင့်တင်ပေးနိုင်တယ်ဆိုတာကို ပေါ်လွင်ထင်ရှားစေလိုတာပါ။ ပြောရရင် စီးပွားရေးလောကအနေနဲ့ ရေတိုစီးပွားရေး အကျိုးအမြတ်ကိုပဲ ချိန်ဆ လုပ်ကိုင်ရာကနေ ရေရှည်အကျိုးစီးပွားအတွက် မျှော်မှန်းလုပ်ကိုင်တဲ့ အလေ့အကျင့်ဆီ ကူးပြောင်း လုပ်ကိုင်နိုင်ဖို့ ရည်ရွယ်**


**၂၀၁၆–၂၀၁၇ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်သူများအတွက်**

ဂုဏ်ထူးအမှတ်များနှင့်အထက်ရရှိရန် ကြိုးစားနေသူများတန်းခွဲ နှင့်
အောင်မြင်မှုအမှတ်များရရှိရန် ကြိုးစားနေသူများတန်းခွဲ

**စက်တင်ဘာလ (၈)ရက် ၂၀၁၆ (ကြာသပတေးနေ့) စမည်။ (လူဦးရေ အထူးကန့်သတ်ထားပါသည်။)**

**(A) စနေ နှင့် တနင်္ဂနွေ နံနက် ၈း၃၀ နာရီမှ ညနေ ၆း၀၀ နာရီ**
**(B) အင်္ဂါ မှ တနင်္ဂနွေ ညနေ ၃း၀၀ နာရီမှ ညနေ ၆း၀၀ နာရီ**

မြန်မာ ဆရာမကြီး ဒေါ်မြင့်(ငြိမ်း) — အင်္ဂလိပ် ပါမောက္ခဆရာကြီး ဒေါက်တာဉာဏ်လင်း (အင်္ဂလိပ်စာ-ဦးဉာဏ်လင်း-ရွှေဘုံသာ)၊ ဆရာကြီး ဦးသီဟဆွေ
သင်္ချာ သင်္ချာ-ဒေါက်တာစိုး
ဓာတု ဆရာမျိုး-ဓာတု၊ ဆရာ ဦးထွန်းထွန်း
ဇီဝ Bio-Dr NL — ရူပ ဝါရင့်ဆရာကြီး ဦးအေးကျော်စိုး
ဘောဂ Teacher Daw Thadar

၂၇၂(ပ)ထပ်၊ KBZ အပေါ်ထပ်၊ နေလှိုင်တာဝါ၊ J-Dohnut အနီး၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း၊ ရန်ကုန်

**Ph - 09 - 254 310 945, 09 - 730 390 50**

**သစ်တောဦးစီးဌာန၊ လပွတ္တာမြို့နယ်ရှိ ပုံစံ(ဂ)ဝင် တောင်သရက်သစ်လုံး ၁ဒသမ၃၅ဂတန်နှင့် တောင်သရက်ခွဲသား ၁၉ ဒသမ ၀၃တန်တို့အား ရောင်းချရန် လေလံကြော်ငြာခြင်း**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ မြောင်းမြခရိုင်၊ လပွတ္တာမြို့နယ်မှ ပုံစံ(ဂ) ဝင် တောင်သရက်သစ်လုံး ၁ဒသမ ၃၅ဂတန်နှင့် တောင်သရက်ခွဲသား ၁၉ဒသမ ၀၃တို့အား ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ လပွတ္တာမြို့၌ ၁၅-၉-၂၀၁၆ရက် နံနက် ၁၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ အထက်ပါ လေလံတင်ရောင်းချသည့် ပုံစံ(ဂ)ဝင် တောင်သရက်သစ်လုံး ၁ဒသမ ၃၅ဂတန်နှင့် တောင် သရက်ခွဲသား ၁၉ဒသမ၀၃တန်တို့အား တိုင်းကျော်သယ်ယူခွင့်မပြုပါ။
၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ လပွတ္တာမြို့နယ်၊ ဦးစီးအရာရှိရုံး၌ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄-၉-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးထားဝယ်ယူလျှောက်ထားနိုင်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၄၂-၈၀၁၂၂၊ ၀၉-၇၈၄၅၅၄၁၅၈၊ ၀၉-၇၈၀၀၂၄၇၀၁၊ ၀၉-၄၂၂၅၅၄၂၂၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီအဖွဲ့

**အသိပေးကြေညာခြင်း**

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ အမရပူရမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် စုပေါင်းရုံးတည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ အဆောက်အအုံ Designများ ပြင်ဆင်ရေးဆွဲရန်ရှိသဖြင့် အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်အား ထပ်မံကြော်ငြာပေးမည်ဖြစ်ပါကြောင်း ၆-၈-၂၀၁၆ရက် မန္တလေးနေ့စဉ်သတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ထည့်သွင်းကြေညာထားရှိခဲ့ပါသည်။
၂။ စုပေါင်းရုံးအဆောက်အအုံ Design & Structureများ ပြင်ဆင်ရေးဆွဲပြီးဖြစ်ပါ၍ တင်ဒါတင်သွင်းမည့်ကုမ္ပဏီများအနေဖြင့် Estimate များရေးဆွဲပြီး သတ်မှတ်စည်းကမ်းချက်များနှင့်အတူ ၂-၁၀-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ စီမံဌာနသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ၃-၁၀-၂၀၁၆ ရက်တွင် တင်ဒါဖွင့်လှစ်မည် ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၂-၃၆၉၁၃၊ ၀၂-၇၄၉၉၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

**ဖခင်အမည်မှန်**

မင်းဘူးမြို့ အထက(၂)တက္ကသိုလ်ဝင်တန်း(C)မှ မချိုချိုမာ၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင် ဝင်း ၈/မဘန(နိုင်)၀၇၀၀၅၁ ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်ဝင်း**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဂ/၂၅၈၆ ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(အင်းစိန်)

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**


ယာဉ်အမှတ် ၁၀ယ/၂၁၁၇၁၊ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဘုန်းမြတ်ကို ၇/ရကန(နိုင်)၁၁၀၁၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့

**ဖခင်အမည်မှန်**

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက-၂၊တက္ကသိုလ်ဝင်တန်း($S_2$)မှ မမိုးစန္ဒာ(က-၉၉၃၉)၏ ဖခင် အမည်မှန်မှာ ဦးတင့် ၉/တကန(နိုင်) ၁၂၂၅၅၁ ဖြစ်ပါကြောင်း။ **ဦးတင့်**

ဥတုရာသီ တောကိုမှီ

**လူပျောက်ကြော်ငြာ**



ပုသိမ်မြို့၊ ဇင်ပြွန်းကုန်းနယ်မြေ ရဲစခန်းအပိုင် စမ်းကြီးကုန်းကျေးရွာနေ ကွယ်လွန်သူ ဦးသက်လွင်၏ဇနီး မသီသီမြင့် ၁၄/ပသန (နိုင်) ၀၀၃၃၂၇ (ဘ) ဦးမြင့်ထွန်း ဖော်ပြပါဓာတ်ပုံရှင် (စိတ်ဝေဒနာရှင်)သည် ၂၇-၈-၂၀၁၆ရက် ညနေ ၅နာရီခန့်က နေအိမ်မှ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အောက်ပါ ဖုန်း- ၀၉-၉၇၈၄၇၉၂၇၈၊ ၀၉-၇၇၀၆၂၉၇၈ တို့သို့ ဆက်သွယ်ပေးပို့ အကြောင်းကြားပေးပါရန်။ လက်ခံထားရှိသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း။
ဦးသက်လွင် ၁၄/ပသန(နိုင်)၂၀၄၇၈၃

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ကြားခဲ့ဖူးသော မသဲစုအောင်၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ထွန်း ၇/ညလပ(နိုင်)၀၉၁၇၀၇ ဖြစ်ပါကြောင်း။ **ဦးသက်နိုင်ထွန်း**

**ဖခင်အမည်မှန်**

ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(D)မှမမြတ်ဖူးဝေ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝေ ၇/ဒဥန(နိုင်)၀၂၅၉၀၅ ဖြစ်ပါကြောင်း။ **ဦးသိန်းဝေ**

# တနင်္သာရီမြို့နယ်၌ ဖြစ်ပွားသည့်လူသတ်မှုတွင် တစ်ဦးဖမ်းဆီးရမိပြီး ထွက်ပြေးတိမ်းရှောင်နေသူနှစ်ဦးအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိ

**မြိတ် စက်တင်ဘာ ၂**

တနင်္သာရီမြို့နယ် တမုတ်ချုံးကျေးရွာအုပ်စု ရေဖြူကျေးရွာနှင့် မြေမအုံကျေးရွာအကြား ကျေးရွာချင်းဆက်လမ်းမပေါ်တွင် စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီက လည်ပင်းပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသော အမျိုးသားအလောင်းတစ်လောင်းအား တွေ့ရှိသတင်းပို့ချက်အရ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးတပ်ဖွဲ့ဝင်များနှင့် တနင်္သာရီမြို့မရဲစခန်းမှ တပ်ဖွဲ့များ သွားရောက်စစ်ဆေးခဲ့ပြီး ညနေ ၃ နာရီ ၃၅ မိနစ်ခန့်တွင် လူသတ်မှုတွင် ပါဝင်ပတ်သက်သူတစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူနှစ်ဦးကို ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



သေဆုံးသူအား တာဝန်ရှိသူများ စစ်ဆေးနေစဉ်

မြိတ်ခရိုင် တနင်္သာရီမြို့နယ် တမုတ်ချုံးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်ဦးက ရေဖြူကျေးရွာနှင့် မြေမအုံကျေးရွာကြား ကျေးရွာချင်းဆက်လမ်းပေါ်တွင် စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီခန့်က အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းပေးပို့ချက်အရ တနင်္သာရီမြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်ထွန်းထွန်းနိုင်နှင့်တပ်ဖွဲ့ဝင်များ သွားရောက်စစ် ဆေးရာ (၃၅နှစ်) ခန့် အမျိုးသားတစ်ဦးလည်ပင်း၌ ပြတ်ရှဒဏ်ရာနှစ်ချက်ဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရ သည်။

သေဆုံးသူ၏ အင်္ကျီအိတ်ကပ်အတွင်းမှ ဖုန်းတွင်ပါရှိသည့် နံပါတ်များအား ဆက်သွယ်စုံစမ်းခဲ့ရာ ဖုန်းပိုင်ရှင်မှာ မြင့်ထွေး (၃၇)နှစ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နေသူဖြစ်ကြောင်းသိရပြီး ၎င်း၏ဇနီး မပြည့်မိုးမိုးအား ဆက်သွယ်မေးမြန်းခဲ့ရာ ဩဂုတ် ၃၁ ရက် ညနေ ၃ နာရီတွင် သူငယ်ချင်းဖြစ်သူ မောင်နိုင် (၂၁)နှစ် ပြည်ကြီးမဏ္ဍိုင်မြို့ နေထိုင်သူနှင့်အတူ ဆိုင်ကယ်တစ်စီးဖြင့် ညောင်ပင်ကွင်းကျေးရွာသို့ ဆိုင်ကယ်ရောင်းရန် ထွက်ခွာသွားကြောင်း၊ အမှုတွင်ပါဝင်ပတ်သက်သူ မောင်နိုင်သည် မြိတ်မြို့သို့ ရောက်ရှိလာနိုင်ကြောင်း သုံးသပ်ပြီး မြိတ်တောင်နယ်မြေမြို့မ (၁) ရပ်ကွက် ပိတောက်လမ်းရှိ ၎င်း၏အဒေါ်နေအိမ်သို့ စက်တင်ဘာ ၁ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် သွားရောက်စုံစမ်းဖမ်းဆီးခဲ့ရာ မောင်နိုင်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်နိုင်၏ ထွက်ဆိုချက်အရ လူသတ်မှုတွင်ပါဝင်သူ နှစ်ဦးမှာ ထိုင်းနိုင်ငံ ဘန်စဖန်မြို့တွင် အလုပ်လုပ်ကိုင် နေသူများဖြစ်သည့် နိုင်နိုင်(၂၁နှစ်)၊ အသားမည်း၊ အရပ် ၅ ပေ ၆ လက်မခန့် မျက်ခုံးကောင်းနှင့် သားကြီး (၂၆နှစ်) ခန့် အသားညို၊ အရပ် ၅ ပေ ၇ လက်မ ဆံပင်တို (မြိတ်အသံဖြင့် စကားပြော) တို့ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေးအတွက် တနင်္သာရီမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစောမောင်ကြီးကြပ်မှုဖြင့် ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**



ဖြစ်မှုကျူးလွန်ရာ၌ပါဝင်သည့် မောင်နိုင်

# ဘားအံမြို့၌ လူသတ်ထွက်ပြေးသွားသူများ ငါးနာရီအတွင်း ဖမ်းဆီးရမိ

**ဘားအံ စက်တင်ဘာ ၂**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၈) ရပ်ကွက်တွင် စက်တင်ဘာ ၁ ရက် နံနက် ၃ နာရီခန့်တွင် လူသတ်မှုဖြစ်ပွားခဲ့ပြီး ဖြစ်မှုကျူးလွန်သူနှစ်ဦးအား ဘားအံမြို့မရဲစခန်းမှူးနှင့်အဖွဲ့က အခင်းဖြစ်ပြီး ငါးနာရီအတွင်း ပိတ်ဆို့ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘားအံမြို့ အမှတ်(၈) ရပ်ကွက် ထောင်ဝိလမ်းတွင် အိမ်ငှားနေထိုင်သူ အောင်ဇော်ဦးနှင့်ဇနီး မခိုင်စပယ်၊ ထွန်းကိုကို၊ ချစ်စန်းကိုကိုဦး၊ ချစ်ကိုကို၊ အောင်မင်းဦးတို့ ဩဂုတ် ၃၁ ရက် ည ၈ နာရီကျော်ခန့်က အတူရှိစဉ် အောင်ဇော်ဦး၏ ညီဝမ်းကွဲတော်စပ်သူ မျိုးအေး (သေဆုံးသူ) (၃၁ နှစ်) ညောင်တုန်းမြို့နယ်နေသူ ရောက်ရှိလာပြီး မျိုးအေးက ပါလာသောအရက်အား ချစ်ကိုကိုနှင့်အတူသောက်ကာ အောင်မင်းဦးက ဘေးတွင် ထိုင်စကားပြောနေခဲ့ပြီး ကျန်သူများမှာ အိပ်ရာဝင်ခဲ့ကြောင်း၊ ည ၁၂ နာရီခွဲတွင် ဆူညံသံများကြား၍ ထကြည့်စဉ် မျိုးအေးအား အောင်မင်းဦးက ချုပ်နှောင်ပေးထားပြီးချစ်ကိုကိုက တစ်စုံတစ်ခုဖြင့်ထိုး၍ လဲကျသွားစဉ် ထွက်ပြေးသွားခဲ့ကြောင်း အောင်ဇော်ဦး၏ ပထမသတင်းပေးတိုင်တန်းချက်အရ သိရသည်။

ဖြစ်မှု ကျူးလွန်သူများအား နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်မျိုးကျော်နှင့်အဖွဲ့က လိုက်လံစုံစမ်းရာ ၎င်းတို့နှစ်ဦးသည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်း ၁ နာရီကျော်ခန့်တွင် ဘားအံမှ ပဲခူးသို့သွားမည့် 8L/---ဒိုင်နာ ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါသွားခဲ့ကြောင်း စုံစမ်းဖော်ထုတ်နိုင်ခဲ့ပြီး နံနက် ၅ နာရီခွဲခန့်တွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့မရဲ စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သန်းထိုက်နှင့်အဖွဲ့က အဆိုပါယာဉ်အား ဆင်ဖြူတော်ဆီဆိုင်၌ ဆီဖြည့်နေစဉ် တားဆီးပိတ်ဆို့စစ်ဆေးရာ ချစ်ကိုကို (၂၁ နှစ်)နှင့် အောင်မင်းဦး (၁၈ နှစ်) ညောင်တုန်းမြို့နယ်နေသူ နှစ်ဦးအား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။



၎င်းတို့အား ဘားအံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**
**မင်းသူ**

# ရေနံချောင်း မူလတန်းကြိုကျောင်း မီးလောင်မှုဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၂**

လူမှုဝန်ထမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ရေနံချောင်းမူလတန်းကြိုကျောင်းတွင် စက်တင်ဘာ ၁ ရက် နံနက် ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးနှင့် အဖွဲ့သည် မကွေးမြို့မှ ရေနံချောင်းသို့ ရောက်ရှိခဲ့ပြီး သက်ဆိုင်ရာမီးသတ်တပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့နှင့်ပူးပေါင်း၍ မီးငြိမ်းသတ်နိုင်ရေးဆောင်ရွက်ခဲ့ရာ နံနက် ၂ နာရီ ၁၅ မိနစ်တွင် ငြိမ်းသတ်နိုင်ခဲ့သည်။

စက်တင်ဘာ ၂ ရက် မွန်းတည့် ၁၂ နာရီတွင် လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးသည် ရေနံချောင်း မူလတန်းကြိုကျောင်းသို့ ရောက်ရှိခဲ့ပြီး မိဘဆရာအသင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ရေနံချောင်းမြို့ ရွှေကြာငုံရပ် မဲထီးကျောင်းတိုက်တွင် မူလတန်းကြိုကျောင်းကို အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။ မီးလောင်မှုဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(သတင်းစဉ်)**



## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အမက (လွန်)၊ နန်းတောင်း၊ သတ္တမတန်း(A)မှ မဖြူနှင်းအေး၏ ဖခင်အမည်မှန်မှာ ဦးကိုမဲကလိ ဖြစ်ပါကြောင်း။
**ဦးကိုမဲကလိ**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊အမက(လွန်)နန်းတောင်း၊ ဆဋ္ဌမတန်း (A) မှမောင်ဝေယံထွန်းနှင့် သတ္တမတန်း(A)မှ စောလှထွေးတို့၏ဖခင်အမည်မှန်မှာ ဦးစောထေဖလို ၁၀/သထန(နိုင်)၁၄၆၉၈၇ ဖြစ်ကြောင်း။
**ဦးစောထေဖလို၁၀/သထန(နိုင်)၁၄၆၉၈၇**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အမက(လွန်) နန်းတောင်း၊ သတ္တမတန်း (A) မှ မဖြူဖြူနှင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၁၀/သထန (နိုင်)၁၅၅၇၇၇ ဖြစ်ကြောင်း။
**ဦးထွန်းထွန်းဦး**
**၁၀/သထန(နိုင်)၁၅၅၇၇၇**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အထက (သိမ်ဆိပ်) နဝမတန်း(B)မှ မောင်ဆောင်းဝင်းလှိုင်နှင့် အမက(လွန်) နန်းတောင်း၊ သတ္တမတန်း(A) မှ မသူဇာသင်း၏ မိခင်အမည်မှန်မှာ ဒေါ်သန်းရင် ၁၀/သထန(နိုင်)၁၄၀၃၇၈ ဖြစ်ကြောင်း။
**ဒေါ်သန်းရင်**
**၁၀/သထန(နိုင်)၁၄၀၃၇၈**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/7172 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ဖော်ပြပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်အတွင်းရှိ ပုလဲမြို့နယ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်းလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား လုပ်ငန်းခွင်အရောက် (မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း မိုင် ၅၃/၄-၅၇/၀ အတွင်း) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၉-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၉-၂၀၁၆ ရက် (ညနေ ၄း၃၀နာရီ)
**တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၂၂-၉-၂၀၁၆ ရက် (နံနက် ၁၀း၀၀ နာရီ) ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပုလဲမြို့။

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ယင်းမာပင်ခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် ပုလဲမြို့နယ်၊ လမ်းဦးစီးဌာန၊ ဦးစီးအရာရှိ(မြို့ပြ)ရုံးတို့တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ခရိုင် ဖုန်း-၀၇၁-၇၃၀၂၃၊ ၀၉-၇၉၁၃၁၅၇၅၂**
**မြို့နယ် ဖုန်း-၀၉-၇၉၉၀၀၅၇၇၉၊ ၀၉-၇၈၃၂၃၀၁၁၆**

## အမြန်ရောင်းရန်ရှိသည် (ပွဲစားမလို)

- သန်လျင်အောင်ချမ်းသာအိမ်ရာ
- ရန်ကင်းစင်တာ
- ရန်ကင်းရွှေအုန်းပင်အိမ်ရာ
- သဃ်ာန်းကျွန်းကြီးပွားရေးအိမ်ရာ

ဖုန်း-၀၉-၉၆၂၉၆၃၃၂၂

## အများသိစေရန်အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အကွက်အမှတ် (၈၉)၊ ဦးပိုင်အမှတ် ၂၂၀ကို ဒေါ်ရီငွေး ၁၂/ဥကမ(နိုင်)၁၄၅၁၈၃ က တောင်ကြီးမြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဂရန်အမှုတွဲအမှတ် ၂၅၁/၉၃ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိပြီး လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်သူဖြစ်ပါသည်။ ယခုအခါတွင် ဒေါ်ရီငွေးအမည်ပေါက်နှစ်(၃၀)မြေငှားဂရန်မှာပျောက်ဆုံးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ရီငွေးအမည်ပေါက်မြေကွက်အား ဒေါ်ရီငွေးသိရှိခြင်း၊ သဘောတူညီခြင်း မရှိဘဲ အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်းတို့ကို မည်သူမျှမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူနှင့် ပါဝင်ပတ်သက်သူများအား တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းခန့် LL.B (စဉ်-၂၃၄၁၇)**
**ဒေါ်တင်နီလာမျိုးထွန်း LL.B (စဉ်-၃၄၇၉၉)**
**အထက်တန်းရှေ့နေများ**
**အမှတ် ၇၂၂၊ ခေမာသီလမ်းမကြီး၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၇၃၃၆၈၊ ၀၉-၇၃၁၂၅၇၆၈**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် ၂၄၇ ဟုခေါ်တွင်သော(၄၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါဝင်သော တစ်ထပ်တိုက်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ဂရန်အမည်ပေါက်ပိုင်ရှင်ထံမှ အစဉ်အဆက်စာချုပ်စာတမ်းများအရ တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် တရားဝင်နည်းလမ်းတကျ စာချုပ်စာတမ်းများဖြင့် ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သော မြေနှင့်အိမ်၏ တန်ဖိုးငွေအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များ အားယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်အရေးဆိုမည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမွန်(အထက်တန်းရှေ့နေ) (စဉ်-၄၁၂၁၁)**
**အမှတ် ၃၊ ပထမထပ်၊ ပန်းတနော်လမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၄၀၅၃၀၈၅၊ ၀၉-၇၃၀၁၅၇၈၅၊ ၀၉-၄၂၁၀၂၆၉၀၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေငြာခြင်း။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၈၃) မြေညီခေါင်းရင်းတိုက်ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ရောင်းချ ပိုင်ခွင့်ရှိသူ ဦးဇော်ထွန်း (၁၄/ဓကန(နိုင်)၀၀၂၄၉၂) ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုး ငွေ၏ တစ်စိတ် တစ်ဒေသကို စရံငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ဤကြေငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်ကြောင်းအထောက်အထားမူရင်း စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည် တိုင်အောင် ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

ဒေါ်သင်းသင်းအေး
အမှတ်(၇၅)၊ ဓမ္မစိန္တာလမ်း၊ (၅-လွှာ) ခြေရင်း
ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်
ဖုန်း ၀၉-၅၀၃၂၃၁၅၊ ၀၉ ၅၅၀၂၇၇၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် (၈၇၁/ခ)ဟုခေါ်တွင်သည့် မြေဧရိယာအလျားပေ ၂၀×ပေ၆၀ရှိမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်သန်းသန်းဌေး ၁၂/မဂတ(နိုင်)၀၄၁၄၂၅ ထံမှ ဦးစောရောဘက် ၁၄/မအန(နိုင်)၁၆၁၀၀၈က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောရောဘက် ၁၄/မအန(နိုင်)၁၆၁၀၀၈**
**ဖုန်း-၀၉-၇၉၅၆၁၅၀၉၆**



စက်တင်ဘာ ၁ ရက်က လားရှိုးမြို့မန်ဆူအဝေးပြေးယာဉ်ရပ်နားစခန်းတွင် ရဲတပ်ဖွဲ့က အသိပညာပေးမော်တော်ယာဉ်ဖြင့် မူခင်းလျှော့နည်းကျဆင်းရေး အသိပညာပေး လှုပ်ရှားမှုများပြသရာ ဒေသခံပြည်သူများ ကြည့်ရှုလေ့လာကြစဉ်
မမ(လားရှိုး)

# ကျောက်တံခါးမြို့နယ် အိုင်တုံချောင်းအတွင်း ဆင်တစ်ကောင် ရေစီးနှင့်မျောပါသေဆုံး

**ကျောက်တံခါး စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၈၈/၀ အရှေ့ဘက် ၄ ဖာလုံခန့်အကွာ အင်းပါတ်လည်ကျေးရွာအုပ်စုအတွင်းရှိ အိုင်တုံချောင်းအတွင်း စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ဆင်တစ်ကောင် ရေစီးနှင့်အတူ မျောပါ၍ သေဆုံးခဲ့ကြောင်းသိရသည်။

သတင်းအရ အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့မစခန်းမှူး ဒုရဲမှူးသိန်းထိုက်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့ချောင်း (Check Point) မှ သစ်တောရဲ ဒုရဲမှူးကိုကိုဇော်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစန်းယုနှင့် သစ်တောဝန်ထမ်းများ၊ ပဲခူးမြောက်ပိုင်းသစ်ထုတ်လုပ်ရေးဌာနမှ ဆင်ဆရာဝန် ဒေါက်တာဇော်မင်းထွန်းနှင့် ပူးပေါင်းအဖွဲ့တို့က သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးဆင်မှာ အရပ် ၅ ပေ၊ ကျောအလျား ၅ ပေ ၂ လက်မ၊ လုံးပတ် ၆ ပေ၅ လက်မဖြစ်၍ ၅ နှစ်သားအရွယ် ဆင်ထီးဖြစ်ကြောင်းသိရပြီး ဆင်ပိုင်ရှင်မှာ တောင်ငူမြို့အမှတ် ၂၀ ရပ်ကွက်နေ စောနေမူး (ခ) ဒေါင်ရှည်ဆင်ဖြစ်ပြီး ပဲခူးရိုးမ မြောင်ရှည်ဆင်စခန်းတွင် ထိန်းကျောင်းထားခဲ့ရာ အိုင်တုံချောင်းကိုဖြတ်ကူးစဉ် ရေစီးနှင့်အတူ မျောပါသေဆုံးခဲ့ကြောင်း သိရသည်။



သေဆုံးဆင်နှင့် ပတ်သက်၍ စစ်ဆေးမှုများပြုလုပ်ရာ ပြင်ပတွင် ဒဏ်ရာတစ်စုံတစ်ရာမတွေ့ရှိဘဲ ရေနစ်သေဆုံးခြင်းသာဖြစ်ပြီး လွန်ခဲ့သော ၅ ရက်ခန့်က သေဆုံး မျောပါလာသောဆင်ဖြစ်ပြီး အဆိုပါဆင်အား ကုန်းပေါ်သို့ဆယ်ယူကာ **(အပေါ်ပုံ)** မြေမြှုပ်သင်္ဂြိုဟ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာအမျိုးသားဘောလုံးအသင်း ပြင်ဆင်မည်

**ရန်ကုန် စက်တင်ဘာ ၂**

၂၀၁၇ ခုနှစ်တွင် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် မြန်မာယူ-၂၂ အသင်းသည် ပြိုင်ပွဲအကြို ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲကျင်းပရေးကောင်စီသည် အမျိုးသားဘောလုံးပြိုင်ပွဲကို ယူ-၂၃ အစား ယူ-၂၂ အဖြစ် ပြောင်းလဲကျင်းပရန်ဆုံးဖြတ်ခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် ဒုတိယအကြိမ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲကို ယခင်က လက်ရွေးစင်အဆင့် ပြိုင်ပွဲအဖြစ် ကျင်းပခဲ့သော်လည်း ၂၀၀၁ ပြိုင်ပွဲတွင် ယူ-၂၃ ပြိုင်ပွဲအဖြစ် ပြောင်းလဲခဲ့သလို ၂၀၁၇ ပြိုင်ပွဲတွင် အသက်ကန့်သတ်ချက်ထပ်မံ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရှိတွင် မြန်မာယူ-၂၂ အသင်းကို ဖွဲ့စည်းရခြင်းမရှိသေးသော်လည်း နည်းပြချုပ်အဖြစ် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် ဦးကြည်လွင်ကို ဆက်လက်တာဝန်ပေးသွားမည် ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှသာ စတင်လေ့ကျင့်ဖွယ်ရှိနေပြီး ယူ-၂၂ ပြိုင်ပွဲအဖြစ် ပြောင်းလဲခဲ့သောကြောင့် ၂၀၁၅ ခုနှစ်က ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၂၀ အသင်းကို အခြေခံယှဉ်ပြိုင်ဖွယ်ရှိနေသည်။ မြန်မာ ယူ-၂၃ အသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသော်လည်း အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဦးကြည်လွင်တို့ ပူးပေါင်းကိုင်တွယ်ခဲ့သည့် ၂၀၁၅ စင်ကာပူဆီးဂိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲတစ်လျှောက် အံ့အားသင့်ဖွယ် စွမ်းဆောင်မှုများနှင့်အတူ ငွေတံဆိပ်ရယူနိုင်ခဲ့သည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ရွှေငါးခု၊ ငွေလေးခု၊ ကြေးလေးခုဖြင့် တတိယအအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသော်လည်း ရွှေတံဆိပ်ရယူနိုင်ခြင်း မရှိသည်မှာ နှစ်ပေါင်း ၄၀ ကျော်နေပြီဖြစ်သည်။ မြန်မာဘောလုံးအသင်းသည် ၁၉၇၃ ပြိုင်ပွဲတွင် ဗိုလ်စွဲပြီးနောက်ပိုင်း ရွှေတံဆိပ်နှင့် ဝေးကွာလျက်ရှိပြီး ၁၉၉၃၊ ၂၀၀၇၊ ၂၀၁၅ ပြိုင်ပွဲတို့တွင် ဗိုလ်လုပွဲသို့ ပြန်လည်တက်လှမ်းနိုင်ခဲ့သော်လည်း ထိုင်းအသင်းကို သုံးကြိမ်စလုံးရှုံးကာ ငွေဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့သည့် ကစားသမားအများစု ပါဝင်လာမည့် မြန်မာယူ-၂၂ အသင်းကို နည်းပြချုပ်ဦးကြည်လွင်က (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်း- ညီမြတ်သော်တာ**
**ဓာတ်ပုံ- စိုးညွန့်**



စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်


### ဖခင်အမည်မှန်
ဟိုပန်မြို့၊ အထက၊ စတုတ္ထတန်းမှ စိုင်းရွှေအောင်၏ ဖခင် ဦးစံဆိုင် အမည်မှန်မှာ ဦးအိုက်ဆိုင် ၁၃/ဟပတ(နိုင်)၀၁၃၄၀၄ ဖြစ်ပါသည်။
**ဦးအိုက်ဆိုင်**
**၁၃/ဟပတ(နိုင်)၀၁၃၄၀၄**

### မိဘအမည်မှန်
သထုံမြို့နယ်၊ အမက(လွန်)၊ နန်းတောင်း သတ္တမတန်း(A) တွင် မခိုင်သဇင်ထွန်း၏ မိဘအမည်မှန်မှာ ဦးဖိုးကျော်သိန်း ၁၀/ဘလန(နိုင်)၁၄၉၅၉၃နှင့် ဒေါ်နော်မိ ၁၀/ဘလန (နိုင်) ၁၄၉၅၉၂ ဖြစ်ပါကြောင်း။ **ဦးဖိုးကျော်သိန်း-ဒေါ်နော်မိ**

### အမည်ပြောင်း
တောင်ကြီးမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း (D) မှ နန်းချို အား ယနေ့မှစ၍ နန်းမိချိုဟု ပြောင်းလဲခေါ်ပါရန်။
**နန်းမိချို**

### အမည်ပြောင်း
လမင်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးသက်အား ယနေ့မှစ၍ မောင်ဖြိုးသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဖြိုးသန့်**

### ဖခင်အမည်မှန်
ပင်လောင်းမြို့နယ်၊ နောင်တရားမြို့၊ အထက တက္ကသိုလ်ဝင်တန်း(ခ) မှ မောင်ခွန်အောင်ချမ်းသာ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးခွန်သန်းချိန် ၁၃/ပလန(နိုင်)၀၅၆၇၉၄ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၁၀၄)၊ မြေဧရိယာ (၄၀×၆၀)ပေရှိ မြေချပါမစ် မြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်မေခိုင်စိုး** (၉/မလန(နိုင်)၀၈၁၂၉၉)ထံမှ တချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးရွှေကို** (၈/မကန(နိုင်)၁၅၉၀၂၄) နှင့် **ဒေါ်အေးအေး** (၈/မကန(နိုင်)၀၀၉၅၄၈)တို့ထံမှ မြေချပါမစ်မူရင်းပျောက်ဆုံးနေသဖြင့် ကျွန်ုပ်၏မိတ်ဆွေက မြေချပါမစ်မိတ္တူဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်တချုပ်စာတမ်း မူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေငြာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်ဝါဝါခိုင်** စဉ်-၃၇၁၁၈ LL.B, D.B.L, D.I.L (အထက်တန်းရှေ့နေ)
အမှတ်(၁၁၃၀)၊(၁၅)လမ်း၊(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၀၇၇၁၉

### မိဘအမည်မှန်
တောင်ကြီးမြို့နယ်၊ အထက တောင်နီ၊ တက္ကသိုလ်ဝင်တန်း(ခ)မှ ခွန်သန်းအောင်၏ မိဘအမည်မှန်မှာ ခွန်မောင်ပြားနှင့်နန်းဖူး ဖြစ်ပါကြောင်း။ **ခွန်မောင်ပြား-နန်းဖူး**

### အမည်မှန်
တောင်ကြီးမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(က)မှ နန်းရင်၏ အမည်မှန်မှာ နန်းယဉ် ဖြစ်ပါကြောင်း။
**နန်းယဉ်**

### ဖခင်အမည်မှန်
တောင်ကြီးမြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း(က)မှ နန်းစံခမ်း၏ ဖခင်အမည်မှန်မှာ ဦးမောင်န ဖြစ်ပါကြောင်း။
**ဦးမောင်န**

### ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၆ယ/၂၇၁၈ ဟွန်ဒါဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးသန်းရွှေ ၁/မညန(နိုင်)၀၄၀၉၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

### အမည်ပြောင်း
တောင်ကြီးမြို့နယ်၊ အထကတောင်နီ၊ တက္ကသိုလ်ဝင်တန်း (ခ)မှ ခွန်အောင်ဖြိုး ၁၃/တကန(နိုင်)၃၃၀၃၆၃အား ယနေ့မှစ၍ ခွန်သန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **ခွန်သန်းအောင်**

### အများသိစေရန်ကြေညာခြင်း
မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ် ၂၃၊ ဦးပိုင်အမှတ် ၉၆၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၃ဧကရှိ မြေသည် ဒိုင်းဝန်ကွင်း(၁၁)စားသုံးသူ သမဝါယမအသင်း အမည်ပေါက်လျက်ရှိ၍ အမှုတွဲအမှတ် (ငါး)၉/၁၉၇၅-၇၆ အရ နှစ်(၃၀)အငှားဂရန် ရရှိထားသောမြေဖြစ်ပြီး ဂရန်သက်တမ်းကုန်ဆုံးသဖြင့် ဒိုင်းဝန်ကွင်း(၁၁) စားသုံးသူ သမဝါယမအသင်းအမည်မှ ဆန်းသစ်ရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက်အမည်ဖြင့် နှစ်(၃၀)အငှားဂရန် သက်တမ်းတိုးအမည်ပြောင်းချထားပေးပါရန် လျှောက်ထားလာရာတွင် ဂရန်စာချုပ်မူရင်းမှာပျောက်ဆုံးနေသဖြင့် တင်ပြနိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ယင်းလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်(၃၀)အငှားဂရန်သက်တမ်းတိုးအမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။
**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း
ယာဉ်အမှတ် ၂၄ယ/၅၇၁၇၇ ယာဉ်လက်ဝယ်ရှိသူ ဦးဂျိုးဇက် ၂/လကန(နိုင်)၀၉၆၈၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

### ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မင်္ဂလာသုခလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက် ၅၆/၅၈၊ အခန်း ၃၀၁၊ လေးလွှာတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို မြေရှင်အမည်ပေါက် ဒေါ်ကြည်ကြည်ညွန့် ၁/မကန(နိုင်)၀၂၀၃၃၃ ထံမှ လက်ရှိထားလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်ခင်သန္တာအောင် ၁၃/လရန(နိုင်)၀၀၀၉၁၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဝင့်လွင်သန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၁၃၃၅၇)**
**ဖုန်း-၀၉-၇၃၀၆၂၉၄၇၊ ၀၉-၂၅၈၈၇၂၄၈၄**

### ဖခင်အမည်မှန်
လွိုင်ကော်မြို့၊ အထက(၄)၊ မိုင်းလုံး တက္ကသိုလ်ဝင်တန်း (C)မှ မစုဝေဆာ၏ ဖခင်အမည်မှန်မှာ ဦးခွန်းဆန်ဘီးနို ၂/ဒမဆ(နိုင်)၀၂၁၃၁၂ဖြစ်ပါကြောင်း။
**ဦးခွန်းဆန်ဘီးနို**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
လွိုင်ကော်ခရိုင်၊ ဒီးမော့ဆိုမြို့နယ်၊ ဒီးမော့ဆိုကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၇၊ ဒီးမော့ဆိုအနောက်၊ ဦးပိုင်အမှတ် ၈၆/က၊ ဧရိယာ ၀ဒသမ ၁၃ဧကရှိ မြေကွက်သည် ဦးပါတလိုမေးအို (ခ)ကျော်အေး ပိုင်ဆိုင်ပြီး ယင်းမှ ကျွန်မဒေါ်နော်ဂရေဇင်းရှာသို့ ရောင်းချခဲ့ပါသည်။ အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ခြင်းမရှိဘဲ အရပ်စာချုပ်ဖြင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ ဒေါ်နော်ဂရေဇင်းရှာအမည်ဖြင့် မြေငှားဂရန်ရရှိရေးလျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။
**ဒေါ်နော်ဂရေဇင်းရှာ ၂/ဒမဆ(နိုင်)၀၂၇၁၀၈**
**ဒီးမော့ဆိုမြို့နယ်**

### မိခင်အမည်မှန်
လွိုင်ကော်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (F)မှ မစုသန္တာလင်း၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်အေး ၂/ဖဆန(နိုင်)၀၀၆၂၅၃ဖြစ်ပါကြောင်း။ **ဒေါ်မြင့်မြင့်အေး**

# ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေများစာရင်း

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအား ပြည်ထောင်စုလွှတ်တော်သို့ ဩဂုတ် ၁၇ ရက်တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအနက် ဝန်ကြီးဌာနအလိုက် တာဝန်ခံစီမံခန့်ခွဲရမည့် ဥပဒေများကို ဖော်ပြအပ်ပါသည် -

### ၉-၈-၂၀၁၆ ရက်နေ့အထိ ဗဟိုရုံးများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက စီမံခန့်ခွဲလျက်ရှိသော ဥပဒေများစာရင်းချုပ်

| စဉ် | ဝန်ကြီးဌာနအမည် | စီမံခန့်ခွဲသည့် ဥပဒေပေါင်း | စာမျက်နှာ |
|---|---|---|---|
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁၂ | |
| ၂ | ပြည်ထောင်စုလွှတ်တော်ရုံး | ၇ | |
| ၃ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၅၂ | |
| ၄ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၁ | |
| ၅ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၆ | |
| ၆ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၃ | |
| ၇ | သမ္မတရုံးဝန်ကြီးဌာန | ၁၇ | |
| ၈ | ပြည်ထဲရေးဝန်ကြီးဌာန | ၅၀ | |
| ၉ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၃ | |
| ၁၀ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၂ | |
| ၁၁ | နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ၁ | |
| ၁၂ | ပြန်ကြားရေးဝန်ကြီးဌာန | ၆ | |
| ၁၃ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ၁၈ | |
| ၁၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၂၄ | |
| ၁၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၂၇ | |
| ၁၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ၈ | |
| ၁၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ၆ | |
| ၁၈ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၂၅ | |
| ၁၉ | စက်မှုဝန်ကြီးဌာန | ၄ | |
| ၂၀ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ၁၀ | |
| ၂၁ | ပညာရေးဝန်ကြီးဌာန | ၁၆ | |
| ၂၂ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၂၃ | |
| ၂၃ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၃၀ | |
| ၂၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၉ | |
| ၂၅ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၄ | |
| ၂၆ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၁ | |
| ၂၇ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | |
| ၂၈ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၄ | |
| ၂၉ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၃ | |
| ၃၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၂ | |
| ၃၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁ | |
| ၃၂ | နေပြည်တော်ကောင်စီ | ၁ | |
| ၃၃ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၄ | |
| ၃၄ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၅ | |
| ၃၅ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၁ | |
| | **စုစုပေါင်း** | ၃၉၇ | |

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Public Servants Inquiries Act (India Act 37, 1850, Vol.I) | | |
| ၂။ | The Destruction of Records Act (India Act 5, Vol. I) | | |
| ၃။ | စုံစမ်းရေးကော်မတီများအက်ဥပဒေ (ဥပဒေအမှတ် ၄/၁၉၅၀ ပြည့်နှစ်၊ အတွဲ -၁) | | |
| ၄။ | နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ (နဝတ ၉/၁၉၈၉) | | |
| ၅။ | ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ (နယကဥပဒေအမှတ် ၁၅/၂၀၁၀) | | |
| ၆။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ(နယကဥပဒေအမှတ် ၁၆/၂၀၁၀) | | |
| ၇။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥပဒေ (နယကဥပဒေအမှတ် ၁၇/၂၀၁၀) | | |
| ၈။ | ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၂/၂၀၁၁) | | |
| ၉။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၃/၂၀၁၁) | | |
| ၁၀။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၄/၂၀၁၁) | | |
| ၁၁။ | နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၅/၂၀၁၁) | | |
| ၁၂။ | စည်ပင်သာယာရေးဥပဒေ(၅/၁၉၉၄) | | |

### ပြည်ထောင်စုလွှတ်တော်ရုံးက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၁၁/၂၀၁၀) | | |
| ၂။ | နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၁၉/၂၀၁၀) | | |
| ၃။ | ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေ(နယကဥပဒေအမှတ် ၆/၂၀၁၁) | | |
| ၄။ | ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၃/၂၀၁၂) | | |
| ၅။ | ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၄/၂၀၁၂) | | |
| ၆။ | ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၂/၂၀၁၃) | | |
| ၇။ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ(ပထစဥပဒေအမှတ် ၉/၂၀၁၄) | | |

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Judicial Officers Protection Act (India Act 18, 1850, Vol. I) | | |
| ၂။ | The Caste Disabilities Removal Act (India Act 21, 1850, Vol. XI) | | |
| ၃။ | The Legal Representative Suits Act (India Act 12, 1855, Vol. XI) | | |
| ၄။ | The Fatal Accidents Act (India Act 13, 1855, Vol. IX) | | |
| ၅။ | The Interest Act (India Act 32, (1839),28 (1855), Vol. X) | ဘဏ္ဍာရေး | |
| ၆။ | The Hindu Window's Re-marriage Act (India Act 15, 1856, Vol. XI) | | |
| ၇။ | The Penal Code (India Act 45, 1860, Vol. XIII) | | |
| ၈။ | The Myanmar Divorce Act (India Act 4, 1869, Vol. XI) | | |
| ၉။ | The Evidence Act (India Act 1, 1872, Vol. XII) | | |
| ၁၀။ | The Special Marriage Act (India Act 3, 1872, Vol. XI) | | |
| ၁၁။ | The Contract Act (India Act 9, 1872, Vol. IX) | စိုက်/မွေး/ဆည် | |
| ၁၂။ | The Christian Marriage Act (India Act 15, 1872, Vol. XI) | | |
| ၁၃။ | The Oaths Act (India Act 10, 1873, Vol. XII) | | |
| ၁၄။ | The Married Women's Property Act (India Act 3, 1874, Vol. XI) | | |
| ၁၅။ | The Majority Act (India Act 9, 1875, Vol. XI) | | |
| ၁၆။ | The Specific Relief Act (India Act 1, 1877, Vol. XI) | | |
| ၁၇။ | The Legal Practitioners Act (India Act 18, 1879, Vol. XI) | ရှေ့နေချုပ်ရုံး | |
| ၁၈။ | The Kazis Act (India Act 12, 1880, Vol. XI) | | |
| ၁၉။ | The Trusts Act (India Act 2, 1882, Vol. IX) | ရှေ့နေချုပ်ရုံး | |
| ၂၀။ | The Transfer of Property Act (India Act 4, 1882, Vol. X) | စိုက်/မွေး/ဆည် | |
| ၂၁။ | The Powers of Attorney Act (India Act 7, 1882, Vol. IX) | စိုက်/မွေး/ဆည် | |
| ၂၂။ | The Suits Valuation Act (India Act 7, 1887, Vol. XII) | | |
| ၂၃။ | The Guardians and Wards Act (India Act 8, 1890, Vol. XI) | | |
| ၂၄။ | The Bankers' Book Evidence Act (India Act 18, 1891, Vol. XII) | ဘဏ္ဍာရေး | |
| ၂၅။ | The Partition Act (India Act 4, 1893, Vol. IX) | | |
| ၂၆။ | The Code of Criminal Procedure (India Act 5, 1898, Vol. XIII) | ရှေ့နေချုပ်ရုံး၊ ပြည်ထဲရေး | |
| ၂၇။ | The Myanmar Laws Act (India Act 13, 1898, Vol. I) | လွှတ်တော် | |
| ၂၈။ | The Code of Civil Procedure (India Act 5, 1908, Vol. XII) | | |
| ၂၉။ | The Limitation Act (India Act 9, 1908, Vol. XII) | | |
| ၃၀။ | The Yangon Insolvency Act (India Act 3, 1909, Vol. XI) | စီးပွား/ကူးသန်း | |
| ၃၁။ | The Anand Marriage Act (India Act 7, 1909, Vol. XI) | | |
| ၃၂။ | The Process Fees Act (India Act 1, 1910, Vol. XII) | ဘဏ္ဍာရေး | |
| ၃၃။ | The Official Trustees Act (India Act 2, 1913, Vol. IX) | | |
| ၃၄။ | The Administrator General's Act (India Act 3, 1913, Vol. XI) | | |
| ၃၅။ | The Hindu Disposition of Property Act (India Act 15, 1916, Vol. XI) | | |
| ၃၆။ | The Usurious Loans Act (India Act 10, 1918, Vol. X) | ဘဏ္ဍာရေး | |
| ၃၇။ | The Myanmar Insolvency Act (India Act 5, 1920, Vol. XI) | စီးပွား/ကူးသန်း | |
| ၃၈။ | The Succession Act (India Act 39, 1925, Vol. XI) | | |
| ၃၉။ | The Hindu Inheritance (Removal of Disabilities) Act (India Act 12, 1928, Vol. XI) | | |
| ၄၀။ | The Hindu Law of Inheritance Amendment Act (India Act 2, 1929, Vol. XI) | | |
| ၄၁။ | The Hindu Gains of Learning Act (India Act 30,1930, Vol. XI) | | |
| ၄၂။ | The Parsi Marriage and Divorce Act (India Act 3, 1936, Vol. XI) | | |
| ၄၃။ | The Arbitration ( Protocol and Convention) Act (India Act 6, 1937, Vol. XI) | စီးပွား/ကူးသန်း | |
| ၄၄။ | မူဆလင် လင်မယားကွာရှင်းရေးအက်ဥပဒေ (ဥပဒေအမှတ် ၁၄/၁၉၅၃ ခုနှစ်၊ အတွဲ-၁၁) | | |
| ၄၅။ | အထူးကာလစည်းကမ်းသတ်ဥပဒေ (နဝတဥပဒေအမှတ် ၉/၁၉၈၈) | | |
| ၄၆။ | ပြည်ထောင်စုတရားစီရင်ရေးဥပဒေ (နယကဥပဒေအမှတ် ၂၀/၂၀၁၀) | | |
| ၄၇။ | တရားရုံးများကိုမထီမဲ့မြင်ပြုမှုဥပဒေ (ပထစဥပဒေအမှတ် ၁၇/၂၀၁၃) | | |
| ၄၈။ | ၂၀၁၄ ခုနှစ်၊ စာချုပ်စာတမ်းများ အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၄/၂၀၁၄) | | |
| ၄၉။ | မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ ထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၅၀/၂၀၁၅) | | |
| ၅၀။ | တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်း ဆိုင်ရာဥပဒေ(ပထစဥပဒေအမှတ် ၅၄/၂၀၁၅) | | |
| ၅၁။ | အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (ပထစဥပဒေအမှတ် ၅/၂၀၁၆) | စီးပွား/ကူးသန်း | |
| ၅၂။ | ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ (ပထစဥပဒေအမှတ် ၁၀/၂၀၁၆) | | |

### နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စီမံခန့်ခွဲသောဥပဒေများ

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ်ဆောင်ရွက်ရမည့် ဌာန/အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ (နယကဥပဒေအမှတ် ၂၁/ ၂၀၁၀) | | |

*(ဆက်လက်ဖော်ပြပါမည်)*

စာမျက်နှာ ၁၆ မှ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ ထုတ်ချေးငွေ | ကြွေးမြီ ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၃ | ပြည်ထဲရေး | ၎င်း | ၂၅၆,၃၅၁.၅၄၁ | ၂,၁၄၉.၁၈၇ | ၈၂.၄၅၁ | ၄၂,၃၆၅.၀၄၇ | | ၁၉.၀၁၇ | | | ၃၀၀,၉၆၇.၂၄၃ |
| ၄ | ကာကွယ်ရေး | ၎င်း | ၁,၆၃၇,၀၀၅.၇၅၉ | ၅,၅၄၆.၈၄၄ | | ၁,၂၄၈,၀၀၈.၄၉၉ | | ၁၀,၁၀၂.၄၄၂ | | | ၂,၉၀၀,၆၆၃.၅၄၄ |
| ၅ | နယ်စပ်ရေးရာ | ၎င်း | ၁၈,၈၃၂.၅၅၂ | ၁.၇၃၈ | ၁၃,၁၃၈.၀၂၈ | ၇၉,၀၃၆.၅၀၉ | | ၁၁၄.၉၃၆ | | | ၁၁၁,၁၂၃.၇၆၃ |
| ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | ၎င်း | ၁,၈၉၂.၉၇၄ | | | ၁၈၂.၈၇၅ | | | | | ၂,၀၇၅.၈၄၉ |
| ၇ | ပြန်ကြားရေး | ၎င်း | ၇၄,၀၆၀.၇၆၃ | ၁၅.၄၇၅ | | ၄,၉၂၂.၀၅၂ | | | | | ၇၈,၉၉၈.၂၉၀ |
| ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၎င်း | ၁၇,၅၇၇.၂၄၈ | | ၄,၃၂၅.၃၆၇ | ၉,၇၄၈.၄၃၈ | | | | | ၃၁,၆၅၁.၀၅၃ |
| ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | ၂၈၁,၉၄၀.၃၉၂ | ၂၉,၉၈၂.၇၈၈ | ၁၇၀,၂၇၀.၈၇၇ | ၆၀၉,၈၁၉.၆၁၂ | | ၄၀,၆၅၀.၃၂၀ | | | ၁,၁၃၃,၆၆၃.၉၈၉ |
| ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၎င်း | ၃၄,၁၂၇.၉၀၆ | ၂၆,၇၁၁.၉၅၁ | ၄၇၈.၂၁၅ | ၇၁,၁၇၀.၃၈၇ | | ၄,၅၀၄.၆၃၉ | | | ၁၃၆,၉၉၃.၀၉၈ |
| ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | ၁၈,၅၄၀.၂၂၆ | | ၄၉၉.၉၀၃ | ၈,၈၃၈.၇၂၈ | | | | | ၂၇,၈၇၈.၈၅၇ |
| ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၎င်း | ၃၀,၀၂၆.၂၄၁ | ၁၀,၄၂၉.၆၈၈ | | ၂၄၈,၂၂၂.၁၅၆ | | ၁၉,၀၅၆.၀၇၅ | | | ၃၀၇,၇၃၄.၁၆၀ |
| ၁၃ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၃၁,၀၂၃.၆၅၀ | | ၆၇.၁၆၇ | ၃,၄၉၉.၉၉၃ | | | | | ၃၄,၅၉၀.၈၁၀ |
| ၁၄ | စက်မှု | ၎င်း | ၈,၆၉၀.၀၂၃ | | | ၇,၅၇၇.၈၅၀ | | | | | ၁၆,၂၆၇.၈၇၃ |
| ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၁၃,၉၃၆.၈၁၈ | ၂.၈၈၀ | ၁၂၄.၈၉၁ | ၉၈၈.၂၅၂ | | | ၅၀.၀၀၀ | | ၁၅,၁၀၂.၈၄၁ |
| ၁၆ | ပညာရေး | ၎င်း | ၁,၃၁၁,၈၂၃.၂၈၈ | ၄၂၃.၈၅၁ | ၁၅,၁၈၇.၃၅၃ | ၃၀၃,၅၁၁.၃၈၁ | | | | | ၁,၆၃၀,၉၄၅.၈၇၃ |
| ၁၇ | ကျန်းမာရေးနှင့်အားကစား | ၎င်း | ၅၁၃,၃၈၉.၈၆၈ | ၃၅၁.၆၄၆ | ၂၉,၀၇၃.၅၂၁ | ၃၀၇,၈၂၉.၆၇၁ | | | | | ၈၅၀,၆၄၄.၇၀၆ |
| ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၎င်း | ၄၆,၁၄၇.၁၃၈ | ၈၈၀,၂၄၉.၇၉၁ | ၁၇၇,၄၅၆.၂၇၉ | ၅၅,၂၈၇.၆၀၆ | ၂,၆၉၈.၀၀၀ | ၅၈,၆၉၄.၅၃၃ | ၆,၈၅၂.၀၅၉ | | ၁,၂၂၇,၃၈၅.၄၀၆ |
| ၁၉ | ဆောက်လုပ်ရေး | ၎င်း | ၁၀၂,၁၃၀.၅၇၈ | ၂,၂၅၂.၁၂၈ | | ၃၈၇,၂၄၆.၀၀၃ | | ၁,၃၇၆.၇၁၆ | ၁၀,၀၀၀.၀၀၀ | | ၅၀၃,၀၀၅.၄၂၅ |
| ၂၀ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၁၁,၇၄၉.၁၄၃ | | ၃,၂၄၆.၆၇၀ | ၃,၅၇၅.၀၇၉ | | | | | ၁၈,၅၇၀.၈၉၂ |
| ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၎င်း | ၃,၈၉၂.၄၃၆ | | ၄၂၁.၉၇၀ | ၁၃၆.၃၉၀ | | | | | ၄,၄၅၀.၇၉၆ |
| ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | ၎င်း | ၁,၂၉၂.၆၀၀ | | | ၃၀၁.၉၈၀ | | | | | ၁,၅၉၄.၅၈၀ |
| ၂၃ | ပင်စင်လစာငွေများနှင့်ဆုငွေများ | ၎င်း | ၆၂၆,၀၄၂.၅၀၀ | | | | | | | | ၆၂၆,၀၄၂.၅၀၀ |
| ၂၄ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၁၀၁,၃၄၃.၀၀၀ | | | | | | | | ၁၀၁,၃၄၃.၀၀၀ |
| ၂၅ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ရှိသော ဇယား(၁)၊ (၂)၊ (၃) နှင့်ဇယား(၇)တို့တွင် ဖော်ပြထားသော တာဝန်ခံ သို့မဟုတ် အဆိုပါ ပုဂ္ဂိုလ်ကတာဝန်ပေးသူ | ၁၀၀,၀၀၀.၀၀၀ | | | | | | | | ၁၀၀,၀၀၀.၀၀၀ |
| ၂၆ | ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၅၂,၂၉၀.၀၀၀ | | | | | | ၁၅၂,၂၉၀.၀၀၀ |
| ၂၇ | ကယားပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | ၎င်း | | | ၅၀,၄၃၈.၀၀၀ | | | | | | ၅၀,၄၃၈.၀၀၀ |
| ၂၈ | ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | ၎င်း | | | ၇၃,၈၉၉.၀၀၀ | | | | | | ၇၃,၈၉၉.၀၀၀ |
| ၂၉ | ချင်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | ၎င်း | | | ၁၃၀,၇၃၉.၀၀၀ | | | | | | ၁၃၀,၇၃၉.၀၀၀ |
| ၃၀ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၇၅,၅၀၆.၀၀၀ | | | | | | ၁၇၅,၅၀၆.၀၀၀ |
| ၃၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၄၅,၃၉၀.၀၀၀ | | | | | | ၁၄၅,၃၉၀.၀၀၀ |
| ၃၂ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၂၆,၃၆၅.၀၀၀ | | | | | | ၁၂၆,၃၆၅.၀၀၀ |
| ၃၃ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၄၀,၅၂၅.၀၀၀ | | | | | | ၁၄၀,၅၂၅.၀၀၀ |
| ၃၄ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၀၇,၂၂၅.၀၀၀ | | | | | | ၁၀၇,၂၂၅.၀၀၀ |
| ၃၅ | မွန်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | ၎င်း | | | ၇၀,၉၆၇.၀၀၀ | | | | | | ၇၀,၉၆၇.၀၀၀ |
| ၃၆ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | ၎င်း | | | ၁၄၀,၄၀၈.၀၀၀ | | | | | | ၁၄၀,၄၀၈.၀၀၀ |
| ၃၇ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၄၀,၈၅၈.၀၀၀ | | | | | | ၄၀,၈၅၈.၀၀၀ |
| ၃၈ | ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ | ၎င်း | | | ၂၁၆,၄၀၈.၀၀၀ | | | | | | ၂၁၆,၄၀၈.၀၀၀ |
| ၃၉ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၁၆,၂၀၀.၀၀၀ | | | | | | ၁၁၆,၂၀၀.၀၀၀ |
| ၄၀ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေး ရန်ပုံငွေအတွက်တိုင်းဒေသကြီး/ပြည်နယ် များသို့ ထောက်ပံ့ငွေ | ၎င်း | | | ၃၂,၂၀၀.၀၀၀ | | | | | | ၃၂,၂၀၀.၀၀၀ |
| | ပေါင်း | | ၅,၂၄၂,၀၇၉.၂၅၈ | ၉၅၈,၁၀၇.၉၆၇ | ၂,၀၉၉,၀၃၂.၆၉၂ | ၃,၉၉၉,၆၀၀.၅၃၀ | ၂,၆၉၈.၀၀၀ | ၁၇၄,၅၁၉.၆၈၁ | ၁၆,၉၀၂.၀၅၉ | | ၁၁,၈၅၂,၉၅၀.၁၈၈ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၄၉,၁၉၈.၂၅၀ | | | | | | | | | ၄၉,၁၉၈.၂၅၀ |
| | ပေါင်း | | | | ၄၉,၁၉၈.၂၅၀ | | | | | | | | | ၄၉,၁၉၈.၂၅၀ |

(ဆက်လက်ဖော်ပြပါမည်)



**ဩဂုတ် ၂၄ ရက်က ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ညောင်ဦးမြို့ အမှတ်(၇)ရပ်ကွက်ရှိ ဝက်ကြီးအင်းဂူပြောက်ကြီးဘုရားကို ပြန်လည်ပြုပြင်ရန် ဘုရားပတ်လည် ငြမ်းစင်တည်ဆောက်ခြင်းနှင့် ဘုရားပုရိဝုဏ်အတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများတွင် ညောင်ဦးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် သန်းဇော်ဦး ဦးဆောင်သည့် ရဲဝန်ထမ်း ၁၅ ဦးက ဩဂုတ် ၂၉ ရက်က သွားရောက်ကူညီ ဆောင်ရွက်ပေးနေစဉ်။** (ငလျင်ဒဏ်ကြောင့် ဝက်ကြီးအင်း ဂူပြောက်ကြီးဘုရား ကွမ်းတောင်ကျိုးပဲ့ ပျက်စီးခဲ့ပြီး ရှေးမူလက်ရာမပျက် ပြုပြင်ရန် ညောင်ဦးခရိုင်ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။)
**ရဲဝင်းနိုင်(ညောင်ဦး)**

# သာသနာဝင် စိစစ်ရေးကတ်ပြားများ မြို့လုံးကျွတ် ဆက်ကပ်ပေးအပ်ပွဲကျင်းပ

**ဟိုပင် စက်တင်ဘာ ၂**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ အရှေ့ကျောင်းကြီးကျောင်းတိုက်၌ သာသနာဝင်နှင့် သာသနာ့နွယ်ဝင် စိစစ်ရေးကတ်ပြားများ မြို့လုံးကျွတ် ဆက်ကပ်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

၁၃၇၈ ခုနှစ် ဝါဆိုသံဃာစာရင်းအရ ဟိုပင်မြို့တွင် သီတင်းသုံးနေထိုင်တော်မူသော သာသနာဝင်နှင့် သာသနာ့နွယ်ဝင်များမှ စိစစ်ရေးကတ်ပြား ဆက်ကပ်ရန်ကျန်ရှိသည့် ရဟန်း၊ သာမဏေနှင့် သီလရှင်များအားလုံးကို ဆက်ကပ်ပေးအပ်နိုင်ရန် ရည်ရွယ်ပြီး ဟိုပင်မြို့ ဂေါပကအဖွဲ့များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနတို့ ပူးပေါင်း၍ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



အခမ်းအနားတွင် ဟိုပင်မြို့ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က ဩဝါဒမိန့်ကြားပြီး အခမ်းအနားသို့ ကြွရောက်လာကြသော ပင့်သံဃာ ၃၂ ပါး၊ ရှင်သာမဏေ ၈ ပါးနှင့် သီလရှင် ၆ ပါးတို့အား လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြကာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူး ဦးဝင်းဇော်က မြို့လုံးကျွတ် သာသနာဝင်နှင့် သာသနာ့နွယ်ဝင် စိစစ်ရေးကတ်ပြား ဆက်ကပ်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများက မြို့နယ်အတွင်းမှ သာသနာဝင်စိစစ်ရေးကတ်ပြားမရှိသေးသော သံဃာတော် ၃၂ ပါး၊ သာမဏေ ရှစ်ပါးနှင့် သီလရှင်ခြောက်ပါးတို့အား သာသနာဝင် စိစစ်ရေး ကတ်ပြားများကို ဆက်ကပ်ခဲ့သည်။
**နီတိုး**

# မျိုးစေ့အဆင့်မှ မျိုးသန့်ပွားများရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နတ်မောက် စက်တင်ဘာ ၂**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနေအကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းကာ မျိုးစေ့အဆင့်မှ မျိုးသန့်ပွားများရေး (Registered Seeds to Certified Seeds-R.S to C.S)လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နတ်မောက်မြို့နယ်၌ ဒေသရေမြေသဘာဝအလိုက် သင့်တော်ဖြစ်ထွန်းနိုင်သည့် သီးနှံမျိုးသန့်မျိုးစေ့များ လုံလောက်စွာ အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၏ မျိုးစေ့ထုတ်ခြံ/စခန်း/လုပ်ငန်းများတွင်သာမက သီးနှံစိုက်တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်လုပ်သူများအသင်း(Seed Grower Association)ပုံစံဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်လင်းက ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်တစ်ရပ်အဖြစ် သီးနှံမျိုးကွဲအလိုက် ဒေသရေမြေနှင့် သင့်တော်ဖြစ်ထွန်းမှုရှိ/မရှိ စိုက်ကွင်းအထောက်အကူပြု လက်တွေ့စမ်းသပ်ကွက်(Applied Research)များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေမြေသဘာဝအရ စိုက်ကွင်းတွေ့ရှိချက်များနှင့် တောင်သူများကိုယ်တိုင် ကြိုက်နှစ်သက်လက်ခံသည့် သီးနှံမျိုးစေ့များကို စိုက်ပျိုးချိန်ရာသီအလိုက် စုဆောင်းဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် ဒေသအတွင်း သီးနှံမျိုးကွဲအလိုက် သက်လျင်/သက်လတ်မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း အကျိုးဆောင်တောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**လှဝင်း(နတ်မောက်)**



**ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လွင်၏ဦးဆောင်မှုဖြင့် မိုးညိုမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူးဝင်းထွန်း ဦးဆောင်သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များမှ ဩဂုတ် ၃၀ ရက် ညကိုးနာရီက ပြည်သူများ ဘေးကင်းလုံခြုံရေးနှင့် မှုခင်းများ ကျဆင်းရေးတို့အတွက် လှည့်ကင်းများ ဆောင်ရွက်စဉ်။**
(မြို့နယ် ပြန်/ဆက်)

## မှုခင်းသတင်းတိုထွာများ

### ကသာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့အတွင်း ရဲစခန်းရှေ့ကားလမ်းပေါ်တွင် မူးယစ်ဆေးဝါးငွေကျပ် ၃၆၃ သိန်းဖိုး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပင်လည်ဘူးမြို့မရဲစခန်းမှ ခေတ္တရဲစခန်းမှူး သက်တင်ဦးနှင့်အဖွဲ့သည် ဩဂုတ် ၃၀ ရက်က ပင်လည်ဘူးမြို့ အဝင်/အထွက် မော်တော်ယာဉ်များအား မူးယစ်ဆေးဝါးသတင်းအရ ရှာဖွေစစ်ဆေးစဉ် ရဲစခန်းရှေ့လမ်းမပေါ်တွင် မောင်စိုးမောင်းနှင်လာသော ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ခရီးသည် မပြုံးထံမှ ဘိန်းဖြူ ၃၆၃ ဂရမ် တန်ဖိုးငွေကျပ် ၃၆၃ သိန်းနှင့် ရွှေထည်ပစ္စည်း ၂၅ မျိုး တန်ဖိုးငွေကျပ် ၅၇၉၀၅၀၀ အား ရှာဖွေ စစ်ဆေးတွေ့ရှိခဲ့သည်။

သို့ဖြစ်၍ ၎င်းအား ပင်လည်ဘူးမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

### နောင်ချို

နောင်ချိုမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် ဩဂုတ် ၂၉ ရက်က မူးယစ်တပ်ဖွဲ့စုအမှတ်(၂၄) နောင်ချို လူပ်ရှားတပ်ဆွယ်မှ ရဲအုပ်ဇော်မျိုးနိုင် ဦးစီးသောတပ်ဖွဲ့ဝင်များနှင့် နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်ပူးပေါင်းအဖွဲ့တို့သည် လားရှိုးဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးအိုက်စံ မောင်းနှင်လာသော ရွှေလားရှိုးခရီးသည်တင် မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးရာ ခရီးသည် အောင်နိုင်၊ သန်းစိုးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ အလေးချိန် ၉၀၀ ဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်၍ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူ အောင်နိုင်၊ သန်းစိုးတို့နှင့် ငွေကျပ် ၁၀ သိန်းပေး၍ သယ်ဆောင်ခိုင်းသူတစ်ဦး(စုံစမ်းဆဲ)တို့ သုံးဦးတို့ကို နောင်ချိုမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**စိုးဝင်း(နောင်ချို)**

### ရန်ကုန်

ရွှေပြည်သာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တရားမဝင်ဓား၊ လက်နက်ကိုင်ဆောင်မှု သတင်းအရ ရွှေပြည်သာမြို့နယ် အမှတ်(၅/၆) ရပ်ကွက် သန္တာလမ်းရှိ ဦးဖိုးထောင်(ခ) ဦးဝင်းနွဲ့၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်း၏ သားဖြစ်သူ ခက်ဇော်နေ (၂၆ နှစ်)အား နေအိမ်ညှော့ခန်းတွင်တွေ့ရှိရပြီး ရှာဖွေရာ ညှော့ခန်းစားပွဲခုံပေါ်၌ BATON SWORD စာတန်းပါ အရိုးအသွား ၁၉ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းနှင့်အရိုးအသွား ၁၀ လက်မခန့် စကေဘာတစ်ချောင်းတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင်နေအိမ်အတွင်း အိပ်ခန်းနံရံတွင်ထိုးထားသော ဓားအိမ်တပ်လျက် အရိုးအသွား ၄၅ လက်မခန့်နှင့် ၃၃ လက်မခန့်ရှိ ကင်ဒိုဓား နှစ်ချောင်း၊ ဓားအိမ်ပါ အရိုးအသွား ၂၄ လက်မခန့်ရှိ ငါးမန်းသွားပါ ဓားဦးချွန်တစ်ချောင်း၊ အရိုးအသွား ၁၅ လက်မခန့်နှင့် ၁၁ လက်မခန့်ရှိ ဓားဦးချွန်နှစ်ချောင်း၊ နံချပ်ကူတစ်ချောင်းတို့အား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ရွှေပြည်သာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။
**(သတင်းစဉ်)**

### တောင်ငူ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်တွင် ဩဂုတ် ၃၁ ရက်က ဆင်ဆာမဲ့အခွေများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်စိုးညွန့်နိုင်နှင့်တပ်ဖွဲ့ဝင်များ၊ ကေတုမတီမြို့သစ် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကေတုမတီမြို့သစ် နတ်သျှင်နောင်ရပ်ကွက် မင်းမဟာလမ်းနေ ကိုရန်အောင်(၄၄ နှစ်) ကုန်စုံဆိုင်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်ဈေးဆိုင်အတွင်း ခင်းကျင်းရောင်းချနေသည့် နိုင်ငံခြားဇာတ်လမ်းတွဲခွေမျိုးစုံ ၁၁၁ ခွေ၊ ကာတွန်းကားမျိုးစုံ ၅၂ ခွေ၊ နိုင်ငံခြားသီချင်းခွေတစ်ခွေ၊ လေးထောင့်ပလတ်စတစ်ခြင်းငါးခုတို့အား ဖမ်းဆီးရမိခဲ့၍ ကေတုမတီနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**

### ထီးလင်း

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အလယ်ပန်းကျေးရွာတွင် ဩဂုတ် ၃၀ ရက်ညပိုင်းက အုန်းပင်ပေါ်မှ လူတစ်ဦးပြုတ်ကျသေဆုံးခဲ့ကြောင်း အလယ်ပန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်လင်းဦး၏ အကြောင်းကြားချက်အရ ထီးလင်းမြို့မရဲစခန်းမှ ဒုရဲအုပ်ပြည့်စုံအောင်နှင့်အဖွဲ့သွားရောက်စစ်ဆေးခဲ့သည်။

သေဆုံးသူမှာ မောင်နု(ခ)သိန်းမော်(ခ)တေဇအောင် (၂၇ နှစ်) အလယ်ပန်းကျေးရွာ ထီးလင်းမြို့နယ်နေသူဖြစ်ပြီး ၎င်း၏နေအိမ်အရှေ့ဘက် တစ်အိမ်ကျော်ရှိ ဦးအောင်ကြည်လေး၏ နေအိမ်ခြံဝင်းအတွင်းရှိ အုန်းပင်ပေါ်သို့ ဝါးလုံးအားအသုံးပြု၍ အုန်းသီးတက်ခူးစဉ် ခြေချော်ပြုတ်ကျသဖြင့် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသေဆုံးမှုနှင့်ပတ်သက်၍ ထီးလင်းမြို့မရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

### ပင်းတယ

ပင်းတယမြို့ ရဲစခန်းမှတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁ ရက်က အင်းငယ်ကျေးရွာအုပ်စု မြောက်ရွှေပုထိုးကျေးရွာတွင် အောင်ထွန်းတင်(ခ)ဘဒင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၂ ပြား ရှာဖွေတွေ့ရှိ၍ ရဲအုပ်စိုးလှအောင်က သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ထွန်းတင်(ခ)ဘဒင်အားစစ်ဆေးရာ လွန်ခဲ့သောနှစ်ပတ်ခန့်က ရပ်စောက်မြို့နယ် မိုင်းပျဉ်းကျေးရွာနေ အမည်မသိအမျိုးသမီးတစ်ဦးထံမှဝယ်ယူခဲ့ပြီး တစ်ဆင့်ပြန်လည်ရောင်းချသုံးစွဲရာမှ ကျန်ရှိပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# Teaching for Success အွန်လိုင်းညီလာခံသို့ ဆရာ ဆရာမများ အင်တာနက်မှတစ်ဆင့် ပါဝင်ဆွေးနွေးနိုင်

ဆရာ ဆရာမများ အခမဲ့ပါဝင်ဆွေးနွေးနိုင်မည့် Teaching for Success Online Conference ကို ဗြိတိသျှကောင်စီမှ စီစဉ်၍ အောက်တိုဘာ ၅ ရက်မှ ၉ ရက်အထိ ကျင်းပ သွားမည်ဖြစ်ပြီး ညီလာခံတွင် ပါဝင်ဆွေးနွေးရန်အတွက် စာရင်းပေးသွင်းမှုများကို စတင်လက်ခံနေပြီဖြစ်ကြောင်း သိရသည်။

ဆရာ ဆရာမများ၏စွမ်းရည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခြင်း(CPD)ကို အထောက်အကူပြုမည့် ဤညီလာခံကို ကမ္ဘာ့ဆရာများနေ့ဖြစ်သည့် အောက်တိုဘာ ၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ကမ္ဘာတစ်လွှားမှ ဆရာ ဆရာမများ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများသာမက သင်တန်းနည်းပြများကိုပါ မည်သည့်ဘာသာရပ်ကို သင်ကြားပို့ချသည်ဖြစ်စေ အကျိုးပြုနိုင်ရန် ရည်ရွယ်ကြောင်းနှင့် ညီလာခံ၏ အဓိကရည်ရွယ်ချက်မှာ ဆရာ ဆရာမများသည် မိမိတို့လုပ်ငန်းခွင်ဆိုင်ရာ အရည်အချင်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကိုယ်တိုင် တာဝန်ယူလာစေပြီး ၂၁ ရာစုတွင် လိုအပ်သောစွမ်းရည်များကို စာသင်ခန်းနှင့် သင်တန်းများတွင် ပေါင်းစပ်အသုံးချနိုင်စေရန် ဦးတည်ကြောင်း သိရသည်။

အွန်လိုင်းညီလာခံတွင် ဆွေးနွေးမှုများအနေဖြင့် အောက်တိုဘာ ၅ ရက်တွင် The teacher as reflective practitioner၊ အောက်တိုဘာ ၆ ရက်တွင် The teacher as reflective practitioner(2)၊ အောက်တိုဘာ ၇ ရက်တွင် The learner ၊ အောက်တိုဘာ ၈ ရက်တွင် Assessing and managing learning (teacher and student)၊ အောက်တိုဘာ ၉ ရက်တွင် 21st Century Skills/Core Skills 2-Communication & collaboration, citizenship, leadership စသည့်အကြောင်းအရာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အွန်လိုင်းညီလာခံကို အဆိုပါရက်များတွင် နေ့စဉ် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲမှ ည ၁၁ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ဆရာ ဆရာမများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကာ အွန်လိုင်းရရှိသည့် မည်သည့်နေရာမှမဆို ဝင်ရောက်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပါဝင်ဆွေးနွေးလိုသော ဆရာ ဆရာမများအနေဖြင့် စာရင်းပေးသွင်းရန်အတွက် ဝက်ဘ်ဆိုက်လိပ်စာ http://teachingforsuccess.eventbrite.com/?aff=eastasia တွင် ဝင်ရောက် စာရင်းပေးသွင်းနိုင်ကြောင်း ဗြိတိသျှကောင်စီမှ ထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

## ရန်ကုန်အိုင်စီတီပြပွဲ ကျင်းပလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ Yangon ICT Fair(Computer and Mobile) Sep-2016 ကို ရန်ကုန်မြို့တပ်မတော်ခန်းမ၌ စက်တင်ဘာ ၂ ရက်မှ စတင်ကျင်းပလျက်ရှိပြီး စက်တင်ဘာ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပရှိ ကွန်ပျူတာ၊ မိုဘိုင်းနှင့် နည်းပညာကုမ္ပဏီများ၊ အရောင်းဆိုင်များက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာသုံးဆော့ဖ်ဝဲများ၊ မိုဘိုင်းအပလီကေးရှင်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ အိုင်တီနည်းပညာဆိုင်ရာ ဝန်ဆောင်မှုများကို ပြသလျက်ရှိပြီး ပြည်တွင်းမှ နည်းပညာကို စိတ်ဝင်စားသော ကျောင်းသားကျောင်းသူများနှင့် ပြည်သူများအနေဖြင့် အိုင်တီနည်းပညာများ၊ မိုဘိုင်းနည်းပညာများနှင့် ထုတ်ကုန်များကို လေ့လာကြည့်ရှုနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကာ ၂၀၁၆ ခုနှစ်အတွင်း ဒုတိယအကြိမ်ကျင်းပသည့် ပြပွဲလည်းဖြစ်ကြောင်း သိရသည်။

ရန်ကုန် အိုင်စီတီပြပွဲတွင် နည်းပညာကုမ္ပဏီနှင့် အရောင်းဆိုင် ၆၀ ကျော်က ပြခန်းပေါင်း ၁၅၀ ကျော်ခင်းကျင်း၍ ပြသသွားမည်ဖြစ်ကာ ထုတ်ကုန်အမျိုးမျိုးကိုလည်း အထူးအစီအစဉ်၊ ကံစမ်းမဲအစီအစဉ်များဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း၊ ပြပွဲတွင် မည်သည့်ဆိုင်မှမဆို ကျပ်သုံးသောင်းဖိုးဝယ်ယူပါက ကံစမ်းမဲရမည့်အစီအစဉ် အပါအဝင် တစ်ဆိုင်ချင်းအလိုက် သီးခြား အထူးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# MI ဖုန်းအသုံးပြုသူတိုင်း သိထားသင့်တဲ့ Mi Account Lock

**ဆောင်းပါး-ဖိုးကျော်(နည်းပညာမြေ)**

ယနေ့မြန်မာနိုင်ငံရဲ့မိုဘိုင်းဖုန်းဈေးကွက်ထဲကို အင်တိုက်အားတိုက်ဝင်ရောက်လာတဲ့ စမတ်ဖုန်းအမျိုးအစားတစ်ခုကတော့ Xiaomi ဆိုတဲ့ ဖုန်းအမျိုးအစားပဲ ဖြစ်ပါတယ်။ Xiaomi ကို အများစုက အတိုကောက် MI လို့ပဲ ခေါ်ကြပါတယ်။ သင့်တင့်လျောက်ပတ်တဲ့ဈေးနှုန်းနဲ့ specific မြင့်မြင့်ဖုန်းမျိုးကို ကိုင်ချင်တဲ့သူတိုင်းအတွက် Xiaomi ဟာ အင်မတန်သင့်လျော်တဲ့ ဖုန်းအမျိုးအစားတစ်ခုပဲ ဖြစ်ပါတယ်။ နောင်ပိုင်းဝင်လာတဲ့ ဖုန်းအမျိုးအစားတွေ အများကြီးရှိတဲ့အနက် မြန်မာနိုင်ငံဈေးကွက်မှာ လူကြိုက်အများဆုံးနဲ့ ရောင်းအားအကောင်းဆုံးဖုန်းကို ပြပါဆိုရင်တော့ MI ကိုပဲ ပြရမှာဖြစ်ပါတယ်။ လှပသေသပ်တဲ့အသွင်အပြင်၊ မြင့်မားတဲ့စွမ်းဆောင်ရည်နဲ့ သင့်တော်လျောက်ပတ်တဲ့ ဈေးနှုန်းအနေအထားကြောင့် ဒီလောက်အထိ အောင်မြင်နေတာလည်း ဖြစ်ပါတယ်။


Mi user တွေဖြစ်လာပြီ၊ MI ဖုန်းကို အသုံးပြုကြပြီဆိုရင်တော့ အသုံးပြုသူတိုင်းမှာ ရှိကိုရှိတဲ့အရာတစ်ခုက MI Account ဖြစ်ပါတယ်။ ဖုန်းဆိုင်တိုင်းကလည်း ဖုန်းကိုဝယ်ပြီဆိုကတည်းက အသုံးပြုသူအတွက် MI Account ကို ပြုလုပ်ပေးလေ့ရှိပါတယ်။ MI Account ရှိမှလည်း အသုံးပြုသူတွေအတွက် အသုံးပြုရတာ ပိုပြီးအဆင်ပြေပါတယ်။ အသုံးပြုသူဟာ နည်းပညာကို ထိတွေ့နေကျဖြစ်ရင်၊ ဖုန်းအကြောင်းကို နားလည်ကျွမ်းကျင်ပြီးသားဖြစ်ရင်တော့ MI Account နဲ့ပတ်သက်လို့ ပြဿနာတက်နိုင်ချေ နည်းပါးပေမယ့် နည်းပညာနဲ့ အကျွမ်းတဝင်မရှိသူတွေအတွက်ဆိုရင် ပြဿနာတက်လေ့ရှိတာတစ်ခုက MI Account ရဲ့ပတ်စ်ဝေ့ဒ်ကို မေ့လျော့တတ်တာပဲ ဖြစ်ပါတယ်။

ဖုန်းဆိုင်ကဝန်ထမ်းတွေကတော့ MI Account အသုံးပြုပုံနဲ့တကွ အကောင့်ပတ်စ်ဝေ့ဒ်ကိုပါ တစ်ခါတည်း ပြောကြား သင်ပြပေးလိုက်မှာပါ။ နည်းပညာနဲ့ ရင်းနှီးသူတွေကတော့ အရေးကြီးကြောင်းသိလို့ တစ်ခါတည်း မှတ်သားထားတတ်ကြပေမယ့် သာမန်အသုံးပြုသူကတော့ အမှုမဲ့အမှတ်မဲ့ နေတတ်ကြပါတယ်။

MI ဖုန်း အသုံးပြုသူတွေဟာ မိမိတို့ရဲ့ဒေတာတွေကို သိမ်းဆည်းထားဖို့ MI cloud ကို အသုံးပြုတတ်ကြပါတယ်။ MI Account ကို login ဝင်ထားမှ MI ရဲ့ဆားဗစ်တွေကို အသုံးပြုလို့ရမှာလည်း ဖြစ်ပါတယ်။ အကြောင်းတစ်ခုခုကြောင့် အကောင့်လော့ကျသွားတာမျိုး၊ Log out လုပ်ပြီး Login ပြန်ဝင်တဲ့အခါမှာ ပတ်စ်ဝေ့ဒ်ကို မမှတ်မိတာမျိုးက အဖြစ်များဆုံးပြဿနာတွေပဲ ဖြစ်တတ်ပါတယ်။ MI Account လော့ကျတယ်ဆိုတာကလည်း သာမာန်ဆိုရင်တော့ မကျတတ်ပါဘူး။ MI Cloud ထဲက Find Device ကို on ထားမိမှ ကျတတ်တာမျိုးပါ။

သာမန်အသုံးပြုသူတွေအနေနဲ့ ပတ်စ်ဝေ့ဒ်မသိတော့တဲ့အခါ forgot password ဆိုတာကို မလုပ်တတ်ကြပါဘူး။ အဲ့ဒီအခါ သူတို့ဘာလုပ်ကြလဲဆိုတော့ ဖုန်းဆိုင်ကိုပဲ သွားပြတတ်ကြပါတယ်။ ပုံမှန်အားဖြင့် ဖုန်းပြုပြင်ပေးတဲ့ဆိုင်တွေကလည်း firmware ပြန်တင်ပေးလိုက်ကြပါတယ်။ အဲလို firmware ပြန်တင်ပေးလိုက်ရင် MI Account က ပျက်သွားတာများပါတယ်။ သာမန် MI ဖုန်းတွေမှာ ပျက်သွားပေမယ့် Bootloader Lock ဆိုရင်တော့ ပျက်မသွားပါဘူး။ ကျွန်တော့်အတွေ့အကြုံအရ firmware ကို ဆယ်ခါလောက် ပြန်တင်တာတောင် လော့ကျနေတဲ့အကောင့်က ပျက်မသွားလို့ ခေါင်းခဲခဲ့ရဖူးပါတယ်။ အစက ကိုယ့်ဖုန်းက သုံးလို့ရတယ်။ ဆိုင်ကိုသွားပြလို့ ဆိုင်က ပြုပြင်ပေးတဲ့ပညာရှင်က သေချာမစစ်ဆေးဘဲ firmware ပြန်တင်ပေးလိုက်တဲ့အခါကျမှ နဂိုက သုံးလို့ရသေးတဲ့ဖုန်းက သုံးမရဘဲဖြစ်သွားတတ်ပါတယ်။ အဲ့လို အခြေအနေမျိုးကို နည်းပညာနဲ့ ရင်းနှီးကျွမ်းဝင်ခြင်း မရှိတဲ့ MI ဖုန်းအသုံးပြုသူတွေ ခဏခဏကြုံနေရတာကို မြင်နေတွေ့နေ၊ ကြားနေရပါတယ်။ ဒီအခက်အခဲကို လွယ်လွယ်ကူကူ ဖြေရှင်းနိုင်မယ့်နည်းလမ်းကို ဖော်ပြချင်လို့ ဒီဆောင်းပါးကို ရေးတာဖြစ်ပါတယ်။

MI Account ဟာ လော့ကျနေတဲ့အခါမျိုးမှာ MI ID ရဲ့အစနဲ့ အဆုံး စာလုံးတွေကို ဖော်ပြပေးထားပါတယ်။ အဲလို အခြေအနေ ဖြစ်လာပြီဆိုရင် ပထမဆုံး ကိုယ့်အကောင့်ဖွင့်ထားတဲ့ ဖုန်းနံပါတ်ကို အဲဒီဖုန်းထဲကထုတ်ပြီး အခြားဖုန်းတစ်လုံးထဲမှာထည့်ထားပါ။ ပြီးရင် ဖုန်းကို ကွန်ပျူတာနဲ့ချိတ်ဆက်ပြီး MI Account ကို forgot password လုပ်ပစ်လိုက်ပါ။ အဲလိုလုပ်တဲ့အခါ ID နေရာမှာ +959 ကို ရှေ့ဆုံးကနေ ထည့်ပေးရပါမယ်။ အဲလိုလုပ်ပြီးတဲ့အခါမှာ ပတ်စ်ဝေ့ဒ်အသစ် ပြန်တောင်းပါလိမ့်မယ်။ မိမိထည့်လိုတဲ့ ပတ်စ်ဝေ့ဒ်အသစ်ကို ထည့်ပါ။ အဲဒါတွေလုပ်ပြီးပြီဆိုရင်တော့ မိမိဖုန်းကတ်ကို လော့ကျနေတဲ့ဖုန်းထဲကို ပြန်ထည့်ပြီး မိမိအသစ်ပြောင်းလိုက်တဲ့ ပတ်စ်ဝေ့ဒ်ကိုထည့်ပြီး ဝင်လို့ရပါပြီ။




မိမိဖုန်းကို နဂိုအတိုင်း အသုံးပြုနိုင်ပြီဖြစ်သလို MI Account ကိုအသုံးပြုပြီး MI Cloud အပါအဝင် MI ရဲ့ ဝန်ဆောင်မှုတွေကိုလည်း ပြန်လည်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ MI Cloud မှာ မိမိအရင်ကသိမ်းဆည်းထားခဲ့တဲ့ ဒေတာတွေကိုလည်း မပျက်မစီးဘဲ ပြန်လည်ရရှိမှာ ဖြစ်ပါတယ်။

ဒါကြောင့် MI Account လော့ကျလို့ ဆိုင်သွားပြပြီး Firmware ပြန်တင်လိုက်ခါမှ ဖုန်းပါသုံးမရတဲ့အဖြစ်မျိုးကို MI ဖုန်းအသုံးပြုသူများ ကြုံနေရတဲ့ဒုက္ခကနေ ကင်းဝေးပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

**New Product**

# Honor စီးရီးထဲက အရည်အသွေးမြင့်ဖုန်းသစ် Honor 8

Honor 8 ဟာ ဟွာဝေးရဲ့အရည်အသွေးမြင့် ဖုန်းစီးရီးတစ်ခုဖြစ်တဲ့ Honor စီးရီးထဲက နောက်ဆုံးထွက်ဖုန်းသစ်ဖြစ်ပါတယ်။ နိုင်ငံတကာဈေးကွက်မှာ ဇူလိုင်လအတွင်းက စတင်မိတ်ဆက်ခဲ့ပြီး ပြည်တွင်းဈေးကွက်မှာတော့ ဩဂုတ်လအတွင်း ဝင်ရောက်နေတာ တွေ့ရပါတယ်။

Honor 8 ဟာမျက်နှာပြင်အကျယ် ၅ ဒသမ ၂ လက်မရှိပြီး LTPS capacitive touchscreen ကို သုံးထားပါတယ်။ Resolution က 1080x1920 pixels ရှိလို့ ရုပ်ထွက်အရည်အသွေး မြင့်မားပါတယ်။ အန်းဒရွိုက်ဗားရှင်းက 6.0.1(Marshmallow) ဖြစ်ပြီး Emotion UI ဗားရှင်းက 4.1 ပါဝင်ပါတယ်။ Octa-core CPU နဲ့ RAM က 4GB အထိ ပါဝင်လို့ လုပ်ဆောင်ချက်အများအပြား၊ ဂိမ်းတွေအများအပြားကို လေးသွားတာ၊ ဟန်းသွားတာမျိုးမရှိဘဲ သုံးနိုင်မှာဖြစ်ပါတယ်။ ဖုန်းရဲ့အင်တာနယ်မင်မိုရီကတော့ 32GB နဲ့ 64GB နှစ်မျိုးထွက်ထားပါတယ်။ ဒါ့အပြင် မင်မိုရီကတ် ထပ်စိုက်ပြီး အသုံးပြုမယ်ဆိုရင်လည်း Micro SD card ကို 256GB အထိ ထပ်တိုးအသုံးပြုနိုင်အောင် ထောက်ပံ့ပေးထားတာကြောင့် ကွန်ပျူတာတစ်လုံးလောက်နီးပါး ရှိနေတာဖြစ်ပြီး အထင်ကြီးစရာဖြစ်ပါတယ်။ ဒါပေမယ့် မင်မိုရီကတ်ကိုထိုးဖို့ သီးသန့်အပေါက်မပါဘဲ ဆင်းကတ်အပေါက်မှာ ထိုးသုံးရမှာက အားနည်းချက်တစ်ခုလို့လည်း ဆိုနိုင်ပါတယ်။

Honor 8 ဟာ ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး မိုဘိုင်းနက်ဝပ်က GSM ဖြစ်ပါတယ်။ အင်တာနက် နက်ဝပ်အတွက်တော့ 3G နဲ့ 4G ကို HSPA နဲ့ LTE တွေနဲ့ ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၁၂ မဂ္ဂါပစ်ဇယ်ရှိတဲ့ Dual Camera ပါဝင်ပြီး Laser autofocus, dual-LED, geotagging, face detection, HDR, panorama စတဲ့ လုပ်ဆောင်ချက်တွေနဲ့ ထောက်ပံ့ပေးထားတာကြောင့် အရည်အသွေးမြင့် ဓာတ်ပုံတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဗီဒီယိုကိုလည်း 1080 pixel အရည်အသွေးမြင့် ဗီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်သလို ရှေ့ကင်မရာကလည်း ၈မဂ္ဂါပစ်ဇယ်ရှိလို့ ဆယ်လ်ဖီဝါသနာရှင်တွေအတွက် စိတ်တိုင်းကျစေမှာဖြစ်ပါတယ်။

ဘက်ထရီပိုင်းမှာတော့ စွမ်းရည်မြင့်တဲ့ Li-Po 3000 mAh ဘက်ထရီပါဝင်လို့ အချိန်ကြာမြင့်စွာ အသုံးပြုနိုင်မှာဖြစ်သလို ဘက်ထရီကို အမြန်အားသွင်းနိုင်မယ့် စမတ်ပါဝါစနစ်ကိုလည်း ထည့်သွင်းပေးထားပါတယ်။ ဒါ့အပြင် Finger Print စနစ်မျိုးတွေလည်း ပါဝင်ပါတယ်။ ကိုယ်ထည် အရောင်ကတော့ နိုင်ငံတကာဈေးကွက်မှာ အဖြူရောင်၊ အနက်ရောင်နဲ့ Sapphire Blue လို့ အရောင်သုံးမျိုးထွက်ထားပြီး ပြည်တွင်း ဈေးကွက်အတွင်းမှာတော့ အဖြူရောင်နဲ့ အနက်ရောင်ကိုသာ ရောင်းချသေးတာကို တွေ့ရပါတယ်။

**သူရဖြိုး**



# တပ်ကုန်းနှင့် ရမည်းသင်းမြို့နယ်ကျေးရွာများမှ ရေဘေးသင့်ပြည်သူများ အကူအညီလိုအပ်လျက်ရှိ

**တပ်ကုန်း စက်တင်ဘာ ၂**

ဩဂုတ် ၂၆ ရက် နံနက်အစောပိုင်းက ဆင်သေချောင်း ရေလျှံမှုကြောင့် ရုတ်တရက် ရေလွှမ်းနစ်မြုပ်ပြီး ရေစီးနှင့်အတူ နေအိမ်များ မျောပါပျက်စီးကာ ရေဘေးဒုက္ခရောက်ခဲ့ကြသည့် နေပြည်တော်တပ်ကုန်းမြို့နယ်ရှိ သံပုရာကုန်းကျေးရွာ၊ လက်ပန်အိုင့်ကျေးရွာနှင့် ရမည်းသင်းမြို့နယ်ရှိ ဆတ္တိုးပေါက်နှင့် အောင်ချမ်းသာ ကျေးရွာများရှိ ရေဘေးသင့်ရွာသူရွာသားတချို့မှာ အရေးပေါ်အကူအညီများ လိုအပ်နေသေးပြီး နေထိုင်စားသောက်ရေး အခက်ခဲများဖြစ်ပေါ်နေသဖြင့် အလှူရှင်များကို စောင့်မျှော်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။



"ရေဘေးဒုက္ခ တကယ်ဆိုးဆိုးရွားရွားခံနေရတာက ကျွန်တော်တို့ကျေးရွာနဲ့ ဆတ္တိုးပေါက်ကျေးရွာပါ။ လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့အတွက် လာလှူတဲ့သူတွေက သွားလာရလွယ်ကူတဲ့ သံပုရာကုန်းကျေးရွာအထိကိုပဲ လာလှူပြီး ပြန်သွားကြတယ်။ ရေဘေးတကယ်ခံရတဲ့ ကျွန်တော်တို့နေရာတွေအထိ မရောက်တော့ စားရေးသောက်ရေးကအစ အခက်အခဲဖြစ်နေပါတယ်" ဟု အောင်ချမ်းသာကျေးရွာမှ ရေဘေးသင့် ဒေသခံတစ်ဦးဖြစ်သူ ကိုဝင်းဇော်ဟိန်းက ပြောသည်။

တပ်ကုန်း မြို့နယ်အတွင်းရှိ သံပုရာကုန်းကျေးရွာ၊ လက်ပန်အိုင့်ကျေးရွာ ရမည်းသင်းမြို့နယ်အတွင်းရှိ ဆတ္တိုးပေါက်ကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့မှာ ချောင်းတစ်ချောင်းစီသာခြားပြီး တစ်ရွာနှင့်တစ်ရွာ နီးကပ်စွာ တည်ရှိနေသော်လည်း ရေဘေးသင့်သူများအတွက် လာရောက်လှူဒါန်းသူများမှာ တပ်ကုန်းမြို့နယ်ဘက်မှ ပိုမိုများပြားကြောင်း အနီးဝန်းကျင်ရှိ ဖက်သန်းတောင်ကျေးရွာမှ ပရဟိတလုပ်ငန်း သွားရောက်ကူညီလုပ်ကိုင်နေသူ ကိုထွန်းနိုင်က ပြောသည်။

"တပ်ကုန်းမြို့နယ်နဲ့ ရမည်းသင်းမြို့နယ်က ချောင်းလေးပဲခြားတယ်။ ကယ်ဆယ်ရေးအဖွဲ့တွေက တပ်ကုန်းဘက်ခြမ်းဆိုတော့ တပ်ကုန်းမြို့နယ်ဘက်ပါတဲ့ သံပုရာကုန်းနဲ့ လက်ပန်အိုင့် ရွာသူရွာသားကပဲ ကူညီထောက်ပံ့မှုတွေကို များများရရှိနေကြတာ။ တပ်ကုန်းဘက်ခြမ်းကနေ ရမည်းသင်းဘက်ခြမ်းကို အရောက်နည်းနေတော့ ဆတ္တိုးပေါက်နဲ့ အောင်ချမ်းသာကျေးရွာထိ ရောက်သင့်သလောက် မရောက်ဘူးဖြစ်နေတာ။ လှူဒါန်းတဲ့သူတွေက ရေဘေးကြုံတဲ့လူတွေ အကုန်လုံးကိုရစေချင်တယ်။ လာရောက်လှူဒါန်းတဲ့ အလှူရှင်တွေ ဘယ်ကျေးရွာအတွက် ဘယ်လောက်လှူတယ်ဆိုပြီး သတ်မှတ်လှူမယ်ဆိုရင် အမှန်တကယ်ဒုက္ခရောက်တဲ့သူတွေရဲ့လက်ထဲ အမှန်တကယ် သေချာပေါက်ရောက်နိုင်ပါတယ်" ဟု ရေဘေးနှင့်ပတ်သက်ပြီး ကြုံတွေ့ရမှုအပေါ် ၎င်းကပြောသည်။

အဆိုပါချောင်းရေလျှံမှုကြောင့် အိမ်ခြေ၁၃၅ အိမ်ရှိသည့် အောင်ချမ်းသာကျေးရွာတွင် ရေကြီးနစ်မြုပ်သွားသည့် နေအိမ်မှာ ၆၅ လုံးခန့်ရှိပြီး ရွာတစ်ခြမ်းလုံးနီးပါး ရေလွှမ်းသွားပြီး ပစ္စည်းတွေ မျောပါသွားခဲ့ကြောင်း၊ အိမ်ခြေ ၂၀၀ ကျော်ရှိသည့် ဆတ္တိုးပေါက်ကျေးရွာတွင် အိမ်ခြေ ၉၆ အိမ်ခန့် ရေနစ်မြုပ်သွားကြောင်း၊ တပ်ကုန်းမြို့နယ်ဘက်ခြမ်း သံပုရာကုန်းနှင့် လက်ပန်အိုင့်ကျေးရွာတို့မှ အိမ်ခြေ ၂၂ လုံး၊ ရမည်းသင်းမြို့နယ်ဘက်ခြမ်းရှိ ဆတ္တိုးပေါက်နှင့် အောင်ချမ်းသာကျေးရွာတို့မှ အိမ်ခြေ ၁၃ လုံး ရေနောက်မျောပါပျက်စီးသွားကြောင်း သတင်းများအရ သိရသည်။

သံပုရာကုန်းကျေးရွာနှင့် လက်ပန်အိုင့်ကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် ကူညီပံ့ပိုးမှုများစွာ ရရှိကြသော်လည်း ဆတ္တိုးပေါက်နှင့် အောင်ချမ်းသာကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့်သာ ကူညီထောက်ပံ့မှု အနည်းငယ်ရရှိခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အောင်ချမ်းသာကျေးရွာက သံပုရာကုန်းနဲ့ မဝေးပေမယ့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက် အလှူရှင်တွေက ကိုယ်တိုင် မလာရောက်နိုင်ကြဘူး။ ဒါ့ကြောင့် အလှူရှင်တွေ ရေဘေးဒုက္ခ တကယ်ကြုံတွေ့ရတဲ့သူတွေဆီရောက်လာပြီး ရွာသူရွာသားတွေနဲ့ ပူးပေါင်းပြီးပို့ပေး စေချင်ပါတယ်။ ဒါမှလည်း အမှန် တကယ် ရရှိကြမှာပါ။ တစ်ခါတစ်ရံ ကူညီထောက်ပံ့မှုတွေက အပြည့်အဝ မရောက်ကြဘူးလို့ ပြောတာတွေလည်း ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးကြောင့် ပြုတ်ကျတာ၊ ထွက်ကျတာ တွေလည်း ဖြစ်နိုင်ပါတယ်" ဟု ကိုဝင်း ဇော်ဟိန်းက ပြောသည်။

အဆိုပါကျေးရွာများသို့ ကယ်ဆယ်ရေးအပိုင်းအနေဖြင့် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ကမ္ဘောဇဘဏ်အဖွဲ့နှင့် အနယ်နယ်အရပ်ရပ်မှ လူမှုအဖွဲ့အစည်းများ၊ အစိုးရဌာနဆိုင်ရာများနှင့် ဒေသခံ လူမှုအဖွဲ့အစည်းများက ဝိုင်းဝန်း ပူးပေါင်းပြီး ဆောင်ရွက်ပေးကြသလို ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းအနေဖြင့် ဆေးဘက်ဆိုင်ရာ ကျန်းမာရေးအဖွဲ့များ လာရောက်ပြုစုစောင့်ရှောက်ကြသည့်အတွက် ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်မှုရှိကြောင်း သိရသည်။

အဆိုပါ ဆတ္တိုးပေါက်ကျေးရွာနှင့် အောင်ချမ်းသာကျေးရွာမှာ လက်ရှိအချိန်အထိ ရေနစ်မြုပ်မှုများ ရှိနေသေးသည့်အတွက် သွားလာရခက်ခဲမှုကြောင့် ဒေသခံတချို့၏ ရေနစ်မြုပ်သည့် နေအိမ်အချို့မှာ မပြုပြင်နိုင်သေးကြောင်း သိရသည်။ ရေဘေးကယ်ဆယ်ရေးစခန်းကို ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၂၄၃ တွင် ဖွင့်ထားပြီး အောင်ချမ်းသာနှင့် ဆတ္တိုးပေါက်ရွာများအတွက်ပါ တွဲဖက်ဖွင့်ထားကြောင်း သိရသည်။

ဆင်သေချောင်းရေလွှမ်းမှုကြောင့် သံပုရာကုန်းကျေးရွာတွင် ရေလွှမ်းနစ်မြုပ်သွားသည့် နေအိမ် ၁၄၀ ခန့်ရှိပြီး အိမ်မွေးတိရစ္ဆာန် ကြက်၊ ဝက်နှင့် အခြားကျွဲ၊ နွားတိရစ္ဆာန်အချို့လည်း ရေနောက်မျောပါသွားကြောင်း၊ အရေအတွက် အတိအကျမသိရသေးကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ ရေဘေးအတွက် သွားရောက်လှူဒါန်းပြီး ပြန်လာသည့် ပုဗ္ဗသီရိမြို့နယ်မှ ဦးလှသိန်းက "ကျွန်တော် သွားလှူတဲ့ အခါမှာ သံပုရာကုန်းရွာက ကျေးရွာလည်းကြီးတယ်။ အင်တာနက် စာမျက်နှာတွေမှာ အရင်ဆုံးတက်လာတာ ဆိုတော့ ပြည်သူတွေအရင်သိကြတယ်။ နောက်ပြီး လမ်းပန်းဆက်သွယ်ရေးလည်းကောင်း တော့ လာရောက်ကူညီတဲ့သူတွေက အများဆုံးလာကြတာ။ ဒါကြောင့် ထောက်ပံ့မှုနည်းနေတဲ့ ကျေးရွာတွေအထိ ရောက်အောင် လှူဒါန်းခဲ့တယ်။ အဓိကကတော့ စားသောက်ဖွယ်တွေ၊ အဝတ်အစားတွေကို ကျွန်တော်တို့ကျေးရွာ အနီးဝန်းကျင်မှာရှိတဲ့ ကျေးရွာငါးရွာလောက်ကို အလှူလိုက်ခံပြီး ထိခိုက်နစ်နာမှု အများဆုံးဖြစ်တဲ့ လက်ပန်အိုင့်၊ အောင်ချမ်းသာ၊ ဆတ္တိုးပေါက်ကျေးရွာတွေအထိ ကိုယ်တိုင်သွားလှူခဲ့ပါတယ်" ဟု ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

**သတင်း-တင်မောင်လွင် (မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွှေး၊ ထွန်းနိုင်**

# ရွှေ့ပြောင်းဒုက္ခသည်များ ဒေသခံရွာသူရွာသားများနှင့်အနီးတစ်ဝိုက်နေထိုင်သူ လူထုများ၏ လူမှုဘဝတိုးတက်ရေးနှင့် ငြိမ်းချမ်းသော ဘဝရပ်တည်မှု တည်တံ့ရေးစီမံကိန်းစတင်အကောင်အထည်ဖော်

**စစ်တွေ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့ ပူးပေါင်းညှိနှိုင်းကာ ဂျာမန်ဖက်ဒရယ်နိုင်ငံခြားရေးရုံးနှင့် Diakonie Katastrophenhilfe (DKH) တို့၏ ငွေကြေးထောက်ပံ့မှုဖြင့် လူသရမ်ဝေါဖက်ဒရေးရှင်းနှင့် LWF မြန်မာမှ ရွှေ့ပြောင်းဒုက္ခသည်များ၊ ဒေသခံရွာသူရွာသားများနှင့် အနီးတစ်ဝိုက်နေထိုင်သူ လူထုများ၏ လူမှုဘဝတိုးတက်ရေးနှင့် ငြိမ်းချမ်းသောဘဝရပ်တည်မှု တည်တံ့ရေးစီမံကိန်းစတင်နေပြီ ဖြစ်ကြောင်း ဩဂုတ် ၃၀ ရက်က စစ်တွေမြို့ မင်းဂံရပ်ကွက် လူငယ်စင်တာခန်းမ၌ ကျင်းပသော စီမံကိန်းမိတ်ဆက်ခြင်းနှင့် ရှင်းလင်းခြင်းအခမ်းအနားတွင် လူသရမ်ဝေါဖက်ဒရေးရှင်းနှင့် LWF မှ စီမံကိန်းတာဝန်ခံ Bhoj Raj Khanal က သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထိုစီမံကိန်းတွင် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသော ရွှေ့ပြောင်းဒုက္ခသည်များနှင့် ဒေသခံလူထုများအကြား ငြိမ်းချမ်းသောရပ်တည်မှု တည်တံ့စေရန်နှင့်ဂုဏ်သိက္ခာရှိရှိ အသက်ရှင်ရပ်တည်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းတာဝန်ခံကပြောသည်။

အဆိုပါ စီမံကိန်းမှ စစ်တွေ၊ ပေါက်တော၊ မြောက်ဦးမြို့နယ်များရှိ ရွှေ့ပြောင်းဒုက္ခသည်စခန်း ၁၁ ခုတွင် အစိုးရကျောင်း ခြောက်ကျောင်းနှင့် ယာယီစာသင်ဆောင် ၃၂ ဆောင်အား အထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်ကာ ယာယီစာသင်ဆောင် ဆရာမ ၁၃၂ ဦးနှင့် အစိုးရဆရာဆရာမ ၉၀ အား လိုအပ်သော သင်တန်းများပို့ချကာ သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးသွားမည့်အပြင် ကျောင်းအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးသင်တန်းများ၊ ကလေးသူငယ်များ ကျောင်းပတ်ဝန်းကျင်တွင် လုံခြုံမှုရှိစေရန် အသိပညာပေးသင်တန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

လူငယ်ဆောင်များနှင့် အခြေခံအဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေးကဏ္ဍတွင် လူငယ်ဆောင်များနှင့် အိမ်များ ပြုပြင်ဆောက်လုပ်ခြင်း၊ အများသုံးအိမ်သာများ ဆောက်လုပ်ခြင်း၊ ရေရရှိရေးဆောင်ရွက်ခြင်း၊ အခြေခံကျန်းမာရေး ပြုစုစောင့်ရှောက်မှု တိုးတက်ကောင်းမွန်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လမ်းသွယ်များ ဖောက်လုပ်ပေးခြင်း၊ ပြန်လည်နေရာချထားပြီးသော နေရာခြောက်ခုတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်နိုင်ရန် မိသားစုဝင်များအား နည်းပညာသင်တန်း ပို့ချပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ထူထောင်နိုင်ရန် ပံ့ပိုးပေးခြင်း၊ လယ်သမားများအတွက် စိုက်ပျိုးရေးထွက်ကုန်၊ စုဆောင်းရေးစင်တာသုံး အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်းလူထုအားလုံးပါဝင်နိုင်သော လူမှုရေးအဖွဲ့အစည်းများ ဖွဲ့စည်းပြီး စွမ်းဆောင်ရည်မြင့်မားစေရန် ကူညီပံ့ပိုးပေးခြင်း စသည့်လုပ်ငန်းများ ပါဝင်မည်ဟုလည်း သိရသည်။

အဆိုပါ စီမံကိန်းအား ၂၀၁၆ ခုနှစ် မေ ၁ ရက် မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ ထောက်ပံ့ငွေယူရို တစ်သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ ပြီးစီးပါက သက်ဆိုင်ရာ အစိုးရဌာနများသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

စီမံကိန်းမိတ်ဆက်ခြင်းနှင့် ရှင်းလင်းခြင်းအခမ်းအနားတွင် မင်းဂံရပ်ကွက်မှ ဒေသခံတိုင်းရင်းသားများ အတွက် သွားလာရေး၊ သယ်ယူပို့ဆောင်ရေး လွယ်ကူစေရန် ငွေကျပ်သိန်း ၃၇၀၀ ကျော်ဖြင့် အရှည် ၉၅၃ ပေရှိ ကွန်ကရစ်လမ်းနှင့် ရေမြောင်းနှစ်ခု UNHCR မှ ထောက်ပံ့သော လူငယ်ဖွံ့ဖြိုးရေးစင်တာ တစ်ခု၊ EU CoS မှ ထောက်ပံ့သော ရှေးဦးအရွယ်ကလေးသူငယ် စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးစင်တာတစ်ခုအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



အခမ်းအနားသို့ ပညာမဂ္ဂင်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်၊ ရခိုင်ပြည်နယ် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ NGO,INGO များမှ စီမံကိန်းတာဝန်ခံများ၊ မင်းဂံ IDP စခန်းမှ မိသားစုဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြတ်ဝေ**

## သတင်းတိုများ

### လူထုဗဟိုပြုစီမံကိန်းအရ ဆောင်ရွက်ခဲ့သော ကျေးရွာကွန်ကရစ်လမ်းဖွင့်

တနင်္သာရီမြို့နယ် လူထုဗဟိုပြုစီမံကိန်း (NCDDP) အစီအစဉ်အရ သာရဖုံကျေးရွာအုပ်စု အရှေ့သာရဖုံကျေးရွာ၌ ဆောင်ရွက်ခဲ့သော အရှည်ပေ ၂၇၅၀ ရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ဩဂုတ်လစတုတ္ထပတ်က ကျင်းပခဲ့ရာ တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက လူထုဗဟိုပြုလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှုများကိုလည်းကောင်း၊ တနင်္သာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးမောင်တင်အောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းတို့က လမ်းသစ်ကိုဖွင့်လှစ်ပေးခဲ့သည်။

**နန်းသာရီထိန်ဝင်း**

### အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှုသင်တန်းများဖွင့်

ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၄၅)နှင့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၇၃) သင်တန်းများကို ဩဂုတ် ၂၉ ရက်က ဖွင့်လှစ်ခဲ့ရာ သင်တန်းဖွင့်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်အေးက အမှာစကားပြောကြားသည်။ သင်တန်းသူများအတွက် အာဟာရအစားအစာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ သင်တန်းများအတွက် သင်တန်းကာလမှာ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ပြီး အဆင့်မြင့်စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၂၀ နှင့် အခြေခံအိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ၄၆ ဦး တက်ရောက်ကြောင်း သိရသည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

### မျိုးသန့်မိုးစပါးစိုက်ခင်း၌ မျိုးကွဲပယ်ခြင်းဆောင်ရွက်

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကော့လေးကျေးရွာရှိ မျိုးသန့်မျိုးပွား မိုးစပါးစိုက်ခင်း (RS-CS)၌ မျိုးကွဲပယ်ခြင်းနည်းစနစ်များကို ဒေသခံတောင်သူများအား ပညာပေးသရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဩဂုတ် ၂၉ ရက်က ပြုလုပ်ခဲ့သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယဉ်အိမ်က မျိုးကွဲပယ်ခြင်းနည်းစနစ်များကို တောင်သူများအား လက်တွေ့သရုပ်ပြကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် ကော့လေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများ ပူးပေါင်း၍ မျိုးကွဲပယ်နည်းစနစ်များကို လက်တွေ့လေ့လာဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကျော်ဝင်း(ပြန်/ဆက်)**

# သမိုင်းဝင် BIA မော်ကွန်းကျောက်တိုင်ကို မွမ်းမံပြီး ပြတိုက်တည်ဆောက်မည်

**ထားဝယ် စက်တင်ဘာ ၂**

မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲဝင်ရောက်ရန်အတွက် ဖွဲ့စည်းခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော် BIA ထားဝယ်စစ်ကြောင်းမှ ထားဝယ်မြို့နယ် တောင်သုံးကျေးရွာသို့ ချီတက်သိမ်းပိုက်စဉ် စိုက်ထူခဲ့သော BIA အထိမ်းအမှတ် ကျောက်တိုင်ကို မူလလက်ရာမပျက် မွမ်းမံတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သမိုင်းဝင် BIA မော်ကွန်းကျောက်တိုင်သည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် ထိုင်းနိုင်ငံ ကန်ချနာဘူရီမြို့ကြား ဆက်သွယ်ထားသော နိုင်ငံတကာ ဆက်သွယ်ရေးလမ်းမကြီး အလယ်တွင်ရှိကြောင်း သိရသည်။ သမိုင်းဝင် BIA မော်ကွန်းကျောက်တိုင်ကို မူလအတိုင်းထားရှိပြီး ကျောက်တိုင်၏ ပတ်လည်တွင် ကွန်ကရစ်ရင်ပြင် တည်ဆောက်ခြင်း၊ ကမ္ပည်းကျောက်စာတိုင်ကို စိုက်ထူခြင်းနှင့် ပြတိုက်တည်ဆောက်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် သမိုင်းဝင် BIA မော်ကွန်း ကျောက်တိုင်နှင့် ပြတိုက်တည်ဆောက်ရေး ကော်မတီကိုလည်း ရပ်မိရပ်ဖများ၊ ပရဟိတအဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ ပါဝင်သော ကော်မတီဝင် ၂၄ ဦး ဖြင့် သြဂုတ် ၂၃ ရက်က ဖွဲ့စည်းထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။



**(ခရိုင် ပြန်/ဆက်)**

# (၄၄)နှစ်မြောက် တအာင်းစာပေနေ့အခမ်းအနား နမ့်ဆန်မြို့နယ်၌ ကျင်းပ

**နမ့်ဆန် စက်တင်ဘာ ၂**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ (၄၄)နှစ်မြောက် တအာင်းစာပေနေ့ အခမ်းအနားကို သြဂုတ် ၃၀ ရက်က မြို့နယ်ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးသိန်းဇော်က အမှာစကားပြောကြားပြီး တအာင်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောလွင် က မြန်မာနိုင်ငံလုံးဆိုင်ရာ တအာင်းစာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးဝင်းကျော်မှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် မြို့နယ် တအာင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်မြတ်က တအာင်းစာပေနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် မြို့နယ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တအာင်းစာပေထူးချွန်ဆုနှင့် တအာင်းစာပေ သင်ကြားနိုင်ရန်အတွက် အလှူငွေထည့်ဝင်ပေးကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကာ တအာင်းစာပေကို ရပ်ဝေးဒေသများမှ လာရောက်သင်ကြားသော ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ငွေကျပ် ၅၅၀၀၀၀ ကို ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်ခဲ့သည်။

ထို့နောက် တအာင်းစာပေသင်တန်းတွင် စာပေထူးချွန်ဆုရရှိသူများ၊ တအာင်းစာပေ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများ၊ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် စာစစ်ဌာနအသီးသီးမှ အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင် တစ်ဦးအပါအဝင် ဂုဏ်ထူးရနှင့် ရိုးရိုးအောင် ကျောင်းသားကျောင်းသူ ၁၅၀ အား ဂုဏ်ပြုဆုများကို ပေးအပ်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# လှိုင်သာယာ ဆာကူရာအထည်ချုပ်စက်ရုံဝင်းရှေ့တွင် အလုပ်သမား ၁၀၀ ခန့် ယာယီတဲများထိုး၍ ညအိပ်စောင့်ဆိုင်းဆန္ဒထုတ်ဖော်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂**



လှိုင်သာယာစက်မှုဇုန်(၃) ဦးရွှေအိုးလမ်းရှိ ဂျပန်နိုင်ငံသား Mr. KyoKazu Ito ပိုင်ဆိုင်သော ဆာကူရာအထည်ချုပ်စက်ရုံတွင် ဇူလိုင် ၂၉ ရက်က အလုပ်သမား ၈၀ မှာ နေ့လယ်ထမင်းစားချိန်အပြီးတွင် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခြင်းမရှိဘဲ ရက်မှန်ကြေး ၃၀၀၀၀ အားတစ်လ နှစ်ကြိမ်ခွဲပေးရန်၊ ယခင်သတ်မှတ်စံနှုန်းထက်ပို၍ အလုပ်မခိုင်းရန်တောင်းဆိုသည်မှစ၍ အလုပ်ရှင်၊ အလုပ်သမား ပြဿနာဖြစ်ပွားခဲ့ပြီး သြဂုတ် ၃၁ ရက်တွင် အလုပ်သမား ၃၀၀ ခန့်မှာ စက်ရုံရှေ့၌ ယာယီတဲများထိုး၍ စုဝေးခဲ့ကာ အလုပ်သမား ၁၀၀ ခန့်မှာ ညအိပ်စောင့်ဆိုင်းခဲ့သည့်အတွက် ရေကြက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အပိုင်နယ်ထိန်းတို့မှ စောင့်ကြပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရုံတွင် အလုပ်သမား အမျိုးသမီး ၄၈၁ ဦး၊ အမျိုးသား ၅၉ ဦးရှိပြီး ယခင်သတ်မှတ်စံချိန်ထက်ပို၍ အလုပ်ခိုင်းစေခြင်းကြောင့် အလုပ်သမား ၃၀၀ ခန့်နှင့် ပြဿနာဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုကိစ္စနှင့်ပတ်သက်၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ သြဂုတ် ၈ ရက်တွင် လွှဲပြောင်းခဲ့သည်။ သြဂုတ် ၂၆ ရက်တွင် စက်ရုံမန်နေဂျာမှ "အေးချမ်းစွာ အလုပ်လုပ်နိုင်ရန်အတွက် အလုပ်လုပ်ရန်လာသော အလုပ်သမားများသာ စက်ရုံအတွင်းဝင်ခွင့်ပေးမည်" ဖြစ်ကြောင်း စက်ရုံရှေ့တွင် စာကပ်ခဲ့သည့်အတွက် ယခင်စံနှုန်းထက်ပို၍ ချုပ်လုပ်နိုင်မှသာ စက်ရုံအတွင်း ဝင်ရောက်ခွင့်ပြုမည်ဟူသော ပြောဆိုချက်ကြောင့် အလုပ်သမား ၁၀၀ ခန့်မှာညအိပ်စောင့်ဆိုင်းဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

သြဂုတ် ၃၁ ရက်တွင် ဆာကူရာအထည်ချုပ်စက်ရုံအလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှ အလုပ်သမားခေါင်းဆောင်နှင့် အလုပ်သမား ၃၁၆ ဦးအား ၅ ရက်အတွင်း မူလရာထူး၊ မူလလစာနှင့်မူလနေရာ၊ မူလလုပ်သက်အတိုင်း အလုပ်ရှင်မှအလုပ်ပြန်လည်ခန့်ထားရန်၊ အလုပ်သမား ၃၁၆ ဦးကလည်း မူလသတ်မှတ်ထားသည့် စံချိန်အတိုင်း အလုပ်ပြန်လည် လုပ်ကိုင်ကြရန်၊ စံချိန်ပြောင်းလဲသတ်မှတ်ရန်လိုပါက အလုပ်ရှင်၊ အခြေခံအလုပ်သမားအဖွဲ့အစည်းနှင့် ညှိနှိုင်းရေးကော်မတီတို့ အကျေအလည်ညှိနှိုင်းပြီး သဘောတူညီချက်ရယူဆောင်ရွက်ကြရန်နှင့် ဇူလိုင် ၂၉ ရက်မှစ၍ လုပ်ငန်းခွင်မဝင်သော ကာလများအတွက် လုပ်ခရလိုကြောင်းတောင်းဆိုမှုအပေါ် ဇူလိုင် ၂၇ ရက်မှ သြဂုတ် ၅ ရက်ထိကာလအား Nowork Nopay သတ်မှတ်ပြီး လုပ်ခပေးရန်မလိုဘဲ စံချိန်နှုန်းသစ်ဖြင့် အလုပ်ဝင်ရန်ကြေညာသော သြဂုတ် ၆ ရက်မှ ခုံသမာဓိအဖွဲ့ကဆုံးဖြတ် ချက်ထုတ်ပြန်သည့် သြဂုတ် ၃၁ ရက် ထိကာလအတွက် လုပ်ခလစာပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ညအိပ်စောင့်ဆိုင်းလျက်ရှိသည့် အလုပ်သမား ၁၀၀ ခန့်ကို ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် အပိုင်နယ်ထိန်းရဲကင်းတို့မှ စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# မူးယစ်ဆေးဝါးအန္တရာယ် ဆန့်ကျင်ရှုတ်ချပွဲ ကျင်းပ

**လှိုင်းဘွဲ့ စက်တင်ဘာ ၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် နောင်တိုင်ကျေးရွာအုပ်စု မဲဆမိတ်ကျေးရွာ၌ မူးယစ်ဆေးဝါး ပပျောက်ရေးအ တွက် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် စိတ်ပါဝင်စားသူများစုပေါင်းကာ မူးယစ်ဆေးဝါး အသိပညာ ပေးဟောပြောပွဲနှင့် မူးယစ်ဆေးဆန့်ကျင်ရှုတ်ချပွဲကို သြဂုတ် ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်ခဲ့သည့် မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဌေးဝင်းက အသင်း၏လုပ်ငန်းများကို ချပြ ဆွေးနွေးပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းထွန်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ် ပွားနိုင်သော ဆိုးကျိုးအန္တရာယ်များကို ရှင်းလင်းသည်။

ထို့နောက်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာနေ ပြည်သူများက မူးယစ်ဆေးဝါးကို ဆန့်ကျင်ရှုတ်ချကြောင်း ကြွေးကြော်သံများကြွေးကြော်၍ ကျေးရွာတွင်းလမ်းမကြီး တစ်လျှောက် စီတန်းလှည့်လည်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# အခြေခံအိမ်တွင်းမှုနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**တီးတိန် စက်တင်ဘာ ၂**

ချင်းပြည်နယ် တီးတိန်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၉)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၃၃)သင်တန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူး၍ သြဂုတ် ၂၉ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးလွင်မောင်မောင်က အမှာစကားပြောကြားသည်။ သင်တန်းများသို့ ဒေသအတွင်းမှ သင်တန်းသူ ၄၈ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တပတ် ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ တီးတိန်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်းအနေဖြင့် ဒေသတွင်းမှ အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်စေရန်အတွက် သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ သင်တန်းဆင်းပြီးသူ ၂၀၈၇ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

# ကျေးရွာမြေဗွာဂရန်ထုတ်ပေးနိုင်ရန် ကွင်းဆင်းဆောင်ရွက်

**မိုင်းကိုင် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် ဟိုနားကျေးရွာအုပ်စု ဝိုင်းငင်းကျေးရွာမှ ပြည်သူများအတွက် ကျေးရွာမြေဗွာဂရန်များ ထုတ်ပေးနိုင်ရန် ကွင်းဆင်းတိုင်းတာမှုများကို မြို့နယ်တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိရာ မြေကွက်တိုင်းတာမှုများ မှန်ကန်စေရန် မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သြဂုတ် ၃၀ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြေဗွာဂရန်များ ထုတ်ပေးနိုင်ရန် မိုင်းကိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးထွန်းဝင်းနှင့် ဝန်ထမ်းများက သြဂုတ်လအတွင်းကပင် ကျေးရွာမြေကွက်များ ကွင်းဆင်းတိုင်းတာလျက်ရှိကာ ဝိုင်းငင်းကျေးရွာရှိ မြေဧရိယာ ၇၇ ဒသမ ၄၉ ဧကကို ဝိုင်းငင်းရွာမြောက်အကွက်၊ ဝိုင်းငင်းရွာမ အကွက်နှင့် ဝိုင်းငင်းရွာ တောင်အကွက်ဟူ၍ အကွက်သုံးကွက် ပိုင်းခြားသတ်မှတ်ကာ အိမ်ထောင်စု ၁၀၀ စုအတွက် မြေတိုင်းတာမှုများ ဆောင်ရွက်ပေးနေပြီး အဆိုပါ တိုင်းတာမှုများ မှန်ကန်မှုရှိစေရန်အတွက် ကျေးရွာမြေဗွာဂရန်ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်နှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြီးကြပ် ကြည့်ရှုခဲ့ကြခြင်းဖြစ်သည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

# ပညာပေးယာဉ်ဖြင့် မူခင်းအသိပညာပေးလုပ်ငန်းများ လှည့်လည်ဆောင်ရွက်

**မြင်းမူ စက်တင်ဘာ ၂**

မြင်းမူမြို့နယ်အတွင်းမှ ပြည်သူများ မူခင်းအသိပညာဗဟုသုတများ ရရှိစေရန် အတွက် ပညာပေးယာဉ်ဖြင့် မူခင်းအသိပညာပေးမှုများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်ကာ မြင်းမူမြို့လူစည်ကားရာနေရာများ၌ သြဂုတ် ၃၀ ရက်က လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မျိုးသိန်း ဦးဆောင်ပြီး တပ်ဖွဲ့ဝင် အရာရှိခြောက်ဦးနှင့် တပ်သား ၂၀ ဦးပါဝင်၍ မူခင်းအသိပညာပေး ရွှေ့လျားယာဉ်ဖြင့် မြင်းမူမြို့ လူစည်ကားရာနေရာများဖြစ်သည့် အထက(၁)ကျောင်းရှေ့၊ မြို့မဈေးကွေ့ လမ်းဆုံနှင့် မြို့မဈေးတောင်ဘက်နေရာများ၌ မူခင်းလျော့နည်းကျဆင်းရေး ပညာပေးဟောပြောမှုများကို လိုက်လံဆောင်ရွက်ခဲ့ပြီး မူခင်းကျဆင်းရေး လက်ကမ်းစာစောင်များကိုလည်း ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(၀၇၇)**

# ကျီခါးမြို့တွင်း၌ ရေထုတ်ပြွန်များတည်ဆောက်

**ကျီခါး စက်တင်ဘာ ၂**

ချင်းပြည်နယ် ဖလမ်းခရိုင် ကျီခါးမြို့တွင်းရှိ အဓိကလမ်းမကြီးများဖြစ်သော ဗိုလ်ချုပ်လမ်းနှင့် မြို့ပတ်လမ်းများပေါ်တွင် ရေစီးရေလာကောင်းမွန်ပြီး ယာဉ်များသွားလာမှုလွယ်ကူစေရန်နှင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်လှပစေရန်အတွက် သံကူကွန်ကရစ် ရေထုတ်ပြွန် ၁၀ ခုကို လမ်းဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့က သြဂုတ်လအတွင်းမှစ၍ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အကျယ် သုံးပေ၊ အရှည် ၁၈ ပေအရွယ်ရှိ ရေထုတ်ပြွန် ငါးခု၊ အကျယ်ငါးပေ၊ အရှည် ၂၅ ပေအရွယ်ရှိ ရေထုတ်ပြွန် နှစ်ခုနှင့် အကျယ် ၁၀ ပေ၊ အရှည် ၂၅ ပေအရွယ်ရှိ ရေထုတ်ပြွန်သုံးခုတို့ကို ပြည်နယ်အစိုးရ၏ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လမ်းဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းတည်ဆောက်နေခြင်းဖြစ်သည်။ အဆိုပါရေထုတ်ပြွန်များကို မြို့တွင်းမှ အမှန်တကယ်လိုအပ်သည့် လမ်းမပေါ်တွင် တည်ဆောက်ပေးခြင်းဖြစ်၍ လုပ်ငန်းဆောင်ရွက်မှုအားလုံး ပြီးစီးပါက ယာဉ်များသွားလာရေး လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**



ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၃၂)

# ဥပဒေ ပညာပေးရေး



ဦးဟန်ညွန့်(ဥပဒေ)

**တရားစီရင်ရေးဆိုင်ရာမူ**

"ဥပဒေကိုပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့်ပြည်သူများက ဥပဒေကို လိုက်နာသော အလေ့အကျင့်ပျိုးထောင်ပေးရေး"

**[ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃]**

**ဥပဒေကိုမသိ၍ဟု**

"ဥပဒေကိုမသိ၍"ဟု ထုချေကာ တင်ပြရုံဖြင့်အပြစ်က မလွတ်နိုင် (Ignorance of Law is no excuse)ဟူ၍ ဆိုရိုးစကားရှိသည်။ **(ဥပဒေ စကားပုံ)**

**ဥပဒေပညာသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော ပညာဖြစ်သည်။**

The Legal Profession is a Noble Profession.

**(ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

အထက်ပါမူများ၊ စကားပုံများ၊ ဆောင်ပုဒ်များသည် ဥပဒေပညာ၏ အနှစ်သာရများဖြစ်ကြသည်။

**ဥပဒေ၏အနှစ်သာရ**

ဥပဒေ၏အနှစ်သာရသည်တည်ငြိမ်ခြင်း၊ လေးနက်ခြင်း၊ လိုက်နာခြင်း၊ စောင့်ထိန်းခြင်း၊ ငြိမ်းချမ်းခြင်းဖြစ်သည်။ ပြည်သူ့ဘဝကို ဖော်ဆောင်သည်။ ပြည်သူ့ဆန္ဒကို အလေးအနက်ပြုသည်။ ဤသို့ဆိုလျှင် ဥပဒေကို ပြည်သူတွေသိဖို့လိုသည်။ နားလည်ဖို့လိုသည်။ ပညာပေးဖို့လိုသည်။

**ဥပဒေသည်စာအုပ်ကြီးထဲမှာ**

ဥပဒေသည် စာအုပ်ကြီးတွေထဲမှာသာ တည်နေသလား။ မှန်ဗီရိုတွေထဲမှာသာ အလှအပဂုဏ်ဒြပ်တွေနှင့် ကိန်းဝပ်နေမည်လား။ လူထုနှင့်ကင်းကွာနေသလား။ ဥပဒေကတခြား၊ လူထုကတခြား သီးခြားစီလား။ ဥပဒေကို လူတွေက ကြောက်နေသလား။ဥပဒေသည် ကြောက်စရာလား။ ကျင့်သုံးဖို့လား။ ခြိမ်းခြောက်ဖို့လား။ လိုက်နာဖို့လား။ ဖောက်ဖျက်ဖို့လား။

**အမြင့်မားဆုံးရည်မှန်းချက်**

ပြည်သူများ၏လုံခြုံရေးနှင့်အကျိုးသည် ဥပဒေ၏ အမြင့်မားဆုံး၊ အရေးအပါဆုံးရည်မှန်းချက်ဖြစ်သည်။ [The Safety or Welfare of the People is the Highest Law] ဥပဒေသည် ပြည်သူတို့ကို လုံခြုံစေသည်။ အကျိုးပြုစေသည်။ ပြည်သူ့အတွက် ရှေ့ဆောင်သည်။ ဤကား ဥပဒေ၏ ရည်မှန်းချက်ဖြစ်သည်။ ဥပဒေသည် ပြည်သူ့ဆန္ဒကို မဖယ်ရှား။ ပြည်သူများကလည်းလိုက်နာ၊ အပြန်အလှန် နားလည်ကြသည်။ သို့မှသာ တရားဥပဒေစိုးမိုးမည်။ ပြည်သူ့တရားဥပဒေဖြစ်မည်။

**မူခင်းကျဆင်းရေးအသိပညာပေး**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ညွှန်ကြားချက်အရ နေပြည်တော်ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် ပြည်သူနှင့် ကျောင်းသား ကျောင်းသူများအား ထိရောက်သော မူခင်းအသိပညာများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် မူခင်းအသိပညာပေးခြင်း၊ မှတ်တမ်းဓာတ်ပုံများ၊ ကာတွန်းပုံများ၊ စာစောင်များပါဝင်သည့် ပြခန်းယာဉ်ကို လူစည်ကားရာရပ်ကွက်၊ ကျေးရွာစာသင်ကျောင်း၊ ဈေး၊ လမ်းဆုံများသို့ လှည့်လည် အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။

**(၂၀-၈-၂၀၁၆၊ မြန်မာ့အလင်းသတင်း)**

**တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှု**

တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရည်မှန်း၍ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာ စီမံကိန်းအောင်မြင်ရေးအတွက် ဆောင်ရွက်သည့်ကာလဖြစ်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပြောသည်။

**(၅-၈-၂၀၁၆၊ မြန်မာ့အလင်းသတင်း)**

**နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှု**

ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် Lexis Nexis Asia Pacific မှ တာဝန်ရှိသူ Ms.Veroniea Rios အား တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ယနေ့အထိ ခေတ်အဆက်ဆက် ထုတ်ပြန်ခဲ့သော တည်ဆဲဥပဒေများအနက် မြန်မာဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ ဘာသာပြန်ဆိုရန် ကျန်ရှိနေသည့် ဥပဒေများကို ဘာသာပြန်ဆိုဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများ၊ ဘာသာပြန်ကော်မရှင်အတွက် အထောက်အကူပြုနိုင်မည့် လုပ်ငန်းများ၊ ဘာသာပြန်ဌာနခွဲမှ အရာရှိများအတွက် ဘာသာပြန်သင်တန်းများ၊ ဥပဒေအရာရှိများ၏ အရည်အချင်း မြှင့်တင်နိုင်ရေးကို ရည်ရွယ်၍ Contract,Arbitration စသည့် ပညာရပ်နယ်ပယ်များအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် သင်တန်းပို့ချခြင်းများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

**(၁၉-၈-၂၀၁၆၊ မြန်မာ့အလင်းသတင်း)**

**ဥပဒေပညာပေးခြင်း၏ အတွင်းသရုပ်**

ဥပဒေကို မသိ၍ဟု ဆင်ခြေပေးသူရှိစမြဲပါ။ သို့သော်ငြား ဥပဒေ၏ မူသဘောကပင်လျှင် မသိ၍ဟူသော ထုချေချက်ကို လက်မခံပါ။ သိအောင်လုပ်ရမည်။ နားလည်အောင် ဟောပြောရမည်။ ဥပဒေပညာရှင်များ၏ တာဝန်သာဟု ဆိုရမည်သာ။ သို့ဖြစ်၍ ဥပဒေပညာရှင်များ၏ တာဝန်ကြီးမားသည်။ ဥပဒေစကားပြောကြားရမည်။ ဥပဒေတရားဟောကြားရမည်။ ကျေးရွာအရောက် ခရီးပေါက်ရမည်။ အောက်ခြေအထိ ကွင်းဆင်းရမည်။ သိစရာ၊ တတ်စရာ၊ မှတ်စရာ၊ ဖတ်စရာတွေ စုံလင်ပေသည်။ တရားရုံးများအကြောင်း၊ မူခင်းများအကြောင်း၊ မျက်မြင်သက်သေအကြောင်း၊ သံသယအကျိုးဟူသော စကားရပ်၊ ကာကွယ်ခုခံပိုင်ခွင့်ဟူသော အခွင့်အရေးစသည် စသည်ဖြစ်ပေသည်။ အနည်းဆုံးတော့ ဥပဒေပညာအခြေခံ၊ ဥပဒေအသိ၊ စည်းကမ်းကျင့်ဝတ်၊ မူသဘော၊ ပြည်သူ့နီတိစသည်ဖြင့် သိသင့်သိထိုက်သည်များ အခြေခံဥပဒေဗဟုသုတများ၊ ပြည်သူ့ဘဝနေ့စဉ် အတွေ့အကြုံများအပေါ် လိုက်နာစရာ များ၊ မှတ်သားဖွယ်ရာများ စသည်ဖြင့်ပညာပေးသင့်ကြသည်။ အလေ့အကျင့်ပျိုးထောင်ပေးသင့်ကြပေသည်။ လူငယ် ကျောင်းသားဘဝမှစ၍ ဝန်ထမ်းဘဝ၊ တာဝန်ထမ်းချိန်အထိ၊ လူတန်းစား အလွှာအသီးသီးအတွက် ဥပဒေကိုလိုက်နာသော အကျင့်ကောင်းများတိုးပွားသင့်ပေသည်။ အမြဲမပြတ် ပြန်လည်သုံးသပ်အပ်သည်။

**ဥပဒေကို မသိ၍ဟု ဆင်ခြေပေးသူရှိစမြဲပါ။ သို့သော်ငြား ဥပဒေ၏ မူသဘောကပင်လျှင် မသိ၍ဟူသော ထုချေချက်ကို လက်မခံပါ။ သိအောင်လုပ်ရမည်။ နားလည်အောင် ဟောပြောရမည်။ ဥပဒေပညာရှင်များ၏ တာဝန်သာဟု ဆိုရမည်သာ။ သို့ဖြစ်၍ ဥပဒေပညာရှင်များ၏ တာဝန်ကြီးမားသည်။ ဥပဒေစကား ပြောကြားရမည်။ ဥပဒေတရားဟောကြားရမည်။ ကျေးရွာအရောက် ခရီးပေါက်ရမည်**

**တရားဥပဒေစိုးမိုးရေး**

တရားဥပဒေစိုးမိုးရေးသည် ပြည်သူတို့၏ဘဝဖြစ်သည်။ မူဝါဒ(၇)ချက်ပိုင်းခြားနိုင်သည်။ ယင်းတို့မှာ-

(၁) လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိသောတရားစီရင်ရေး

(၂) ညှဉ်းပန်းနှိပ်စက်၍ တရားခံ၏ဖြောင့်ချက်ကို မရယူသင့်

(၃) ဥပဒေ၏အနက်အဓိပ္ပါယ်ကို လိုရာဆွဲ၍မဖွင့်ဆိုရ

(၄) ပြည်သူ့အကျိုးဖော်ဆောင်သော စာချွန်တော်ကို တန်ဖိုးရှိစွာ အသုံးချရေး

(၅) တရားသူကြီး၏စီရင်ချက်သည် တရားမျှတရမည်

(၆) တရားစီရင်ရေးသည် အများမြင်သာသည့် တရားမျှတမှုပေါ်လွင်ရမည်

(၇) မည်သူမျှဥပဒေအထက်တွင် မရှိရတို့ဖြစ်သည်။

**မူခင်းတွေက များလှသည်**

တရားဥပဒေစိုးမိုးရေးအားနည်း၍ မူခင်းတွေက များလှသည်။ တာဝန်ရှိသူများအိပ်ပျော်နေသလားမေးကြပြီ။ ဘာလုပ်နေကြသလဲ။ ထဲထဲဝင်ဝင် ပြစ်မှုကင်းစင်မှုဖြစ်မည်။

**လူငယ်တွေ**

လူငယ်တွေပညာရေးစိတ်မဝင်စား။ လမ်းပေါ်မှာများသည်။ လုယက်မှုတွေများလာသည်။ မိန်းကလေးတစ်ဦး ဆိုင်ကယ်စီးပြီးအလုပ်က ပြန်လာသည်။ ဘေးတစ်ဖက်တွင် ဆိုင်ကယ်စီးလူငယ်လေးဦးက ထိုမိန်းကလေးထံမှ လက်ကိုင်ဖုန်းလုယူသည်။ ပိုက်ဆံအိတ်လုယူသည်။ အလားတူ ခိုးမှုကျူးလွန်သူလူငယ်တွေလည်းရှိသေးသည်။ မူခင်းတွေက များလှသည်။

**ရန်ကုန်တိုင်း**

"ရန်ကုန်တိုင်းဒေသကြီးမှာ ၂၀၁၆ ဇန်နဝါရီလမှ ဇူလိုင်လအထိ လူသတ်မှု ၁၀၆မှု၊ မုဒိမ်းမှု ၁၀၈ မှု၊ လုယက်မှု ၃၄ မှု၊ ဓားပြမှုတစ်မှု၊ ဖောက်ထွင်းမှု လေးမှုဖြစ်ပွားခဲ့သည်။ ရိုက်လုတာ၊ ဓားထောက်လုတာ ခဏခဏဖြစ်တယ်။ ပုံမှန်ရဲကင်းတွေလှည့်မှုငြိမ်သွားတယ်"ဟု ကိုယ်တွေ့ကြုံသူများက ပြောသည်။

**မူးယစ်ဆေးဝါး**

မူးယစ်ဆေးဝါးမူခင်းများကလည်းမပါမဖြစ်။ မကောင်းမှန်းသိသော်လည်းပပျောက်မသွား။ တိုး၍တိုး၍သွား။ ဘယ်နေရာမှာမဆို ဝယ်၍ရသည်ဟု ပြောကြသည်။ လိင်စိတ်ကြွဆေးများ၊ ညစ်ညမ်းဗီဒီယိုများသည် လူငယ်ထုအတွင်း ချင်းနင်းဝင်ရောက်နေဆဲ။

**အဂတိကင်းစင်ရေး**

မူခင်းကျဆင်းဖို့ဥပဒေအဖွဲ့အစည်းများက အဂတိကင်းစင်ရေးလိုအပ်သည်။ ဥပဒေမျက်နှာကိုသာ ကြည့်သင့်သည်။

**နိုင်ငံတကာနယ်ပယ်**

ကမ္ဘာတွင် မြန်မာရှိသည်။ မြန်မာသည် ကမ္ဘာတွင် ဝင့်ထည်ရမည်။ ဂုဏ်သိက္ခာရှိရမည်။ ဥပဒေဥပဓိရုပ် တင့်တယ်ရမည်။ ကမ္ဘာ့စာချုပ်ဝင်နိုင်ငံ ပီသရမည်။ နိုင်ငံတကာ Seminar များ တက်ရမည်။ ဆွေးနွေးရမည်။ အဆင့်မီရမည်။ Law Firm,Financial, Privatization,Public Company, Arbitration စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ခြင်း၊ ဆွေးနွေးခြင်း၊ Rule of Law Seminar များ ကျင်းပခြင်း စသည့် ဥပဒေပညာနယ်ပယ်များ တိုးချဲ့ခြင်း၊ နိုင်ငံတကာနယ်ပယ်ဥပဒေပညာဖွံ့ဖြိုးရေးများ ဆောင်ရွက်ခြင်းစသည်တို့မှာ ဥပဒေပညာပေးရေး၏ ဝိသေသလက္ခဏာများဖြစ်သည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အခန်းကဏ္ဍမှာလည်း မြင့်မားနေစေရမည်ဖြစ်သည်။

**ဝေဖန်ပြစ်တင်မှုများမှတစ်ဆင့်**

တရားရေးနယ်ပယ်ကို ဝေဖန်ပြစ်တင်မှုများ များပြားနေချိန်တွင် အကျင့်သီလဖြောင့်မတ်စွာ၊ အဂတိကင်းသော သစ်လွင်တောက်ပသည့် တရားဥပဒေလောကကို ဖွံ့ဖြိုးစေမည်။ တိုးတက်စေမည်။ လူထုစိတ်ချစေမည်။ လူထုယုံကြည်စေမည်။ ပြည်သူ့လုံခြုံရေးဦးစားပေးမည်။ ပြည်သူ့အကျိုးရှေ့သို့ တိုးမည်။ ဥပဒေစာအုပ်ကြီးတွေထဲမှာ အိပ်ပျော်၍မနေ။ အများမြင်စေရသော တရားမျှတမှု ပွင့်လင်းစေမည်။ ဝေဖန်ရေးကို နွေးနွေးထွေးထွေး ကြိုဆိုသည်။ ဥပဒေပညာပေးကြပါ။

**တင်ပြချက်**

အဝေဖန်ခံနိုင်သောကျွန်တော်၏ ဥပဒေအတွေးမျှသာပါ...။

## ဆေးရုံကြီးတိုင်းတွင် အေအာတီဆေးဝါးများ အပြည့်အဝပေးနိုင်ပြီ

**ရန်ကုန် စက်တင်ဘာ ၂**

HIV/AIDS ဝေဒနာရှင်များအတွက် ယခင်ကအေအာတီဆေးဝါးများကို အလုံအလောက်မပေးနိုင်ခဲ့သော်လည်း ယခုအခါ ဆေးရုံကြီးတိုင်းတွင် အေအာတီဆေးဝါးများ အပြည့်အဝပေးနိုင်ပြီဖြစ်ကြောင်း အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအေးအောင်က ပြောသည်။

"အရင်တုန်းကတော့ ဒီဆေးဝါးတွေကို လုံလုံလောက်လောက်မပေးနိုင်ခဲ့ပါဘူး။ လူနာကို သွေးဖောက်လိုက်တယ်။ Positive အနေအထားဖြစ်ပေမယ့် ကိုယ်ခံအားကျဆင်းမှုကို ဖြစ်စေတဲ့ ပိုးအရေအတွက် နည်းတယ်ဆိုရင် မပေးပါဘူး။ ခုဟာကတော့ HIV/AIDS ပိုးရှိတဲ့လူနာအားလုံးကို ပေးပါ တယ်။ ကျန်းမာရေးဘတ်ဂျက်နဲ့ နိုင်ငံတကာအထောက်အပံ့တွေ တိုးလာတဲ့ အတွက် အေအာတီဆေးဝါးကိုဆေးရုံကြီးတိုင်းမှာ ပေးနေတာပါ။ HIV/AIDS ဝေဒနာရှင်တွေအတွက် အေအာတီဆေးဝါးကို အပြည့်အဝပေးနိုင်တဲ့အတွက် အတော်လေးကို စိတ်ချမ်းသာစရာကောင်းပါတယ်"ဟု ဆေးရုံအုပ်ကြီးက ပြောသည်။


အဆိုပါ အင်းစိန် အထွေထွေ ရောဂါကုဆေးရုံကြီး၌ အပတ်စဉ် တနင်္လာနှင့် ကြာသပတေးနေ့များတွင် HIV/AIDS ဝေဒနာရှင်များအား အေအာတီဆေးဝါးများ အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း၊ လာမည့် စက်တင်ဘာလတွင် ဆေးဝါးအပြင် အာဟာရများကိုပါ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ မည်သည့် HIV/AIDS ဝေဒနာရှင်မဆို အထောက်အထားမလို အပ်ဘဲ ဆေးဝါးကုသမှုခံယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အေအာတီဆေးဝါးသည် HIV/AIDS ပိုးကို ရောဂါကူးစက်ခံရသူ လူနာ၏ကိုယ်ခန္ဓာအတွင်း ပိုးအရေအတွက်ကို လျော့နည်းသွားအောင် သောက်သုံးရသည့် ဆေးဝါးဖြစ်ကြောင်း၊ စတင်သောက်သုံးချိန်မှ နေ့စဉ်သောက်သုံးရသည့် ဆေးဝါးဖြစ်ကြောင်း၊ ဆေးဝါးကို နေ့စဉ်ပုံမှန်သောက်သုံးပါက လူကောင်းပကတိကဲ့သို့ သွားလာလှုပ်ရှားနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် အေအာတီဆေးဝါး ပုံမှန်ပေးနိုင်မှုကြောင့် ရောဂါဖြစ်ပွားမှုနှုန်းလျော့နည်းလာကြောင်း သိရသည်။

ခုခံအားကျရောဂါဖြစ်သည့် HIV/AIDS ရောဂါသည် ပျောက်ကင်းသွားအောင် ကုသနိုင်စွမ်းမရှိသော်လည်း ရောဂါကိုသက်သာအောင် အေအာတီဆေးဝါးများ ပုံမှန်သောက်သုံးခြင်းဖြင့် လူကောင်းပကတိကဲ့သို့ သွားလာလှုပ်ရှားနိုင်သည်။ ယခင်က မြန်မာနိုင်ငံတွင် အေအာတီဆေးဝါးကို ဖြစ်ပွားသူလူနာ၏ ထက်ဝက်ခန့်ကိုသာ ဆေးဝါးလုံလောက်စွာပေးနိုင်ခဲ့ကြောင်း၊ ယခုအခါ ဆေးရုံကြီးတိုင်းတွင် လူနာများအား အေအာတီဆေးဝါးများ အလုံအလောက်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



## သင့်အနာဂတ် အိပ်မက်တွေကိုလက်တွေ့အကောင်အထည်ဖော်ခွင့်ရမည့်

PANTENE PRO-V

# Myanmar Idol

## Season -2

ကမ္ဘာ့အကျော်ကြားဆုံး **AMERICAN IDOL** သီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံ၌
**MYANMAR IDOL** အမည်ဖြင့် 2015 - 2016 ခုနှစ်တွင်ကျင်းပခဲ့ရာ လူကြိုက်အများဆုံး
သီချင်းဆိုပြိုင်ပွဲ တစ်ခုဖြစ်ခဲ့ပြီး အောင်မြင်ကျော်ကြားသော အနုပညာရှင်မျိုးဆက်သစ်များစွာ မွေးထုတ်နိုင်ခဲ့ပါသည်

**MYANMAR IDOL Season-2 Winner** အတွက်

**ငွေကျပ်သန်း ၂၀ နှင့်အတူ တစ်ကိုယ်တော်တေးစီးရီး Album တစ်ချပ်ထုတ်လုပ်ခွင့်ရရှိမည့်အခွင့်အရေး**

အောက်ပါမြို့ကြီး(၅) မြို့တွင်အသံစစ်ဆေးပါမည်

| NAYPYITAW | MANDALAY | TAUNGGYI | HPA-AN | YANGON |
|---|---|---|---|---|
| ပျဉ်းမနား | SWAN HOTEL | ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမ | ဖွဲ့ကပင်ခန်းမ | ရွှေထွဋ်တင် |
| မင်္ဂလာဗျူဟာ | (၂၆)လမ်း၊ ကျုံးတောင်ဘက် | အမှတ် ၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း | ဖွဲ့ကပင်လမ်း၊ | ၅၁ - B၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ |
| သာသနာ့ဗိမာန်တော် | မန္တလေးမြို့ | ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့ | ဘားအံမြို့ | တာမွေမြို့နယ်၊ရန်ကုန်မြို့ |
| 17-18 SEPTEMBER | 24-25 SEPTEMBER | 1-2 OCTOBER | 8-9 OCTOBER | 15-16 OCTOBER |

မြို့တစ်မြို့ချင်းစီအတွက် အသံစစ်ဆေးမည့်အချိန်မှာ (နံနက် ၉း၀၀ မှ ညနေ ၅း၀၀ နာရီ) အထိဖြစ်ပါသည်
လျှောက်လွှာများကို ယခုပဲ အခမဲ့ ထုတ်ယူပြီး သင့်အိပ်မက်တွေဆီ ခြေလှမ်းစတင်လိုက်ပါ

**EXCLUSIVELY ON** mntv CHANNEL 9

**MEDIA PARTNER** shwe FM Radio Station

Title Sponsor PANTENE PRO-V

Main Sponsor MPT

Platinum Sponsor HUAWEI

## ပြိုင်ပွဲဝင်လျှောက်လွှာများကို အောက်ပါလိပ်စာများတွင် ထုတ်ယူနိုင်ပါသည်

နေပြည်တော်ရုံးခွဲ - အမှတ် ၁/၆၉၊ ဗိုလ်တောက်ထိန်လမ်း၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့
မန္တလေးရုံးခွဲ - အမှတ် ၉၀၀၊ ၇၈ လမ်းနှင့်၄၂လမ်းထောင့်၊ ခင်စောမူကွေ့၊ ချမ်းမြသာစည်(မြောက်)ရပ်ကွက်၊ မန္တလေးမြို့
တောင်ကြီးရုံးခွဲ - အမှတ် ၁၃၁၊ စဝ်စံထွန်းလမ်း၊ တောင်ကြီးမြို့
ဘားအံရုံးခွဲ - အမှတ် ၄/၄၂၃၊ သုခနေလမ်း နှင့် သုခလမ်းထောင့်၊ အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့
ရန်ကုန်ရုံးခွဲ - အမှတ် ၁၃၁/၁၃၃ -၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

Myanmar Idol is a trademark of 19 Television Ltd and FremantleMedia Ltd

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တတိယအကြိမ်)

ကက်သုတ်ကြေးနီ (၂၀၃.၄၃၇) မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

**ကြမ်းခင်းဈေး** - တင်ဒါဖွင့်သည့်ရက်မတိုင်မီ တစ်ရက်အလိုနေ့ရှိ London Metal Exchange ဈေးနှုန်းပါကက်သုတ်ကြေးနီ တစ်တန်၏ဈေးနှုန်းထက် မနိမ့်သောဈေး

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၃-၉-၂၀၁၆ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၇၈ နှင့် ၀၆၇-၄၀၉၀၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အောက်ဖော်ပြပါ အမှိုက်သယ်ယာဉ် (၂)စီးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Forland YN-490QB(48kw) | (၂)စီး |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၁၀-၉-၂၀၁၆ရက်မှ စတင်၍ ရုံးချိန်အတွင်း ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အင်ဂျင်နီယာဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၅-၉-၂၀၁၆ရက် ၁၅း၀၀နာရီဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဖုန်း-၀၅၄-၄၀၀၂၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန
## (တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနတွင် အသုံးပြုရန်အတွက် ရုံးသုံးစာရေးကိရိယာ (၄၂)မျိုးနှင့် Copier/Printer Toner Catridge(၈)မျိုးအား ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများသည် ၂-၉-၂၀၁၆ ရက်မှစ၍ ၁၆-၉-၂၀၁၆ ရက်အထိ ဝယ်ယူမည့်ပစ္စည်းများ၏ အမျိုးအမည်၊ အမျိုးအစား၊ အရေအတွက်နှင့် တင်ဒါစည်းကမ်းချက်များအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်စီလျှင် ငွေကျပ် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် ဝယ်ယူနိုင်ပြီး ၁၆-၉-၂၀၁၆ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ တို့သို့ ရုံးချိန်အတွင်းမေးမြန်းစုံစမ်းနိုင်ပါသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## မဟာဓာတ်အားလိုင်းမှူးရုံး
## ကယားပြည်နယ်၊ လွိုင်ကော်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနလက်အောက်ရှိ မဟာဓာတ်အား လိုင်းမှူးရုံးဝင်းအတွင်း (၆၀'×၅၀') E-Type (၁)လုံး (RC Building, 4 Angle Roofing (Colour Sheet), Septice Tank မီးအပါအဝင်) တည်ဆောက်ခြင်းလုပ်ငန်း ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည်ဖြစ်ပါ၍ အောက်ပါအတိုင်းအိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၅-၉-၂၀၁၆ ရက်

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရက်** - ၂၀-၉-၂၀၁၆ ရက်

၂။ အသေးစိတ်အချက်အလက်များကို ကယားပြည်နယ်၊ လွိုင်ကော် မဟာ ဓာတ်အားလိုင်းမှူးရုံးတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရုံးဖုန်း-၀၉-၄၉၄၀၀၈၅၅၊**
**၀၈၃-၂၁၀၉၂၊ ၀၈၃-၂၁၁၁၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ခန္တီးခရိုင်၊ နန်းယွန်းမြို့နယ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်မြစ်ကြီးနား-ပန်ဆောင်-လီဒိုလမ်း (ရှင်ဗွေယန်-နန်းယွန်းအပိုင်း)၏ လမ်းလုပ်ငန်းများအတွက် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာငွေ)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၀-၉-၂၀၁၆ရက်

**တင်ဒါဖွင့်မည့်ရက်** - ၁၃-၉-၂၀၁၆ရက်

၂။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ နန်းယွန်းမြို့နယ်၊ ဦးစီးအရာရှိ(မြို့ပြ)ရုံးတွင် ၃-၉-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၉၂၉၈၁၆၁၊ ၀၉-၄၉၂၉၁၆၅၉ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## တင်ဒါပိတ်ရက်တိုးမြှင့်သတ်မှတ်ခြင်း
## တင်ဒါအမှတ် ၁/၂၀၁၆-၂၀၁၇(စက်နှင့်စက်ပစ္စည်း/အထည်)

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ချည်မျှင်နှင့်အထည်စက်ရုံများအတွက် စက်နှင့်စက်အရန်ပစ္စည်း၊ လျှပ်စစ်နှင့်စက်မှုဆိုင်ရာ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာတွင် တင်ဒါပိတ်ရက်အား ၃၁-၈-၂၀၁၆ ရက်အစား ၁၅-၉-၂၀၁၆ရက်သို့ တိုးမြှင့်သတ်မှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## လေလံကြော်ငြာ

၁။ လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသည့် တရုတ်နိုင်ငံလုပ် အထွေထွေလူသုံးကုန်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချပါမည်။

၂။ လေလံတင်ရောင်းချမည့်ရက်စွဲ၊ အချိန်နှင့်နေရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့်ရက်စွဲ** - ၆-၉-၂၀၁၆ရက်(အင်္ဂါနေ့)

(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၉း၃၀နာရီ

(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ လားရှိုးမြို့

၃။ လေလံဆွဲဝယ်ယူလိုသူများသည် လေလံစည်းကမ်း၊ ပစ္စည်းစာရင်းနှင့်ကြည့်ရှုခွင့်လက်မှတ်များကို ၅-၉-၂၀၁၆ ရက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (ဒုတိယအကြိမ်)

ကက်သုတ်ကြေးနီ (၄၀၀±) မက်ထရစ်တန်အား အမေရိကန်ဒေါ်လာဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

**ကြမ်းခင်းဈေး** - တင်ဒါဖွင့်သည့်ရက်မတိုင်မီ တစ်ရက်အလိုနေ့ရှိ London Metal Exchange ဈေးနှုန်းပါ ကက်သုတ်ကြေးနီ တစ်တန်၏ဈေးနှုန်းထက် မနိမ့်သောဈေး

**တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၃-၉-၂၀၁၆ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၇၈ နှင့် ၀၆၇-၄၀၉၀၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ကယားပြည်နယ်-လွိုင်ကော်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကယားပြည်နယ်အတွင်းရှိ မြို့နယ်များတွင် (၁၁)ကေဗွီဓာတ်အားလိုင်းသစ်များ တည်ဆောက်ခြင်း၊ ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံအသစ်များ တည်ဆောက်ခြင်း၊ (၄၀၀)ဗို့ဓာတ်အားလိုင်းသစ်များ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်။

**တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၅-၉-၂၀၁၆ရက်မှ ၁၁-၉-၂၀၁၆ရက် ၁၆း၀၀ နာရီထိ

**တင်ဒါတင်သွင်းရမည့်ရက်** - ၁၂-၉-၂၀၁၆ရက်မှ ၁၂-၁၀-၂၀၁၆ရက် ၁၆း၀၀နာရီထိ

**တင်ဒါပိတ်မည့်ရက်** - ၁၂-၁၀-၂၀၁၆ရက် ၁၆း၀၀နာရီထိ

တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**ကယားပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ လွိုင်ကော်မြို့၊**
**ဖုန်း-၀၈၃-၂၂၉၅၈၊ ၀၉-၅၆၀၀၇၄၄၊ ၀၉-၅၁၀၆၃၆၆၊ ၀၉-၅၂၁၁၃၁၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ဒ-၂၀၇၃၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဒေါ်စံပယ် အမည်ပေါက် ပါမစ်မြေကွက်အား ဦးမြင့်အောင် ၁၄/ညတန(နိုင်)၀၀၀၀၀၅ (ဘ)ဦးလှကြည်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ လူနေရပ်ကွက် ဇဝနသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ် ဥ-၇၁၂၀၊ ဧရိယာ ၀ဒသမ၀၅၅ဧက မြေကွက်တည်နေရာအမှတ် ဥ-၇၁၂၀၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မင်းဘူး ၁ လမ်း၊ ဥတ္တရသီရိမြို့ရှိ ဒေါ်ခင်မိုးသူ အမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေအား ဦးအောင်မျိုးသူ ၉/ပမန(နိုင်)၀၄၅၅၉၂ (ဘ)ဦးလှမောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့ အထက တက္ကသိုလ်ဝင်တန်း(F)မှ မမေပြုံးခင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဦး ၉/နထက(နိုင်)၁၁၅၇၀၆ဖြစ်ပါကြောင်း။

**ဦးဝင်းဇော်ဦး**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့ အထက တက္ကသိုလ်ဝင်တန်း(D)မှ မအိမ့်ခွန်ခန့်၏ ဖခင်အမည်မှန်မှာ ဦးပြေအေး ဖြစ်ပါကြောင်း။

**ဦးပြေအေး**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့ အထက တက္ကသိုလ်ဝင်တန်း(E)မှ မကေဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၉/နထက(နိုင်)၁၁၇၃၅၇ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်း**

## ဖော်ပြပါမြေကွက်များအား မြေငှားစာချုပ်(ဂရန်)လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်

| စဉ် | မြို့နယ် | မြေတိုင်း | မြေကွက် | အမည်ပေါက် | လျှောက်ထားသူ | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | အမည် | မှတ်ပုံတင်အမှတ် | |
| ၁ | လှိုင်သာယာ | ၅ | ၁၂၆၀ မှ ၁၂၆၅ထိ | ဒေါ်ကြူကြူဝင်း | ဦးညဏ်လင်းမြင့် | ၉/မနမ(နိုင်)၁၂၂၃၄၃ | |
| ၂ | လှိုင်သာယာ | ၃၈၄၁၅ | ၁၀၇၁ | ဦးမောင်မောင်တိုး ဒေါ်ညွန့်ညွန့်ရီ(ခ)မာလာ | ဦးထွန်းထွန်း(ခ)အုန်းဖု | ၁၃/တကန(နိုင်)၁၄၅၂၄၀ | |
| ၃ | လှိုင်သာယာ | ၂၁ | ၅၉ | မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီ | ဒေါ်မော်ချင်ကြီး(ခ)မော်ချင်လီ | ၁၃/ကခန(နိုင်)၀၁၉၉၃၇ | |
| ၄ | လှိုင်သာယာ | ၄-အေ | ၁၉၃ | ဒေါ်ညွန့်ယဉ်ဝင်း | ဦးဇာနည်မျိုးဝင်း | ၁၂/ရကန(နိုင်)၀၀၆၃၁၄ | |
| ၅ | လှိုင်သာယာ | ၅ | ၈၇ | Eikseitan Co., Ltd. | ဦးကျော်မြင့်(ခ)ဝူဂျာဖူ | ၁၃/လရန(နိုင်)၁၈၄၁၈၈ | |
| ၆ | သန်လျင် | ၁ | ၁၅၂ | ဦးအုန်းမြင့် | ဦးရဲအောင် | ၁၂/လသန(နိုင်)၀၀၅၈၅၀ | |
| ၇ | သန်လျင် | အောင်ချမ်းသာ မြို့ကွက်သစ် | ၃၄၇+၃၄၈ | ဦးညဏ်တင် | ဦးဘန်အေး | ၁၂/ကမရ(နိုင်)၀၅၀၄၉၈ | |
| ၈ | ဒဂုံမြို့သစ်မြောက်ပိုင်း | ၂၇/၅ | ၄၂ | ရဲမှူးအောင်မြင့် (ငြိမ်း) | ဦးအောင်အောင်(ခ)အောင်သော် | ၁၂/ရကန(နိုင်)၀၁၆၄၀၅ | |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့ အထက တက္ကသိုလ်ဝင်တန်း(A)မှ မစိုးရတနာဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးလွင် ၉/နထက(နိုင်)၀၄၄၄၃၄ ဖြစ်ပါကြောင်း။ **ဦးမျိုးလွင်**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့ အထက တက္ကသိုလ်ဝင်တန်း(F)မှ မောင်ဒီရှိုင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ခိုင် ၉/နထက(နိုင်)၁၂၇၃၀၉ ဖြစ်ပါကြောင်း။ **ဦးကျော်ခိုင်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)
### တောင်ငူခရိုင်တရားမရုံးတော်
### ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၀

မြဝတီဘဏ်လီမိတက် **နှင့်** ၁။ ဦးဝင်းနိုင်
၂။ ဒေါ်စန်းအေး

တရားလို တရားပြိုင်များ

တောင်ငူမြို့၊ (၃)ရပ်ကွက်၊ ၅ လမ်း၊ အမှတ် ၄၃၂ နေ (ဘ)ဦးတင်ဖေ၏သား ဦးဝင်းနိုင် သိစေရမည်။

သင့်အပေါ်၌ မြဝတီဘဏ်လီမိတက်(နေပြည်တော်)က ချေးငွေနှင့် အတိုးကျပ် (၃၈၄၃၂၄၆၄/ ၈၃ ပြား)အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၀ ရက် (၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**တောင်ငူခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ငူမြို့နယ်တရားမရုံး၌
### ၂၀၁၆ခုနှစ် တရားမကြီးအမှုအမှတ်-၅၄

ဒေါ်စန်းအေး **နှင့်**
၁။ ဦးတင်စိုး
၂။ ဒေါ်စန်းဝင်း
၃။ ဒေါ်စန်းစန်းနွယ်
၄။ မောင်စိုးမင်းသန်း
၅။ မယဉ်မင်းစိုး
၆။ မောင်ချစ်သဲစိုး (အရွယ်မရောက်သေးသူ) ၎င်း၏အုပ်ထိန်းသူ ဦးစိုးမင်းသန်း ဖြင့်
၇။ ဒေါ်စန်းစန်းညွန့်
၈။ ဦးစိုးသိန်း
၉။ ဒေါ်စန်းပြုံး
၁၀။ ဦးသောင်းညွန့်ဝင်း
၁၁။ ဒေါ်စန်းမြင့်
၁၂။ ဒေါ်တင်စန်း
၁၃။ ဒေါ်စန်းထွေး

တရားလို တရားပြိုင်များ

ရှမ်းပြည်နယ်၊ နမ္မဆန်မြို့၊ မိုးညှင်းတပ်နေ အမှတ်(၁၃) တရားပြိုင် ဒေါ်စန်းထွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းအေးက အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၉ရက် (၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှိုင်မျိုးအောင်)**
**မြို့နယ်တရားသူကြီး**
**တောင်ငူမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်ပြောင်းခြင်း

မိုင်းလုံမြို့၊ အထကကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မအေးအေးမြင့်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းဦး ၁၃/ကမန(နိုင်)၀၂၄၄၉၇ ဖြစ်ပါသည်။ **ဦးအောင်ထွန်းဦး**
**လွယ်ခမ်းရွာ**

## ဖခင်အမည်မှန်ပြောင်းခြင်း

မိုင်းလုံမြို့၊ အထကကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ နန်းနီလာဝင်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်စိုင်း ၁၃/ကမန(နိုင်)၀၃၃၆၇၃ ဖြစ်ပါသည်။
**ဦးအိုက်စိုင်း**
**ကော်မော်ရွာ**

## မိဘအမည်မှန်ပြောင်းခြင်း

မိုင်းလုံမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ နန်းအေးအေးနှင်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ရီ ၁၃/ကမန(နိုင်)၀၇၅၆၈၃ ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်အဲနန်း ၁၃/ကမန(နိုင်)၀၉၈၂၁၄ ဖြစ်ပါသည်။ **ဦးအိုက်ရီ**
**မန်စန်းရွာ၊ မိုင်းလုံမြို့**

## ဖခင်အမည်မှန်ပြောင်းခြင်း

မိုင်းလုံမြို့၊ အထကကျောင်း တက္ကသိုလ်ဝင်တန်းမှ နန်းဟိန်းငင်းနွမ်၏ ဖခင်အမည်မှန်မှာ ဦးအိုက်မွန်း ၁၃/ကမန(နိုင်)၀၄၇၉၀၁ ဖြစ်ပါသည်။
**ဦးအိုက်မွန်း**
**လွယ်အံကျေးရွာ၊ မိုင်းလုံမြို့**

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့ အထက တက္ကသိုလ်ဝင်တန်း(A)မှ မသီဂီစိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ဦး ၉/နထက(နိုင်)၁၃၃၇၄၉ ဖြစ်ပါကြောင်း။ **ဦးသိန်းဇော်ဦး**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်သိန်း(ခ)ချောင်အင်ဟို(ခ)တိုနီ

**အုပ်ချုပ်မှုဒါရိုက်တာ[အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်]**

**ဒါရိုက်တာ(မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၂လမ်း၊ အမှတ် ၅၃နေ [ဦးကြည်(ခ)ချောင်လျှံကီး]-ဒေါ်လင်ဘီဟုန်တို့၏သား၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၁လမ်း၊ အမှတ် ၉၄/၉၆နေ ဒေါ်ကြည်ကြည်သန်း(ခ)တေလင်ဆီး(အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်) [ဒါရိုက်တာ၊ အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မြင့်-ဒေါ်မြစိန်၊ ဦးမြင့်သူ(ခ)ချောင်အစ်ဟွား-ဟွမ်ဖေ့အင်း၊ ဦးမြင့်ဆွေ-ဒေါ်မြသိန်း၊ ဒေါ်တင်တင်အုံး-ဦးချမ်းဝင်းတို့၏ညီ/မောင်၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေး၊ မြေးခြောက်ယောက်တို့၏ဘိုးလေးသည် ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့)ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၁၆ရက်(စနေနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်သိန်း(ခ)ချောင်အင်ဟို

**အုပ်ချုပ်မှုဒါရိုက်တာ (Oriental Leasing Co.,Ltd)**

**ဒါရိုက်တာ (မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၂လမ်း၊ အမှတ် ၅၃နေ ဦးကြည်(ခ)ချောင်လျှံကီး-ဒေါ်လင်ဘီဟုန်တို့၏သား၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၁လမ်း၊ အမှတ် ၉၄/၉၆နေ ဒေါ်ကြည်ကြည်သန်း(ခ)တေလင်ဆီး (အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်) (ဒါရိုက်တာ Oriental Leasing Co.,Ltd)၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သိန်း(ခ)ချောင်အင်ဟိုသည် ၁-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌနှင့်**
**အမှုဆောင်အဖွဲ့ဝင်များ**
**ဝန်ထမ်းများ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်သိန်း(ခ)ချောင်အင်ဟို(ခ)တိုနီ

**အုပ်ချုပ်မှုဒါရိုက်တာ (အိုရီရင်တယ်(လ်)လီစင် ကုမ္ပဏီလီမိတက်)**

**ဒါရိုက်တာ (မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၁လမ်း၊ အမှတ် ၉၄/၉၆နေ ဒေါ်ကြည်ကြည်သန်း(ခ)တေလင်ဆီး(အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်) (ဒါရိုက်တာ၊ အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်သိန်း(ခ)ချောင်အင်ဟို(ခ)တိုနီ အုပ်ချုပ်မှုဒါရိုက်တာ(အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်)၊ ဒါရိုက်တာ(မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)သည် ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**ကမ္ဘောဇဘဏ်လီမိတက်**

---

# အနိစ္စ

## ဦးအောင်သိန်း

**(သီတဂူ ကပ္ပိယ)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ၁၀၉လမ်း၊ အမှတ် ၁၀၊ (ဒုတိယလွှာ)နေ ဒေါ်လှဝင်းကြည်၏ခင်ပွန်း၊ ဒေါ်ဥမ္မာသိန်း၊ (ကိုအောင်မျိုးသိန်း)၊ ဒေါ်အေးအေးငြိမ်းတို့၏ဖခင်၊ ယခင် Alcon Co နှင့် Cipla Co တို့မှ မန်နေဂျာ(ငြိမ်း) ဦးအောင်သိန်းသည် ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားသိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ယု(ခ)ဒေါ်ကျင်ယု

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်နေ ဦးလှိုင်ကြူ-(ဒေါ်ခင်ညွန့်)တို့၏သမီး၊ ဦးတိုးသိန်း-ဒေါ်ကျင်စု၊ (ဦးလှဝင်း)၊ ဦးသန်းဇော်(ခ)ဦးပေါက်-ဒေါ်အေးမာ၊ (မောင်အောင်မျိုးညွန့်)တို့၏အစ်မ၊ တူ၊တူမ ခုနစ်ယောက်တို့၏အဒေါ်၊ ဦးအောင်မြင့်၏ချစ်လှစွာသောဇနီးသည် ၂၉-၈-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မေလွင်

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ၈၂ လမ်း၊ အမှတ် ၈၇နေ (ဦးလှအောင်-ဒေါ်ကြူ)တို့၏သမီး၊ ဦးငွေးလွင်၏ဇနီး၊ မနီလာသွယ်၏ ချစ်လှစွာသောမိခင်သည် ၁-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၇-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမြင့်သိန်း (ခ) ချောင်အင်ဟို (ခ) တိုနီ**

အုပ်ချုပ်မှုဒါရိုက်တာ (အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်)

ဒါရိုက်တာ (မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)

**အသက် (၆၅) နှစ်**

မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ နှင့် အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်ကြည်ကြည်သန်း၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးမြင့်သိန်း အုပ်ချုပ်မှုဒါရိုက်တာ (အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်)၊ ဒါရိုက်တာ (မြန်မာအရှေ့တိုင်းဘဏ်လီမိတက်) သည် (၁.၉.၂၀၁၆)ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့
အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးမြင့်သိန်း (ခ) ချောင်အင်ဟို (ခ) တိုနီ**

အုပ်ချုပ်မှုဒါရိုက်တာ (အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်)

ဒါရိုက်တာ (မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)

**အသက် (၆၅) နှစ်**

မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ နှင့် အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်ကြည်ကြည်သန်း၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးမြင့်သိန်း အုပ်ချုပ်မှုဒါရိုက်တာ (အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်)၊ ဒါရိုက်တာ (မြန်မာအရှေ့တိုင်းဘဏ်လီမိတက်) သည် (၁.၉.၂၀၁၆)ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့
မြန်မာအရှေ့တိုင်းဘဏ်လီမိတက်

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ကြည်(ခ)ဒေါ်နု အသက်(၉၀)

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နေ (ဦးထွန်း-ဒေါ်အုန်းမြ)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးဖိုးထွန်း-ဒေါ်ဖွား)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ ကုန်းဘောင်လမ်း၊ တိုက် ၃၂၊ အခန်း ၃၀၆နေ (ဦးသန့်)၏ဇနီး၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်းနေ ဦးဝင်းရွှေ-ဒေါ်ခင်ခင်စိန်၊ ကဝမြို့နေ (ဦးနက်-ဒေါ်ကြည်)တို့၏ညီမ၊ ကျောက်မြောင်းနေ ဦးလှဝေ-ဒေါ်တင်တင်မြင့်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဘဝမြင့်နေ ဦးတင်လှ-ဒေါ်ခင်ကြည်၊ သာကေတမြို့နယ်နေ ရဲမှူးကြီးဦးညွှန့်မောင်(ငြိမ်း)-ဇနီးတို့၏အစ်မ၊ ဒေါ်သန်းသန်းဦး၊ ဦးအောင်ကြီး-ဒေါ်သိန်းသိန်း၊ ဦးသန်းမင်း-ဒေါ်အေးမော်၊ ဦးသန်းလင်း-ဒေါ်ဆယ်မိ၊ ဦးသန်းဖေ-ဒေါ်ခင်စိုးဦး၊ ဦးကိုကိုနိုင်-ဒေါ်မိုး၊ ဦးမင်းမော်စိုး(ခ)ဦးညီသဃ္ဃ၊ ဦးအောင်ညွှန့်-ဒေါ်ဥမ္မာ၊ ဦးစန်းနေယု-ဒေါ်အေးမာတို့၏မိခင်၊ မြေး ၃၉ယောက်၊မြစ် ၁၇ယောက်တို့၏ဘွားဘွားကြီးသည် ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၆ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စိန်ဖူးတော် ဒါယိကာမကြီး

## ဒေါ်ယဉ်ယဉ်မော်(ခ)အန်တီဒေါ်လီ

**ရန်ကင်းမြို့နယ်၊ တရားရေးဥက္ကဋ္ဌ(ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ(ဦးဘမော်-ဒေါ်စိမ်းယဉ်)တို့၏သမီးထွေး၊ မိုးကုတ်မြို့၊ မြို့မရပ်နေ (ဦးဘိုးရင်-ဒေါ်စိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်၊ ကွန်ဒို(အေ)၊ အခန်း ၆၀၅နေ (ဦးသုတ) မိုး/ဇလဌာနညွှန်ချုပ်(ငြိမ်း)၏ဇနီး၊ (ဦးဇော်မင်း)-ဒေါ်နီလာသုတ၊ ဦးတင်ထွတ်- ဒေါ်နွယ်နီအုန်း၊ ဦးသန်းထွတ်၊ဦးသိန်းလွင်-ဒေါ်ကေသီသုတ၊ Mr. Brock Montgomery-ဒေါ်အေးသီတာသုတတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မောင်တေဇာအောင်၊ မအေးအိလွင်လွင်၊ မောင်ကျော်မျိုးထွန်း၊ ဒေါက်တာလင်းလင်းဇော်မင်း၊ မောင်ညဏ်ဇော်အောင်၊ David သုတတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

**BENEDETTE**

## ဒေါ်ခင်လေးဆင့်

**အသက်(၆၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံမငေးမြို့နေ (ဦးခင်မင်း-ဒေါ်ရွှေခင်)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ(ဦးရောင်ငါး-ဒေါ်စိန်ကြည်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၆၅ ခုနစ်လွှာနေ ဦးအောင်နိုင်(စက်ရုံမှူး၊ ငြိမ်း၊ မြန်မာ့ဂုန်လျှော်)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်ကျော်ဦး(တရားလွှတ်တော်ရှေ့နေ)၊ မစုခိုင်(B.A, Eco)၊ မောင်နေအောင်ဇော်တို့၏မိခင်သည် ၂-၉-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၁း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်သိန်း(ခ)ချောင်အင်ဟို

**အုပ်ချုပ်မှုဒါရိုက်တာ[အိုရီရင်တယ်(လ်)လီစင် ကုမ္ပဏီလီမိတက်]**

**ဒါရိုက်တာ(မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၁လမ်းနေ ဒေါ်ကြည်ကြည်သန်း(အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်)၏ချစ်လှစွာသောခင်ပွန်း ဦးမြင့်သိန်း(ခ)ချောင်အင်ဟိုသည် ၁-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**International Finance Corporation(IFC)**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်သိန်း

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် ၂၆နေ (ဦးထွန်းလှ)-ဒေါ်လှမြင့်တို့၏သမီး၊ ဦးမြင့်သိန်း(အင်ဂျင်နီယာ၊ ငြိမ်း၊ မြန်မာ့ရေလုပ်ငန်း)၏ဇနီး၊ဒေါ်မြင့်သီဂီနွယ်(High Tech Concrete Technology Co.,Ltd.)၊ ဦးဥက္ကါကျော်(2nd mate FG)-ဒေါ်နီနီလွင်တို့၏မိခင်၊ မောင်ကျော်သစ်ထူးဟန်၏အဘွားသည် ၂-၉-၂၀၁၆ရက်(သောကြာနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်သိန်း အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် ၂၆နေ (ဦးထွန်းလှ)-ဒေါ်လှမြင့်တို့၏သမီး၊ ဦးမြင့်သိန်း(အင်ဂျင်နီယာ၊ ငြိမ်း၊ မြန်မာ့ရေလုပ်ငန်း)၏ဇနီး၊ (ဦးခင်မောင်လတ်)၊ (ဦးသိန်းလှိုင်-ဒေါ်အေးအေးမြင့်)တို့၏ညီမ၊ ဦးခင်မောင်ကြည်(N.L.M)၊ ဦးအောင်ကျော်ထွန်း(ဆလက)-ဒေါ်ခင်လှဝေ(မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၊ ဒေါ်အေးအေးသိန်း(အထပြ၊ အထက-၄၊ တာမွေ)၊ ဦးရဲအောင်ထွန်း-ဒေါ်ဝင်းဝင်းမော်တို့၏အစ်မ၊ ဦးနိုင်ဝင်း-ဒေါ်အေးပုလဲလှိုင်(ILO)၊ ဒေါက်တာစုမြတ်နန္ဒာလှိုင် (Dr. Reddy's Lab Ltd)၊ မသင်းနန္ဒာအောင်(SOILBUILD Construction Group Ltd)၊ မောင်ဟိန်းနိုင်စိုး(ဒုတိယနှစ်၊ မြန်မာစာ)၊ မခင်ရတနာထွန်းတို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွားသည် ၂-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကုဏ္ဍိမဇ

**သက်တော်(၅၆)နှစ်၊ သိက္ခာတော်(၃၅)ဝါ**

ဘဒ္ဒန္တထေရဝံသ(စင်ကာပူနိုင်ငံ၊ ဝရဓာတုရတနာရာမ ဓာတ်တော်တိုက်ကျောင်း တောင်ကြီးဆရာတော် မဟာပုဗ္ဗာရုံကုံဦးပရိယတ္တိစာသင်တိုက် ဒုတိယနာယကဆရာတော်)၏နောင်တော်၊ ရန်ကုန်မြို့နေ (ခမည်းတော် ဦးဘစိန်-မယ်တော် ဒေါ်မိမိတင်)တို့၏သားတော်၊ တောင်ကြီးမြို့နေ ဦးဝင်းနိုင်-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးဇော်ဝင်း-ဒေါ်မြင့်မြင့်စိန်(ခ)ထွေးထွေးတို့၏မောင်တော်၊ ဗိုလ်မှူးရွှေမင်းထိုက်-ဒေါ်နွယ်နီဝင်း(လ/ထညွှန်မှူး၊ စီးပွား/ကူးသန်း)၊ ဦးမျိုးမင်းလတ်(ခ)ပီတာ-နန်းဆွမ်းဖွမ်း၊ ဦးစံလင်း-ဒေါ်သန္တာဝင်း၊ မောင်မျိုးမင်းမြတ်(ခ)ဘိုဘို၊ ဦးကျော်ဝင်းနိုင်ထွန်း - ဒေါ်ယုသက်သက်စံ(ခ)ဂျူးဂျူး၊ ဦးအောင်မျိုးမင်း(ခ)အောင်အောင်၊ ဒေါ်နှင်းထက်ထက်ခိုင်တို့၏ဦးရီးတော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ မဟာပုဗ္ဗာရုံကုံဦး ပရိယတ္တိစာသင်တိုက်၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍိမဇသည်(၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) ၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၁း၀၅နာရီတွင် ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၁၀ရက်) ၁၁-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်ကျင်းပသွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးတပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဆွေမျိုး၊ တပည့်၊ ဒါယကာ၊ ဒါယိကာမ

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးရှရဲဇော်ဘောက်

**အသက်(၇၄)နှစ်**

မန္တလေးမြို့၊ နယူးစီဗွီလိုင်း၊ ၆၈-၆၉လမ်းကြား၊ ၃၂-၃၃လမ်းကြား၊ အမှတ် ၁၈/ဘီနေ ဒေါ်အဂူးနင်ရမ်၏ခင်ပွန်း၊ မရှရဲဆိုင်းမိုင်၊ မရှရဲဆိုင်းဘူ၊ မရှရဲဆိုင်းနန်အောင်၊ မောင်ရှရဲဇော်ဆိုင်းလတ်၊ မောင်ရှရဲဇော်ဆန်ဒူတို့၏ဖခင်သည် ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ခရစ်တော်၏ရင်ခွင်၌ အိပ်စက်အနားယူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတီခွန်မြတ်နှင့်မိသားစု**
**ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးရှရဲဇော်ဘောက်

**အသက်(၇၄)နှစ်**

မန္တလေးမြို့၊ နယူးစီဗွီလိုင်း၊ ၆၈-၆၉လမ်းကြား၊ ၃၂-၃၃လမ်းကြား၊ အမှတ် ၁၈/ဘီနေ ဒေါ်အဂူးနင်ရမ်၏ခင်ပွန်း၊ မရှရဲဆိုင်းမိုင်၊ မရှရဲဆိုင်းဘူ၊ မရှရဲဆိုင်းနန်အောင်၊ မောင်ရှရဲဇော်ဆိုင်းလတ်၊ မောင်ရှရဲဇော်ဆန်ဒူတို့၏ဖခင်သည် ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ခရစ်တော်၏ရင်ခွင်၌ အိပ်စက်အနားယူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အဂူးနင်ရမ်(ခေတ္တ-စင်ကာပူ)နှင့် မောင်နှမများ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းထွန်း

**အသက်(၅၄)နှစ်**

ဒေါက်တာဒေါ်ခင်စန်းနွယ် (တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ မြစ်ကြီးနားတက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်း ဦးဝင်းထွန်းသည် ၁-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဌာနမှူးနှင့်ဆရာဆရာမများ**
**သတ္တဗေဒဌာနမိသားစု၊ မြစ်ကြီးနားတက္ကသိုလ်**

---

## ဗိုလ်မှူးအောင်အောင်

**(တေဇ ၂၇)၊ ကြည်း-၃၂၈၇၅**

**ဌာနမှူး၊ အကြပ်သင်ဌာန၊ အမှတ်(၁၀)**

**တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၊ ကလေးမြို့**

**အသက်(၃၈)နှစ်**

ရန်ကုန်မြို့နေ ဦးသိန်းထွန်း-ဒေါ်ခင်ကြည်ကြည်တို့၏သား၊ မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဖျောက်ဆိတ်ကုန်းရပ်ကွက်နေ ဦးစိန်အောင်(ခ)ဦးဆိတ်ပေါက်-ဒေါ်ကြည်ကြည်ဝင်း(စိန်-သံရည်ကျို)တို့၏သားသမက်၊ မေသရဖီအောင်(ခ)ရာပြည့်မယ်၏ဖခင်၊ ဒေါ်သီတာဦး၏ချစ်လှစွာသောခင်ပွန်းသည် ၁-၉-၂၀၁၆ နံနက် ၅း၃၀နာရီတွင် ပြင်ဦးလွင်တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ပြင်ဦးလွင် စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဖျောက်ဆိတ်ကုန်းရပ်ကွက် နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## နော်တုမ

**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုကျေးရွာအုပ်စု၊ ကွမ်းစဉ်တိုင်ရွာနေ (ဦးထွန်းစိန်-ဒေါ်သန်းရင်)တို့၏သမီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၂)ရပ်ကွက်၊ စိမ်းမြသာယာလမ်း၊ အမှတ် ၁၈နေ(ဦးအောင်ဘို)၏ချစ်လှစွာသောဇနီး၊ နော်အေးအေးအောင်(အမက-၁၅၊ ဒဂုံမြောက်)-ဦးစထွန်းငွေ(Uniteam Marine Co.,Ltd.)၊ နော်ညိမ်းညိမ်းအေး(106-Callcenter, မရမ်းကုန်း)တို့၏ ချစ်လှစွာသောမိခင်သည် ၁-၉-၂၀၁၆ရက်(ကြာသပတေးနေ့) ည ၉း၄၅နာရီတွင် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၉-၂၀၁၆ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ဦးရွှေနုလမ်းရှိ သမိုင်းကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(ဒဂုံမြောက်ပိုင်း နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးရှရဲဇော်ဘောက်

**အသက်(၇၄)နှစ်**

မန္တလေးမြို့၊ နယူးစီဗွီလိုင်း၊ ၆၈×၆၉ လမ်းကြား၊ ၃၂×၃၃လမ်းကြား၊ အမှတ် (၁၈/ဘီ)နေ (ဦးရှရဲဇော်ကျန်-ဒေါ်ရှဒန်ဂျာရော်)တို့၏သား၊ ဒေါ်အဂူးနင်ရမ်၏ ချစ်လှစွာသောခင်ပွန်း၊ မရှရဲဆိုင်းမိုင်-ဦးနန်ဟီးဖုန်ဆားရ်၊ မရှရဲဆိုင်းဘူ-ဦးလခရီဇော်ဂျာ၊ မရှရဲဆိုင်းနန်အောင်၊ မောင်ရှရဲဇော်ဆိုင်းလတ်၊ မောင်ရှရဲဇော်ဆန်ဒူတို့၏ဖခင်၊ ဒေါ်ရှရဲဂျာခမ်ရော်-ဦးလထော်နော်အောင်၊ မရှရဲနန်ဆန်၊ ဦးရှရဲဇော်မိုင် - ဒေါ်ဝယ်ဆောင်မေရီ၊ ဒေါ်ရှရဲဂျာဒွဲ-ဦးဝင်းမင်းထွန်း၊ မောင်ရှရဲမုန်ဖန်းအောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁-၉-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၉-၂၀၁၆ ရက် (စနေနေ့)တွင် (အေးရိပ်ငြိမ်)ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု





# တပ်မတော် (ကြည်း၊ ရေ၊ လေ) အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂**

ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။ **(အပေါ်ပုံ)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဘရူနိုင်းကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❂

# ဖားကန့်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်များအတွင်း ရေလွှမ်း

**စိုးနိုင်ဦး (ဖားကန့်)**

**ဖားကန့် စက်တင်ဘာ ၂**

ကချင်ပြည်နယ် ဖားကန့်မြို့ပေါ်ရှိ ငှက်ပျောတောရပ်ကွက်၊ မြို့မရပ်ကွက်၊ မရီကထောင်ရပ်ကွက်နှင့် အေးမြသာယာရပ်ကွက်တို့တွင် စက်တင်ဘာ ၁ ရက် နံနက် ၅ နာရီက ရေကြီးမှုကြောင့် သုံးဘီးဆိုင်ကယ်များနှင့် လှေများကို အသုံးပြု၍ သွားလာခဲ့ရသည်။

ဖားကန့်မြို့ ရေကြီးမှုသည် စက်တင်ဘာ ၁ ရက် နံနက် ၅ နာရီမှစတင်၍ မိုးအဆက်မပြတ် ရွာသွန်းခဲ့သည့်အတွက် ရေကြီးရေလျှံမှုဖြစ်ပွားကာ ရပ်ကွက်၊ လူနေအိမ်များ ရေနစ်မြုပ်ခဲ့သည်။

ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက် အောင်သုခကဖေးဆိုင်၊ ဖူဂျီဓာတ်ပုံဆိုင်၊ ရှန်းရှန်းစားသောက်ဆိုင်ရှေ့မှ ကမ်းနားလမ်းကြိုးတံတားထိပ် အိုအေစစ်ကဖီးဆိုင်ရှေ့အထိ၊ အလယ်လမ်း ရွှေကြောင်ရောင်းဝယ်ရေး၊ အေဝမ်းရောင်းဝယ်ရေး၊ စန္ဒာအထည်ဆိုင်ရှေ့အထိ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ဖားကန့်မြို့ရှိ မြို့မရပ်ကွက်၌ ကျောက်ဝိုင်းလမ်းဆုံ မိသားစုကဖီးဆိုင်ရှေ့နှင့် အောင်ကဖီး၊ ဆိုနီအအေးဆိုင်၊ နယူးဝေး မိုဘိုင်းဖုန်းဆိုင်ရှေ့နေရာများတွင် ရေလွှမ်းလျက်ရှိရာ ဖားကန့်မြို့နေရာအနှံ့အပြားတွင် လှေဖြင့် သွားလာကြရသည်။

*စာမျက်နှာ ၆ ကော်လံ ၅* ❖




**အင်အားပြင်းတိုင်ဖွန်း မုန်တိုင်း တိုက်ခတ်ပြီးနောက် ဂျပန်အရှေ့မြောက်ပိုင်းတွင် လူတစ်ထောင်ကျော် သောင်တင်လျက်ရှိ**

စာမျက်နှာ - ၁၀

**ရေနံချောင်း မူလတန်းကြိုကျောင်း မီးလောင်မှုဖြစ်ပွား**

စာမျက်နှာ - ၁၃

**ကျောက်တံခါးမြို့နယ် အိုင်တုံချောင်းအတွင်း ဆင်တစ်ကောင် ရေစီးနှင့် မျောပါသေဆုံး**

စာမျက်နှာ - ၁၄



